# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၆)


# မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့် ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းဝန်ကြီးချုပ်တို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ အပြန်အလှန်ပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့် အခါသမယအား ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)တို့သည် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန် ပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ၌ ဟောပြောဆွေးနွေးချက် မြန်မာ့ရုပ်မြင်သံကြားမှ မြန်မာဘာသာပြန်ဖြင့် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စင်ကာပူနိုင်ငံ၌ ဟောပြောဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးချက်အား မြန်မာဘာသာပြန်စာတန်းထိုးထုတ်လွှင့်မှု ပထမပိုင်းကို ဩဂုတ် ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယပိုင်းကို ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ ဆွေးနွေးချက်အပြည့်အစုံကို ဩဂုတ် ၂၅ ရက်တွင်လည်းကောင်း ည ၈ နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


### လူသားဆန်သော လူသားတစ်ဦး ကြွေလွင့်ခြင်း

ဆောင်းပါး | စာမျက်နှာ-၆

### မြောက်ကိုရီးယား တည်ထောင်ခြင်း အနှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ဖွယ်ရှိ

နိုင်ငံတကာသတင်း | စာမျက်နှာ-၁၄


## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

# ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခြင်း၊ အဆို ၁ ခုတင်သွင်းခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာ ၁ ခု ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီး၏ မင်းတုန်းမြို့နယ်အတွင်း ကျရောက်နေသော လမ်းအပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းကို တစ်ပြိုင်နက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက


*စာမျက်နှာ ၅ ကော်လံ ၁* ❇



KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ ရှုမြင်သုံးသပ်ချက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ စင်ကာပူနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံရှိ Grand Hyatt Hotel ၌ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး (စိန်ခေါ်ချက်များနှင့် ရှေ့သို့ချီတက်ခြင်း) ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသော အသွင်ကူးပြောင်းမှုဖြစ်စဉ်သုံးရပ်ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အဆိုပါဖြစ်စဉ်သုံးရပ်မှာ ကိုလိုနီအုပ်ချုပ်ခံဘဝမှ လွတ်လပ်သောနိုင်ငံဘဝသို့ ကူးပြောင်းခဲ့သည့် အသွင်ကူးပြောင်းမှုဖြစ်စဉ်၊ ပါလီမန်ဒီမိုကရေစီစနစ်မှ စစ်အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းခဲ့သည့် အသွင်ကူးပြောင်းမှုဖြစ်စဉ်နှင့် စစ်အုပ်ချုပ်ရေးစနစ်ကုန်ဆုံးခဲ့သည့် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့တိုင်အကောင် အထည်ဖော်နေရဆဲဖြစ်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တို့ ဖြစ်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်သဘော၌ ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများရှိနေသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ တိုးတက်မှုအရှိန်အဟုန်အား တိုင်းတာရာ၌ ရည်မှန်းချက်များကို ပြည်သူများနှင့်အတူ မည်မျှလက်တွေ့အကောင်အထည်ဖော်နိုင်သည် ဆိုသည့်အချက်နှင့်သာ တိုင်းတာရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ လမ်းပြမြေပုံကိုလည်း တင်ပြဆွေးနွေးခဲ့ပါသည်။ အဆိုပါလမ်းပြမြေပုံ၌ မဏ္ဍိုင်ကြီးသုံးရပ်နှင့် ရည်မှန်းချက်ငါးရပ်တို့ရှိနေသည်ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြခဲ့ပါသည်။ ပထမမဏ္ဍိုင်ကြီးသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမဏ္ဍိုင်၊ ဒုတိယမဏ္ဍိုင်ကြီးသည် သာယာဝပြောရေးနှင့် မိတ်ဖက်ဆက်ဆံရေးမဏ္ဍိုင်၊ တတိယမဏ္ဍိုင်ကြီးသည် ပြည်သူနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမဏ္ဍိုင်တို့ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမဏ္ဍိုင်အောက်၌ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ် ထူထောင်ရေးရည်မှန်းချက်ပါဝင်သကဲ့သို့ စီးပွားရေးတည်ငြိမ်မှုနှင့် မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေး ရည်မှန်းချက်တို့ပါဝင်ပါသည်။ ဒုတိယမဏ္ဍိုင်အောက်၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍမှဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးရည်မှန်းချက်ပါဝင်ပါသည်။ တတိယမဏ္ဍိုင်အောက်၌ ၂၁ ရာစု လူမှုအဖွဲ့အစည်းဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပါဝင်သကဲ့သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား နိုင်ငံသာယာဝပြောရေးအသုံးချရာ၌ နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက်ပါ အသုံးချနိုင်ရေးရည်မှန်းချက်တို့ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းပြမြေပုံတစ်ရပ်လုံး၌ ရည်မှန်းချက်ငါးရပ် ပါဝင်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စည်းလုံးညီညွတ်ပြီး ခိုင်မာသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအား ဦးတည်လျက် ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရာ၌ စိန်ခေါ်မှုများအပေါ် အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့တည်ဆောက်လျက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်နေသည်တို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေါက်တာကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက် ၈၈ ချက်အနက် ၈၁ ချက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကို တင်ပြသကဲ့သို့ ရခိုင်ပြည်နယ်၏ ရေရှည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး တည်ဆောက်နိုင်ရေးအတွက် UNDP၊ UNHCR တို့နှင့် MoU လက်မှတ်ရေးထိုးခဲ့ခြင်းအပါအဝင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့နှင့်ပတ်သက်၍ ဆောင်ရွက်နေသည်များကို ရှင်းလင်းပြောဆိုခဲ့ပါသည်။ တစ်ဆက်တည်း၌ အာဆီယံအတွင်း ထင်ရှားသည့် သံအမတ်ကြီးRosario Manalo ဦးဆောင်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းထူထောင်ခဲ့ခြင်းအပါအဝင် နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် လုံခြုံဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးနှင့်အတူ အကြမ်းဖက်လှုပ်ရှားမှုအန္တရာယ်များ တည်ရှိနေဆဲဖြစ်သည်တို့ကို ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သန်းပေါင်းများစွာသော ပြည်သူတို့၏ဆန္ဒရည်မှန်းချက်များအား တစ်ခုတည်းသော ရည်မှန်းချက်အဖြစ် ပေါင်းစည်းလျက် မြန်မာနိုင်ငံ၏မတူကွဲပြားမှုများ တောက်ပလင်းလက်လာစေရေးအတွက် စိန်ခေါ်မှုများကို ကျော်လွှားမည်ဟု သန္နိဋ္ဌာန်ချ ပြောဆိုခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ သန္နိဋ္ဌာန်ကို ဖော်ပြလိုက်ခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက်သို့ ရောက်ရှိပြီး သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ဘာလာရီးခါ ရပ်ကွက်ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက်သို့ ရောက်ရှိသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရုရှားနိုင်ငံ၌ သာသနာပြုခရီး ရောက်ရှိနေသည့် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက မော်စကိုမြို့ရှိ မြန်မာ့ထေရဝါဒဗုဒ္ဓ ဝိဟာရကျောင်းတိုက် ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် ဆောင်ရွက်သင့်သည်များကို မိန့်ကြားရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းတိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လိုအပ်သည်များအား ဖြည့်ဆည်းလှူဒါန်း ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရ ကျောင်းတိုက်အတွင်း ဓမ္မာရုံတည်ဆောက်မည့်အခြေအနေများနှင့် ကျောင်းတိုက် တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံ ပြတိုက်ပန်းခြံအတွင်း ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့်အခြေအနေများ၊ အသရာဒါ ဘာသာရေးပန်းခြံအတွင်း ပုဂံခေတ်ဟန် ဓမ္မစကြာမုဒြာဗုဒ္ဓရုပ်ပွားတော် တည်ထားကိုးကွယ်မည့် အခြေအနေများနှင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သီတဂူဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက သံဃာတော်များအား ဝါဆိုသင်္ကန်းများကို လည်းကောင်း လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က ဓမ္မာရုံတည်ဆောက်ရန်အတွက် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ဓမ္မာရုံတည်ဆောက်ရန်နေရာနှင့် ကျောင်းတိုက် တိုးချဲ့တည်ဆောက်ရန် နေရာများကို လိုက်လံကြည့်ရှုခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဖေ့စ်ဘုတ်မှ သတင်းရရှိသည်။ **သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဖေ့စ်ဘုတ်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာန နှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(မင်းဘူးမြို့)
၂၀၁၈ ခုနှစ်ဩဂုတ်လ(၂၅/၂၆)ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင်
နံနက်(၉) နာရီမှ ညနေ (၅) နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ . ထ . က (၁)၊ မင်းဘူးမြို့

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouster Jurgens အား ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီစနစ် ကူးပြောင်းမှုတွင် အခြေခံကျသည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအကောင်အထည်ဖော်ရေး၊ ရင်းနှီးမြှုပ်နှံမှုများအား အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ကောင်းမွန်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေး၊ သတင်းမီဒီယာများ၏ အခန်းကဏ္ဍတိုးတက်လာရေး၊ နှစ်နိုင်ငံ ဥပဒေပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေး၊ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများစသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နယ်သာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်သာလန် - မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်သူ့ပါတီ (The People's Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၁၅/ ၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**ပြည်သူ့ပါတီ (The People's Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ပထမထပ်(ခ)၊ အမှတ် (၂၇၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ပါတီ (The People's Party)** အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ပြည်သူ့ပါတီ (The People's Party) ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၀) ဖြစ်ပါသည်။

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ် (၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် အဆိုနှင့်မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# "ဝ" အထူးဒေသ (၂) မှ ကမကထပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းသည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် "ဝ"အထူးဒေသ(၂)မှ ကမကထပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။




ရှေးဦးစွာ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "အခုလို တကယ်လိုအပ်တဲ့အချိန်မှာ တကယ်လိုအပ်တဲ့သူဆီကို လိုအပ်တဲ့ပစ္စည်းရောက်အောင် လှူဒါန်းတာဟာ မွန်မြတ်လှတဲ့ အလှူဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေဟာ မြန်မာနိုင်ငံမှာတင်မကဘဲ ကမ္ဘာတစ်ဝန်းမှာပါ ခံစားနေရပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားတဲ့ အခြေအနေမှာ ညီနောင်တိုင်းရင်းသားတွေရဲ့ ဒုက္ခကို ညီနောင်တိုင်းရင်းသားတွေက အခုလို အချင်းချင်း ကူညီတာဟာ မိသားစုထဲကနေ မိသားစုကို ကူညီတဲ့သဘောပဲ ဖြစ်ပါတယ်။ မိသားစုထဲမှာတောင် အကြိုက်တွေက မတူညီကြပါဘူး။ ဒါပေမယ့် တူညီတာတစ်ခုကတော့ ငြိမ်းချမ်းရေးဆိုတဲ့ပန်းတိုင်ပဲ ဖြစ်ပါတယ်။ ချစ်ခင်ယုံကြည်မှု၊ နားလည်မှုတွေ တည်ဆောက်နေတဲ့ကာလမှာ အခုလို မိသားစုအချင်းချင်း ကူညီမှုဟာ ငြိမ်းချမ်းရေးအတွက် အထောက်အကူများစွာ ဖြစ်စေတယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် "ဝ"အထူးဒေသ(၂)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးညီရန်းက အလှူငွေပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၄၃၆၆၀၀၀၀ ကို ပေးအပ်ရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းမှုအပေါ် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ဝင် ဦးမိုးဇော်ဦးက "ရေဘေးဒဏ် တကယ်ခံစားနေရတဲ့ ကရင်၊ မွန်၊ တနင်္သာရီ၊ ပဲခူး စသဖြင့် အထိခိုက်ဆုံးဒေသတွေကို လေ့လာစုံစမ်းပြီး လှူဒါန်းသွားဖို့ စီစဉ်ထားပါတယ်။ ရေဘေးနဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေးကော်မရှင်ကို လာရောက်လှူဒါန်းတဲ့ အဖွဲ့အစည်းအနေနဲ့ ကျွန်တော်သိသလောက်ကတော့ ဒီအဖွဲ့အစည်းက ပထမဆုံးလှူဒါန်းတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်ကို လာရောက်လှူဒါန်းရတဲ့ ရည်ရွယ်ချက်ကတော့ ညီနောင်တိုင်းရင်းသားအဖွဲ့အစည်းတွေလည်း ဖြစ်တယ်။ ငြိမ်းချမ်းရေးကော်မရှင်ဆိုတာကလည်း ဒီအဖွဲ့အစည်းတွေနဲ့ အမြဲတမ်းထိတွေ့ဆက်ဆံနေတာ ဖြစ်တဲ့အတွက်ကြောင့် သူတို့အနေနဲ့ အခုလို ငြိမ်းချမ်းရေးကော်မရှင်က တစ်ဆင့် လှူဒါန်းခြင်း ဖြစ်ပါတယ်"ဟု မီဒီယာများကို ပြောကြားသည်။

ဆက်လက်၍ ၎င်းက "အခုရေဘေးဒုက္ခခံစားနေရတဲ့ ဒေသတွေကို ပြန်ကြည့်ရင် မွန်၊ ကရင်၊ တနင်္သာရီဒေသတွေဆိုရင် တိုင်းရင်းသားတွေ အများကြီးနေထိုင်တဲ့ ဒေသတွေဖြစ်ပါတယ်။ အခုလာရောက်လှူဒါန်းတဲ့ အဖွဲ့အစည်းတွေကလည်း တိုင်းရင်းသားအဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေက အခြားဒုက္ခရောက်နေတဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေကို လှူဒါန်းတာ ဖြစ်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးအရ ပြောမယ်ဆိုရင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု၊ ချစ်ခင်မှုကိုဖြစ်ပွားစေတဲ့ အတွက်ကြောင့် ငြိမ်းချမ်းရေးအတွက်လည်း အများကြီးအထောက်အကူပြုမယ်လို့ ယူဆရပါတယ်"ဟု ပြောသည်။

ယနေ့အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ ဦးနိုင်ငံလင်း၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးလှမောင်ရွှေနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ လာရောက်လှူဒါန်းကြသူများဖြစ်ကြသည့် "ဝ" အထူးဒေသ(၂) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ကိုယ်စားလှယ်ခေါင်းဆောင် ဦးညီရန်း၊ ဦးစံရွှေနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

နေပြည်တော်  ဩဂုတ်  ၂၄

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။**

*(ယမန်နေ့မှအဆက်)*

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားသော အကျပ်အတည်းများကို ဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များသည် လက်ရှိအခြေအနေတွင် အမှန်တကယ်ကြီးမားနေပါကြောင်း၊ လုံခြုံရေးကို စိန်ခေါ်နေသည့် ထိုအကြမ်းဖက်လုပ်ရပ်များကို ကိုင်တွယ်ဖြေရှင်းမှုမရှိပါက လူမျိုးစုနှစ်ရပ်အကြား အကြမ်းဖက်မှုအန္တရာယ်မှာ ဆက်လက်တည်ရှိနေမှာဖြစ်ပါကြောင်း။

အဆိုပါ ပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ဒေသတွင်းရှိ နိုင်ငံများနှင့် အခြားနိုင်ငံများအတွက်ပါ ကြီးမားသည့် အကျိုးဆက်ကို ဖြစ်ပေါ်စေနိုင်သည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို တစ်စုံတစ်ရာအကြောင်းပြချက်ဖြင့် လျစ်လျူမရှုသင့်၊ ခွင့်မလွှတ်သင့်ကြောင်း။

**မြန်မာနိုင်ငံအား အကူအညီပေးနိုင်**

ရခိုင်ပြည်နယ်အတွင်း စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီပေးပါသော ရပ်နီးရပ်ဝေးရှိ မိမိတို့၏ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မကြာခင်ကမှစတင်ခဲ့သော မိမိတို့အသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် ကူညီရာရောက်ပါကြောင်း၊ ယခုလို အရေးကြီးသည့် အခါသမယတွင် လူမျိုးစုနှစ်စုအကြား သဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများကို ရှင်သန်ခိုင်မာလာရေးဟူသော ဒေါက်တာအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာ၌ အာဆီယံနိုင်ငံများနှင့် အခြားသော မိတ်ဆွေနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း။

အသွင်ကူးပြောင်းရေးကာလများကို မြန်မာနိုင်ငံအတွင်းမှဖြတ်သန်းလာခဲ့သော မိမိတို့နှင့် ပြင်ပမှစောင့်ကြည့်လေ့လာနေသောသူများ၊ အသွင်ကူးပြောင်းရေး၏ အကျိုးရလဒ်နှင့် ပတ်သက်မှုမရှိသောသူများ၏ အသွင်ကူးပြောင်းရေးအပေါ်အမြင်မှာ ကွဲပြားခြားနားမှုရှိပါကြောင်း။

**အားလုံးအပေါ် လွှမ်းခြုံမှုရှိရန်လို**

ဤအရေးကိစ္စသည် မိမိတို့နိုင်ငံ၏ ကျယ်ပြောပြီး အားလုံးလွှမ်းခြုံသည့် အနာဂတ်မြေပုံဖြစ်သကဲ့သို့ မိမိတို့၏ နေ့စဉ်ဘဝ၏ သေးငယ်သော အချက်အလက်အစိတ်အပိုင်းများဖြစ်ပါကြောင်း၊ မိမိတို့ချဉ်းကပ်မှု နည်းလမ်းသည် အားလုံးအပေါ်လွှမ်းခြုံမှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့အတွက်ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများရှိပါကြောင်း၊ သို့သော် ဦးစားပေးအဆင့်နိမ့်သည့်ကိစ္စရပ်များကိုလည်း မိမိတို့လျစ်လျူရှုမထားနိုင်ပါကြောင်း၊ ပြင်ပကမ္ဘာအနေဖြင့် ၎င်းတို့ အာရုံစိုက်လိုသည့် အရေးကိစ္စများကို ရွေးချယ်နိုင်ကြပါကြောင်း၊ ရခိုင်ကိစ္စပြီးလျှင် ယနေ့စိတ်ဝင်စားစရာ အကောင်းဆုံးကိစ္စမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

မိမိတို့သည် ရင်းနှီးမြှုပ်နှံမှုအပေါ် လွန်စွာအလေးထားသော်လည်း ယင်းကိစ္စသည် မိမိတို့၏ ကျယ်ပြန့်သောလိုအပ်ချက်များအနက် တစ်ခုသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ရန် အဆင်ပြေသော၊ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေလုံခြုံမှုရှိပြီး ၎င်းတို့၏ အကျိုးစီးပွားများမှာ မိမိတို့ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နှင့် သင့်မြတ်စွာ ပေါင်းစပ်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လိုပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် အကောင်းဆုံးသော စီးပွားရေးလုပ်ငန်း အလေ့အထများကို မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေများကို စနစ်တကျ ပြင်ဆင်ရေးဆွဲထားပါကြောင်း၊ လုပ်ငန်းကြန့်ကြာစေသည့် အဆင့်များကို ဖယ်ရှားရန်နှင့် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများကို အရှိန်မြှင့်ရန် လုပ်ထုံးလုပ်နည်းများကို ပြေပြစ်သွက်လက်အောင် လုပ်ဆောင်ထားပါကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌအသစ်လည်း ယနေ့မိမိနှင့်အတူပါလာပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ၎င်းက လိုလိုလားလားလုပ်ဆောင်ပေးနိုင်ကြောင်းကို လုပ်ငန်းရှင်များအား အာမခံချက်ပေးရန် အသင့်ရှိပါကြောင်း၊ သူ၏လုပ်ပိုင်ခွင့်အာဏာကို မိမိက




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။**

လုယူလိမ့်မည် မဟုတ်ကြောင်း၊ သို့သော်လည်း မိမိကို သူ့ကိုယ်စားပြောစေလိုသည့်အရာအချို့ သူ့တွင်ရှိပါကြောင်း။

**ကြီးမားသောအခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့**

တီထွင်ကြံဆမှု၊ လွတ်လပ်သော ကုန်သွယ်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ဒေသတွင်းချိတ်ဆက်မှုများနှင့် အတူ အာဆီယံစီးပွားရေးပေါင်းစည်းမှုက မိမိတို့အတွက် ကြီးမားသောအခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မကြာသေးမီက မြန်မာနိုင်ငံစီးပွားရေးမြင့်တက်လာမှုသည် အာဆီယံနှင့် အခြားသော အရှေ့အာရှနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း။

စီးပွားရေးအရ မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိသော စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံနိုင်ငံများ၏ သာယာဝပြောမှုနှင့် စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ ဒေသအကျိုး၊ နှစ်နိုင်ငံအကျိုးအတွက် မိမိတို့၏ ထူးခြားသည့် အားသာချက်များကို ပေါင်းစည်းနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ကုန်းတွင်းနယ်မြေတွင် အကြီးဆုံးဖြစ်ပြီး စိုက်ပျိုးနိုင်သောမြေနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်သော နိုင်ငံဖြစ်ပါကြောင်း၊ အတော်အသင့်ကြီးမားသော လူဦးရေနှင့် ငယ်ရွယ်သည့် လုပ်သားအင်အားစုရှိသော နိုင်ငံလည်း ဖြစ်ပါကြောင်း။

**ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုတွင် အထင်ကရနိုင်ငံဖြစ်လာ**

အခြားတစ်ဖက်တွင် စင်ကာပူနိုင်ငံသည်လည်း ကမ္ဘာ့အကျော်ကြားဆုံး ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး ဗဟိုချက်မများထဲက တစ်ခုဖြစ်သကဲ့သို့ ပို့ဆောင်ရေးတွင်လည်း အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ရေကြောင်းနှင့် လေကြောင်းချိတ်ဆက်မှုနှင့် ခေတ်မီဆက်သွယ်ရေးများ ပါဝင်သည့် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံများနှင့် ပြည့်နှက်နေပါကြောင်း၊ စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးမှုအလျင်မြန်ဆုံး ဒေသများထဲမှ တစ်ခုအတွင်း တည်ရှိရုံမျှမက ကျွမ်းကျင်သော လုပ်သားအင်အားစုနှင့် နည်းပညာများကို ပိုင်ဆိုင်ထားသည့်အတွက် ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုတွင် အထင်ကရနိုင်ငံဖြစ်လာစေခဲ့ကြောင်း။

ယမန်နှစ်က မြန်မာနိုင်ငံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ထိရောက်ရှိခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံမှုပမာဏ၏ တစ်ဝက်ကျော်မှာ စင်ကာပူနိုင်ငံမှဖြစ်ပါကြောင်း၊ စင်ကာပူနှင့်မြန်မာတို့သည် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် စာချုပ်အရ ကုန်သွယ်မှုကို မြှင့်တင်နေကြပြီဖြစ်ရာ အနာဂတ်အလားအလာမှာ ကောင်းမွန်လျက်ရှိပါကြောင်း။

မိမိတို့၏အသွင်ကူးပြောင်းရေးတွင် ပဓာနကျသည့် ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့၏ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊ လက်ရှိ အခြေအနေအရ မြန်မာနိုင်ငံ၏ အလွန်အရေးပါသော စီးပွားရေးအညွှန်းကိန်းများမှာ ကောင်းမွန်နေသည် သို့မဟုတ် တည်ငြိမ်နေသည်သို့မဟုတ် အလားအလာကောင်းနေသည်ဟူ၍ စီးပွားရေးပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့ပါကြောင်း၊ မိမိတို့အတွက် အလားအလာကောင်းဆိုသည်မှာ မိမိတို့ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာသည့် အခြေအနေကို ဖော်ဆောင်နိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

မိမိတို့ အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အလေးထားဖော်ဆောင်ခဲ့သည့် ပဓာနကျသော အခြေခံအဆောက်အအုံများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဖြစ်ပါကြောင်း၊ လမ်းနှင့်လျှပ်စစ်မီးသည် ရင်းနှီးမြှုပ်နှံသူများ၏ အခြေခံလိုအပ်ချက်ဖြစ်ရုံမက လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် မရှိမဖြစ်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းနှင့်စာသင်ကျောင်းများသို့ အလွယ်တကူ ရောက်ရှိနိုင်ပြီး လျှပ်စစ်မီးရရှိခြင်းဖြင့် မိမိတို့ ပြည်သူများ ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ခွင့်ရကြမှာဖြစ်ကြောင်း။

**ကျန်းမာရေး ဝန်ဆောင်မှုကိုပါ ပေးနေ**

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မိုင် ၃၀၀၀ နီးပါးရှိသော လမ်းများကို ဖောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းများပြုလုပ်နိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများကို ဦးစားပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍ၏အသုံးစရိတ်ကို ၁ ဒသမ ၂ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပြီး ပညာရေးကဏ္ဍအသုံးစရိတ်ကို ၂ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပါကြောင်း၊ အကဲခတ်သူများ သတိမထားမိသော မိမိတို့၏ လုပ်ဆောင်ချက်အချို့မှာ မိမိတို့ ပြည်သူများ၏ ဘဝကို များစွာပြောင်းလဲစေခဲ့ကြောင်း၊ ဥပမာအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်လိုက်သည့် သားဖွားဆရာမများ၏ အရေအတွက်မှာ ကိန်းဂဏန်းနှစ်လုံးမှ လေးလုံးအထိ တိုးတက်လာခဲ့ကြောင်း၊ မိမိတို့၏ ကျေးရွာများတွင် သားဖွားဆရာမများသည် ကလေးမွေးဖွားပေးခြင်းအပြင် အခြေခံကျန်းမာရေး ဝန်ဆောင်မှုကိုပါ ပေးနေကြကြောင်း၊ သားဖွားဆရာမများ ပို၍မွေးထုတ်ပေးခြင်း၊ ခေတ်မီနည်းပညာဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် ကျေးလက်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးကို သိသာစွာ မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့၏ ကျေးလက်ဒေသရှိ လူဦးရေမှာ တစ်နိုင်ငံလုံး၏ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း။

**တချို့ဒေသများ တိုးတက်မှုရှိအောင် လုပ်ဆောင်ရန်လို**

ပညာရေးကဏ္ဍတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ UNDP နှင့် အခြားသော နိုင်ငံတကာအေဂျင်စီများ ပူးပေါင်း၍ လုပ်ဆောင်ခဲ့သော Myanmar Living Conditions Survey 2017 ဆန်းစစ်လေ့လာချက်၏ မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ မျိုးဆက်များအားလုံးတွင် မြင့်မားလာခဲ့ကြောင်း၊ စာတတ်မြောက်မှုတွင် နိုင်ငံတော်အဆင့်၌ ကျား၊ မ ကွာဟချက်မရှိတော့ဘဲ ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းအပ်နှံမှုနှုန်းမှာလည်း တဖြည်းဖြည်းမြင့်တက်လာခဲ့ကြောင်း၊ ဖော်ပြပါလေ့လာဆန်းစစ်ချက်တွင် လူဦးရေနှင့် လူများပျံ့နှံ့နေထိုင်မှုသဘာဝ၊ စွမ်းအင်၊ လျှပ်စစ်မီး၊ အဖိုးတန်ပစ္စည်းများနှင့် အိမ်ရာပစ္စည်းများ၊ ရေနှင့်သန့်ရှင်းရေး၊ နည်းပညာ(မိုလ်ဘိုင်းဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်)၊ ပညာရေးနှင့် အလုပ်သမားတို့ပါဝင်ကြောင်း၊ အဆိုပါ အစီရင်ခံစာတွင် လျှပ်စစ်မီး၊ ပညာရေး၊ နည်းပညာအသုံးပြုမှုတို့တွင် လုံးလုံးလျားလျား ပြောင်းလဲမှုအချို့ရှိခဲ့ကြောင်း၊ သို့သော် ပြောင်းလဲမှုမရှိသည့် တချို့ဒေသများတွင် တိုးတက်မှုရှိအောင် လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဟု ဖော်ပြထားရှိကြောင်း။

*စာမျက်နှာ ၅ သို့*

**❐ ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအားဖြစ်**

**❐ မိမိတို့ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်**

*စာမျက်နှာ ၄ မှ*

**လူငယ်များ၏ အလားအလာကောင်း**

Myanmar Living Conditions Report အစီရင်ခံစာသည် တိုင်းတာနိုင်သော အရာများနှင့် ပတ်သက်နေပါကြောင်း လက်ရှိအခြေအနေ၏ အညွှန်းကိန်းများနှင့် အနာဂတ်အလားအလာများဖြစ်သည့် မတိုင်းတာနိုင်သော အရာများလည်း ရှိနေပါကြောင်း၊ မိမိပြောကြားချက်ကို အဆုံးသတ်ရမည့်အချိန်ရောက်ခါနီးတွင် အရေးကြီးဆုံး အညွှန်းကိန်းတစ်ခုဖြစ်သည့် မိမိတို့လူငယ်များ၏အလားအလာကောင်းကို ပြောပြမှာဖြစ်ကြောင်း။

**မြန်မာနိုင်ငံမှ အင်ဂျင်နီယာ ကျောင်းသားအဖွဲ့က ဆင်ဒမရရှိခဲ့**

မကြာသေးသော သီတင်းအပတ်က မူလတန်းအဆင့်မှ အထက်တန်းအဆင့်ရှိ ကျောင်းသားလူငယ်များနှင့် အလွတ်သဘော တွေ့ဆုံခွင့်ရခဲ့ပါကြောင်း၊ ထိုကျောင်းသားလူငယ်များသည် ကိုယ်ကာယပိုင်းအရ ထွားကျိုင်းသင့်သလောက် ထွားကျိုင်းမှုမရှိခြင်းမှာ အာဟာရချို့တဲ့မှုကြောင့် ဖြစ်ရကြောင်း၊ ထိုပြဿနာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဦးစားပေးလုပ်ငန်းအဖြစ် ကိုင်တွယ်ဖြေရှင်းနေပါကြောင်း၊ သို့သော်လည်း ၎င်းတို့မှာ ပျော်ရွှင်ဝမ်းမြောက်နေကြသည်ကို တွေ့ရကြောင်း၊ ထက်မြက်ကြ၊ ယဉ်ကျေးသိမ်မွေ့ကြသလို ၎င်းတို့မသိသည့်အရာများကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သိထားသည့်အရာများကို မရှက်မကြောက်ဘဲ စိတ်အားထက်သန်စွာ ထုတ်ဖော်ပြသခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံအတွက် ထိုကဲ့သို့သော ကလေးများ ခမ်းနားထည်ဝါသောဆုများကို ဘာလို့မရနိုင်ရမှာလဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လက ဝါရှင်တန်ဒီစီတွင် ကျင်းပသော The First Global Challenge Robotic Competition ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၅၇ နိုင်ငံက ပြိုင်ပွဲဝင် ၁၆၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အင်ဂျင်နီယာ ကျောင်းသားအဖွဲ့က ဆင်ဒမရရှိခဲ့ကြောင်း၊ မြန်မာကျောင်းသားများ ရရှိခဲ့သည့် ဆင်ဒမအဆင့်သည် အာဆီယံနိုင်ငံများအကြား ပထမအဆင့်ဖြစ်ပါကြောင်း၊ ဤသည်မှာ တီထွင်ကြံဆမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အောင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းရေး စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် အရင်းအမြစ်များအား မည်သို့ရှာဖွေရမည်ဟူသောအချက်မှာ မိမိတို့ စွမ်းရည်စွမ်းပကား၏ အညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း။

**အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်**

ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအားဖြစ်သကဲ့သို့ ယင်းအသွင်ကူးပြောင်းရေး၏ အကြီးမားဆုံး စိန်ခေါ်မှုလည်းဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည်များကို စုစည်းစေနိုင်သည့် သန်းချီသောလူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစ်စုတစ်စည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း၊ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သောကာလသစ်တစ်ခုကို စတင်ကြရမှာဖြစ်ကြောင်း၊ မိမိတို့ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းသည့်အခါ အာဆီယံ မိတ်ဆွေများက မိမိတို့နှင့်အတူတကွ ရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

**ဒေါက်တာသာစိန်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Sang-hwa နှင့် အဖွဲ့အား ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတားဆီးကာကွယ်တိုက်ဖျက်ရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ Corruption Risk Assessment (CRA) နှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးနှင့် သင်တန်းပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




❊ *ရှေ့ဖုံးမှ*

ပုသိမ်-မုံရွာလမ်း မင်းတုန်းမြို့နယ်အပိုင်းတွင် လမ်း၏ လက်ရှိအခြေအနေနှင့် လမ်းလွှာဒီဇိုင်းများအရ လိုအပ်သည့် လမ်းအပိုင်းများအလိုက် ထပ်ပိုးလွှာခင်းခြင်း၊ လမ်းအကျယ်ချဲ့ခြင်း လုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

## တစ်နိုင်ငံလုံးတွင်ရှိသည့် လမ်းဆုံ၊ လမ်းခွများ၏ ကျူးကျော်စျေးသည်များကို ရှင်းလင်းရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး

လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းများတွင် ၁၂ ပေ အကျယ်နှင့် ၁၈ ပေအကျယ်လမ်းများ၏ S ကွေ့နှင့် ဂ ကွေ့များတွင် ယာဉ်များ ရုတ်တရက် တွေ့ဆုံပါက အန္တရာယ်ကင်းရှင်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်ရန် မျက်ကွယ်ဖြစ်စေသော သစ်ပင်ချုံနွယ်များ၊ စျေးဆိုင် အဆောက်အအုံများ ရှင်းလင်းရန်နှင့် Extra width များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဓိကအရေးကြီးသော တောင်ပေါ်ဒေသများရှိ ကွေ့များ၏ အချင်းဝက် သေးငယ်သည့်နေရာများတွင် ကုန်ကားကြီးများကွေ့ရန် လွယ်ကူစေရန်အတွက် လမ်းချဲ့ခြင်းများ ဆောင်ရွက်ပေးခြင်း၊ သတ်မှတ်လမ်းပခုံးအကျယ်နှင့် မြေသားတာပေါင်အကျယ်တို့ကို ဦးစားပေးအဆင့်သတ်မှတ်၍ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် Widening များပြုလုပ်ရန် လိုအပ်သောနေရာများအတွက် နှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သစ်ပင်ချုံနွယ်များနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ လတ်တလောဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပုံကျ၊ ကျူးကျော်စျေးဆိုင်များနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးတွင်ရှိသည့် လမ်းဆုံ၊ လမ်းခွများ၏ ကျူးကျော်စျေးသည်များကို ရှင်းလင်းရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပုသိမ် မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း၏ **ပုသိမ်မြို့လယ်ရှိ ပြည်တော်သာ အိမ်ရာစီမံကိန်းအရ ဆောက်လုပ်ထားသော လေးခန်းတွဲ နှစ်ထပ်တိုက် ၂၅ လုံးနှင့် တစ်ထပ်လုံးချင်း ၁၅၀ လုံးအား ဥပဒေနှင့်မညီဘဲ ပြည်သူ့အိမ်ရာမှ ဝန်ထမ်းအိမ်ရာသို့ ပြောင်းလဲသတ်မှတ်ခြင်းအား ဥပဒေနှင့်အညီ ပြည်သူများ၏ ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်တော်သာအိမ်ရာအတွင်းရှိ တစ်ထပ်တိုက် လုံးချင်း ၁၅၀ လုံးနှင့် လေးခန်းတွဲ နှစ်ထပ်တိုက် ၂၅ လုံး၊ စုစုပေါင်း အခန်း ၃၅၀ အား ၁၉၉၄ ခုနှစ် ဇွန် ၂၉ ရက်တွင် ကျင်းပသော ဧရာဝတီတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၉၄)အရ ပြည်တော်သာအိမ်ရာအဖြစ်မှ နိုင်ငံ့ဝန်ထမ်းအိမ်ရာအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

## နိုင်ငံ့ဝန်ထမ်းအိမ်ရာမှ ပြည်သူ့အိမ်ရာသို့ပြန်လည်ပြောင်းလဲရန်ကိစ္စသည် Sensitive ဖြစ်သည့်အတွက်ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာရထည့်သွင်းစဉ်းစားရမည်ဖြစ်

ယခုအခါ အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာရှိ အခန်း ၃၅၀ အနက် အခန်း ၁၇၁ ခန်းရှိ ပြည်သူများမှ စုပေါင်း၍ အဆိုပါအိမ်ရာရှိ အခန်း ၁၇၁ ခန်းကို ပြည်တော်သာ အိမ်ရာအဖြစ်ပြောင်းလဲပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြလာပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကိစ္စကို စိစစ်လေ့လာရာတွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာဆိုသည်မှာ နေထိုင်သူဝန်ထမ်းများသည် အငြိမ်းစားယူသည့် အခါတွင် အိမ်ခန်းမှ ဖယ်ရှားပေးရမည်ဖြစ်ပြီး ပြည်သူ့အိမ်ရာဆိုသည်မှာ အငြိမ်းစားယူပြီးသော်လည်း သားစဉ်မြေးဆက်နေထိုင်၍ရသည့် အိမ်ရာမျိုးဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာမှ ပြည်သူ့အိမ်ရာသို့ ပြန်လည်ပြောင်းလဲရန်ကိစ္စသည် Sensitive ဖြစ်သည့်အတွက်ကြောင့် မိမိတို့ဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာရ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာကို ပြည်သူ့အိမ်ရာသို့ ပြောင်းလဲပေးရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မိမိတို့ဝန်ကြီးဌာန ညှိနှိုင်းဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ သဘောတူညီချက်အရ ပုသိမ်မြို့တွင် ယခင် ပြည်တော်သာအိမ်ရာရှိ အကြောင်းကြောင်းကြောင့် အိမ်လခ ကောက်ခံခြင်း ရပ်ဆိုင်းထားသော အိမ်ခန်း ၁၇၁ ခန်းကို ပြည်သူ့အိမ်ရာအဖြစ် ပြောင်းလဲပေးသွားမည်ဖြစ်ပြီး ကျန်အိမ်ခန်း ၁၇၉ ခန်းကို နိုင်ငံ့ဝန်ထမ်းအိမ်ရာအဖြစ် ဆက်လက်ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် ထန်တလန် မဲဆန္ဒယ်မှ ဒေါ်နီရွှေလျန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက **ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း (Technical and Vocational Education and Training – TVET) ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (Government Techincal Institute)၊ နည်းပညာတက္ကသိုလ် (Technical University) တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ (Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ (Technicians)၊ အင်ဂျင်နီယာပညာရှင်များ (Engineers)တို့၏ လိုအပ်သော အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ (Appropriate Policy & Strategy) များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

## လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ကတိကဝတ်ကော်မတီ၏ နောက်ထပ် အစီရင်ခံစာတွင် သက်ဆိုင်ရာအဖွဲ့အစည်းဝင်အား တိုက်တွန်းချက်ကို ထည့်သွင်းပေးရန် အကြံပြုဆွေးနွေး

ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က ဝန်ကြီးဌာနအနေဖြင့် ဖြေကြားသည့်အခါတွင် ဆောင်ရွက်ပေးမည့် ဘဏ္ဍာနှစ်ကို ထည့်သွင်းဖြေကြားရန်ဖြစ်ပါကြောင်း၊ အစီရင်ခံစာအပိုဒ် ၁၂ တွင် ပြည်ထောင်စုဝန်ကြီးများက လွှတ်တော်တွင် ဖြေကြားရာ၌ နှစ်အလိုက် ဘဏ္ဍာငွေလျာထားတင်ပြတောင်းခံထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟု ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကတိကဝတ်ဖြစ်သည်ဟု လွဲမှားစွာ မှတ်ယူနေကြောင်း ရေးသားထားသည်ကို ဝေဖန်ထောက်ပြလိုပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုမှ တောင်းဆိုသောကြောင့် ပြည်သူလူထု၏ ကိုယ်စားတင်ပြရာတွင် ရရှိသည့်အဖြေအား ပြည်သူလူထုကို ပြန်၍ အစီရင်ခံရပါကြောင်း၊ မိမိတို့ရရှိသည့်အဖြေကို ပြည်သူလူထုက လုပ်ပေးမည်ဟု ယူဆနေပါကြောင်း၊ တကယ်လုပ်မပေးနိုင်လျှင် ပြည်သူလူထုကို မျှော်လင့်ချက်အမှားပေးရာ ရောက်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဖြေကြားရာတွင် လုပ်ပေးနိုင်ခြေ ရှိ၊ မရှိ စိစစ်ဆေးပြီး ဘဏ္ဍာငွေ တကယ်ရနိုင်၊ မရနိုင်ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး လုပ်ပေးနိုင်၊ မပေးနိုင်ကို ရှင်းရှင်းလင်းလင်းဖြေပေးစေလိုပါကြောင်း၊ ကတိကဝတ်ကော်မတီ၏ နောက်ထပ် အစီရင်ခံစာတွင် သက်ဆိုင်ရာအဖွဲ့အစည်းဝင်အား တိုက်တွန်းချက်ကို ထည့်သွင်းပေးရန် အကြံပြုဆွေးနွေးသည်။

## ဥပဒေနှင့်မညီသော မြို့ဝင်ကြေးကောက်ခံနေမှုနှင့် စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းခဲ့

စစ်ကိုင်း မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းက ကော်မတီ၏အစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိသည့် ဥပဒေနှင့်မညီသော မြို့ဝင်ကြေးကောက်ခံနေမှုနှင့်စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း ဥပဒေနှင့်မညီပါဟု ဖြေဆိုခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှလည်း ဥပဒေနှင့် မညီသည်ကို နှစ်ကုန်သည်ထိ ဆက်လက်ကောက်ခံနေသည့်အတွက် ဥပဒေတိုင်းသာ ဖြစ်ရမည်ဟု သုံးသပ်ပြောကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဤကိစ္စအား ကတိကဝတ်ရသည်ဟု သုံးသပ်ယူဆမိပါကြောင်း၊ ဥပဒေနှင့်အညီဖြစ်စေရန် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် ရေဦး မဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်းတို့က ဆွေးနွေးကြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမျိုးနိုင်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆိုပါ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးဇုန်တိမ့်က အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# လူသားဆန်သော လူသားတစ်ဦး ကြွေလွင့်ခြင်း

တက္ကသိုလ်ဟန်စိုးဦး

**ကုလသမဂ္ဂအဖွဲ့ကြီး၏ သတ္တမမြောက်အတွင်းရေးမှူးချုပ်အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာကိုဖီအာတဲအာနန် (Mr. Kofi Atta Annan) သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့၌ ကွယ်လွန်သွားခဲ့ရာ ကမ္ဘာ့နိုင်ငံအများအပြား၏ ခေါင်းဆောင်များက ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို သက်တမ်း ၂-ခုဆက်တိုက် ထမ်းဆောင်ခဲ့စဉ်အတွင်း ကမ္ဘာ့နိုင်ငံများအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်များတွင် တိုးတက်မှုများရရှိလာစေရန် မူဝါဒများဖော်ထုတ်ချမှတ်ပေးခဲ့သူတစ်ဦးအဖြစ် တစ်ကမ္ဘာလုံး၏ အသိအမှတ်ပြုမှုကို ခံယူထားခြင်းခံရသူဖြစ်သည်။**

### ၁၉၆၂ ခုနှစ်တွင် ကုလသမဂ္ဂ၌ စတင်ထမ်းဆောင်

မစ္စတာကိုဖီအာနန်အား ဂါနာနိုင်ငံ၊ ကူမာစီမြို့တွင် ၁၉၃၈ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့၌ မွေးဖွားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုတာပြည်နယ်၊ စိန့်ပေါမြို့တွင်ရှိသည့် မာကာလက်စ်တာကောလိပ်၌ စီးပွားရေးဘာသာရပ်ဖြင့် ပညာသင်ယူခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ကို ဆွစ်ဇာလန်နိုင်ငံ၊ Graduate Institute of Geneva ၌ သင်ယူခဲ့သည်။ စီမံခန့်ခွဲမှုပညာရပ်အား ထင်ရှားကျော်ကြားသည့် မန်ဆာချူးဆက် စက်မှုတက္ကသိုလ်၊ Sloan School of Management ၌ လေ့လာဆည်းပူးခဲ့သည်။ မစ္စတာ ကိုဖီအာနန်သည် ၁၉၆၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး၌ စတင်ဝင်ရောက်ထမ်းဆောင်ခဲ့ပြီး ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးတွင် တာဝန်ကျခဲ့သည်။ ထို့နောက် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌လည်း ရာထူးအဆင့်ဆင့်တွင် ထမ်းဆောင်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ မတ်လမှ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့လုပ်ငန်းဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ်အဖြစ်လည်း ထမ်းဆောင်ခဲ့သည်။



မစ္စတာကိုဖီအာနန် (၁၉၃၈-၂၀၁၈)

မစ္စတာကိုဖီအာနန်သည် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခံခဲ့ရပြီး ကုလသမဂ္ဂအထွေထွေညီလာခံက ၎င်းအားခန့်အပ်ရန်အဆိုပြုချက်ကို အတည်ပြုခဲ့သည်။ မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂသန္ဓေဝန်ထမ်းတစ်ဦးအဖြစ်မှ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တစ်ဦးတည်းသော အတွင်းရေးမှူးချုပ်ဖြစ်သည်။ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်စဉ် မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းစဉ်များ ပိုမိုသွက်လက်ထိရောက်မှုရှိလာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ အေအိုင်ဒီအက်စ်၊ အဆုတ်ရောင်ရောဂါနှင့် ငှက်ဖျားရောဂါ ၃- မျိုးတိုက်ဖျက်ရေးအတွက် ရန်ပုံငွေ (Global Fund) တည်ထောင်ရာတွင် ရှေ့တန်းမှပါဝင်ခဲ့သလို ကုလသမဂ္ဂ၏ ပထမဆုံးအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာကို အတည်ပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်နိုင်ခဲ့သည်။

### ၂၁-ရာစုတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ အစီရင်ခံစာထုတ်ပြန်

၂၀၀၀ ပြည့်နှစ်တွင် မစ္စတာကိုဖီအာနန်သည် "၂၁-ရာစုတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ခဲ့ရာ ကုလသမဂ္ဂ၏ လုပ်ငန်းတိုင်းတွင် ပြည်သူများကို အခြေပြုစဉ်းစားရန်နှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ လူနေမှုဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် လူသန်းပေါင်း တစ်ထောင်ခန့် ကြုံတွေ့ခံစားနေကြရသော ဆင်းရဲနွမ်းပါးမှုမှ ကျော်လွှန်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းခဲ့သည်။ အဆိုပါအစီရင်ခံစာ ထွက်ရှိပြီး ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် နယူးယောက်မြို့၌ ထောင်စုနှစ်ထိပ်သီးအစည်းအဝေး (Millennium Summit) ကို ကျင်းပခဲ့ပြီး ထောင်စုနှစ်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်ကို ကုလသမဂ္ဂမှ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Millennium Development Goals-MDGs) အဖြစ် ၂၀၀၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်လာခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်သည် တစ်ကမ္ဘာလုံးရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝများ အဆင့်မြင့်မားလာစေရေးအတွက် များစွာအထောက်အကူပြုခဲ့သလို ဆက်လက်၍လည်း အထောက်အကူပြုလျက်ရှိနေသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်သည် ၎င်း၏ နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် အာဖရိကတိုက်တွင် အိပ်ချ်အိုင်ဗွီရောဂါပိုး မပြန့်ပွားရေး ကြိုးပမ်းမှုများကြောင့် ၂၀၀၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကြီးကို ပူးတွဲချီးမြှင့်ခြင်းခံခဲ့ရသည်။ နိုဘယ်လ်ဆု ချီးမြှင့်ပေးအပ်သည့် ကော်မတီမှ မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂအဖွဲ့ကြီးအား စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုကြောင့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

### ကိုဖီအာနန်ဖောင်ဒေးရှင်း တည်ထောင်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်မှ အနားယူပြီးနောက် ၂၀၀၇ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးမဏ္ဍိုင်များအပေါ် အခြေခံထားဆောင်ရွက်မည့် ကိုဖီအာနန်ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုမရှိပါက ရေရှည်ငြိမ်းချမ်းရေးမရရှိနိုင်သလို တည်ငြိမ်အေးချမ်းမှု မရှိပါကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမရရှိနိုင် ဟူသောအချက်မှာ ကိုဖီအာနန်ဖောင်ဒေးရှင်း၏ အခြေခံအယူအဆဖြစ်သည်။ ကိုဖီအာနန်ဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ခြိမ်းခြောက်မှုအသစ်များကို ဖော်ထုတ်ခြင်းနှင့် မစ္စတာကိုဖီအာနန်၏ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းနှင့် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခြင်းလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိသည်။



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ မစ္စတာကိုဖီအာနန်က ပေးအပ်စဉ်။

ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာအစိုးရမှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် မစ္စတာကိုဖီအာနန်သည် ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ရှုပ်ထွေးသိမ်မွေ့လှသည့် ကိစ္စရပ်များအပေါ် အပြုသဘောဆောင်သော အမြင်ဖြင့် ဖြေရှင်းနိုင်ရန် အကြံပြုတင်ပြချက်များကို ဖော်ထုတ်ပြသခဲ့ခြင်းသည် မစ္စတာကိုဖီအာနန်၏ ကရုဏာကြီးမားမှု၊ အတွေ့အကြုံနှင့် ဉာဏ်ပညာ၊ ဂုဏ်သိက္ခာနှင့် ရဲရင့်မှုတို့ကို ထင်ဟပ်ဖော်ပြနိုင်ခဲ့သည်။

### ကမ္ဘာ့နိုင်ငံရေးလောကတွင် ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များအဖွဲ့ကြီး

မစ္စတာကိုဖီအာနန်သည် တောင်အာဖရိကနိုင်ငံခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလား ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကမ္ဘာ့နိုင်ငံရေးလောကတွင် ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များအဖွဲ့ကြီး (The Elders Group) ၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မစ္စတာကိုဖီအာနန်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့ရှိနေအိမ်တွင် နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

### ကမ္ဘာတစ်ဝန်းမှ ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးကြိုးပမ်းခဲ့

မစ္စတာကိုဖီအာနန်သည် ပိုမိုငြိမ်းချမ်းပြီး မျှတမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် သူ၏ဘဝတစ်လျှောက်လုံး နှစ်မြှုပ်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် နိုင်ငံတကာမှအသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားနေကြရသည့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းခဲ့သူတစ်ဦး၊ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှုလုပ်ငန်းစဉ်များ တိုးမြှင့်နိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် သမိုင်းတွင် မှတ်ကျောက်တင်ခံရသူတစ်ဦးဖြစ်သည်။ လူသားဆန်သည့် လူသားတစ်ဦး ကြွေလွင့်သွားခဲ့ခြင်းအတွက် ကိုဖီအာနန် အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းမှု တစ်နှစ်ပြည့်မြောက်သည့် ယနေ့တွင် ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

- **ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာအစိုးရမှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် မစ္စတာ ကိုဖီအာနန်သည် ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့**
- **အစီရင်ခံစာတွင် ရှုပ်ထွေးသိမ်မွေ့လှသည့် ကိစ္စရပ်များအပေါ် အပြုသဘောဆောင်သော အမြင်ဖြင့် ဖြေရှင်းနိုင်ရန် အကြံပြုတင်ပြချက်များကို ဖော်ထုတ်ပြသခဲ့ခြင်းသည် မစ္စတာ ကိုဖီအာနန်၏ ကရုဏာကြီးမားမှု၊ အတွေ့အကြုံနှင့် ဉာဏ်ပညာ၊ ဂုဏ်သိက္ခာနှင့် ရဲရင့်မှုတို့ကို ထင်ဟပ်ဖော်ပြနိုင်ခဲ့**

# တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- )**

**၁၃၈၀ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို “တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ” ဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ-၄ ကို အောက်ပါအတိုင်း အစားထိုးရမည်။

4 (1) The Bar Council shall consist of fifteen members, of whom-

(a) one shall be the Attorney-General;

(b) four shall be persons nominated by the Supreme Court of the Union, of whom not more than two may be Judges of that Court; and

(c) Ten shall be elected by the advocates of the Supreme Court of The Union from amongst their number.

(2) Of the elected members of the Bar Council not less than five shall be persons who have for not less than ten years been entitled as of right to practise in the Supreme Court of the Union.

(3) The Attorney-General shall be the Chairman of the Bar Council and a Vice-Chairman for the said Council shall be elected by the Council in such manner as may be prescribed.

၃။ ပယ်ဖျက်ထားသည့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ-၆ ကို အောက်ပါအတိုင်း ပြန်လည်အစားထိုးရမည်။

6 (1) Rules, consistent with this Act, may be made to provide for the following matters, namely:-

(a) the manner in which elections of members of the Bar Council shall be held; the method of determining, in accordance with the provisions of sub-section (2) of section 4, the candidates who shall be declared to have been elected; the manner in which the result of elections shall be published; and the manner in which and the authority by which doubts and disputes as to the validity of an election shall be finally decided;

(b) the terms of office of nominated and elected members of the Council;

(c) the filling of causal vacancies in the Council;

(d) the convening of meetings of the Council, and the quorum necessary for the transaction of business thereat;

(e) the manner of election and the respective terms of office of the Chairman and of the Vice-Chairman; and

(f) any matter incidental or ancillary to any of the foregoing matters.

(2) The first rules under this section shall be made by the Supreme Court, but the Bar Council may thereafter, with the previous sanction of the Supreme Court, add to, amend or rescind any rules so made.

(3) No election of a member or members to the Council shall be called in question on the ground that due notice thereof has not been given to any person entitled to vote thereat, if notice of the date fixed for the election has, not less than thirty days before that date, been published in the Gazette.

(4) Rules made under clause (b) of sub-section (1) may provide for the retirement of members from office by rotation and for the manner in which the order of such retirement shall be determined.

---

❒ *ကျော်ဖုံးမှ*

**သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တစ်သျှူးငှက်ပျောများအား ပြည်တွင်းကုမ္ပဏီများက နယ်စပ်ဂိတ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံ တရုတ်ပြည်သို့ တင်ပို့ရာတွင် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား မြစ်ကြီးနားမြို့နယ်၊ အခွန်ဦးစီးဌာနရုံးတို့မှ ကောက်ခံလျက်ရှိပါကြောင်းနှင့် တစ်သျှူးငှက်ပျောစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များမှ ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးနေမှုများအား ဥပဒေနှင့်အညီဖြစ်စေရေး ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသောအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## ပုစွန်ကန်ပေါင်များဖြင့် ပိတ်ဆို့မှုမရှိစေရေး တားမြစ်စီမံ ဆောင်ရွက်သွားရမည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံရှိ ရေထုတ်ပြွန်နှစ်ခု၏ လမ်းကြောင်းများအား ပိတ်ဆို့ထားသော ပုစွန်ကန်များကို တည်ဆဲဥပဒေများအရ အရေးယူပေးရန် ၎င်းရေထုတ်ပြွန်နှစ်ခုမှ ရေထုတ်လွှတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပန်ဇင်းမော် လယ်သမားတာမှာ ဒေသခံထိန်းသိမ်းရေးကော်မတီမှ ထိန်းသိမ်းစီမံလျက်ရှိသောကြောင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ၂၀၁၂ခုနှစ်၊ ရပ်ကွက် (သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အထက်အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်မှုခံယူ၍ ရေတံခါးထွက်ပေါက်များအား ပုစွန်ကန်ပေါင်များဖြင့် ပိတ်ဆို့မှုမရှိစေရေး တားမြစ်စီမံဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးရွာဆည်တာကော်မတီ၏ အစီအစဉ်ဖြင့် တာဝန်ယူထိန်းသိမ်းထားသည့် လယ်သမားတာဖြစ်သည့်အတွက် ရေလမ်းကြောင်း ပိတ်ဆို့နေသည့် ပုစွန်ကန်ဖယ်ရှားရေးကို အသိပေးအကြောင်းကြားသွားမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း ဖြေကြားသည်။

## နည်းပညာနှင့် သက်မွေးပညာကဏ္ဍကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးအတတ်ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန် စိုက်ပျိုးရေးသိပ္ပံ (သထုံ)ကို အောက်မြန်မာပြည်၏ စိုက်ပျိုးရေးကောလိပ် သို့မဟုတ် စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရန် TVET (Technical and Vocational Education and Training) နည်းပညာနှင့် သက်မွေးပညာပိုမိုလိုအပ်လာမှု ရှိသည့်အတွက် နည်းပညာနှင့် သက်မွေးပညာကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တရုတ် - မြန်မာစီးပွားရေးစင်္ကြံတစ်လျှောက် Agricultural Higher Education နှင့် TVET အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖွင့်လှစ်ပြီးသော စိုက်ပျိုးရေးသိပ္ပံများအား ဒေသန္တရဆိုင်ရာ စိုက်ပျိုးရေးကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆိုပြုလွှာကိုလည်း တင်ပြထားပြီးဖြစ်သည့် အပြင် ရေးဆွဲထားပြီးဖြစ်သည့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Agri- cultural Development Strategy – ADS) ၂၀၁၈ - ၂၀၁၉ခုနှစ်မှ ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင်လည်း စိုက်ပျိုးရေးသိပ္ပံများအား စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရန် ထည့်သွင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်အညီ တင်ပြခွင့်ပြုချက် ရယူပြီးသည့်အခါတွင် အဆင့်မြှင့်တင်ရန်သင့်တော်သည့် စိုက်ပျိုးရေးသိပ္ပံများအား သတ်မှတ်ရွေးချယ်ပြီး စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆင့်ဆင့်ဆက်လက်တင်ပြ ခွင့်ပြုချက်ရယူခြင်း၊ စိုက်ပျိုးရေးကောလိပ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ထပ်မံဖြည့်ဆည်းခြင်း၊ ဘတ်ဂျက်များဖြည့်ဆည်းခြင်းနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး စိုက်ပျိုးရေးကောလိပ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရေးတို့ကို စီမံအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်သည့်အတွက် မေးခွန်းပါ ကိစ္စရပ်သည် အဆိုပါ အစီအမံဖြစ်မြောက်လာမှုနှင့်အတူ ပေါ်ထွက်လာမည့် အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်း

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားလက်ခံဆွေးနွေးရန်အဆို လွှတ်တော်ကသဘောတူ

ဆက်လက်၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးက **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြ**၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းစသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## မြို့ပြကြီးထွားမှုနှင့် မြို့ပြစိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်း၍ လက်ဦးမှုရယူ ဖြေရှင်းဆောင်ရွက်ရမည်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင်းဆွေ က အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပေးသင့်ပေးထိုက်သည့် လယ်ယာမြေနှင့် အခြားနည်းသုံးစွဲခွင့်များကိုပေး၍ မပေးသင့်သည့် ကိစ္စရပ်များကိုလည်း ထိထိရောက်ရောက် ဥပဒေနှင့်အညီ တားမြစ်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့ပြကြီးထွားမှုနှင့် မြို့ပြစိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်း၍ လက်ဦးမှု ရယူဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရေးဆွဲထားသည့် မြို့ပြစီမံကိန်းများကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အနာဂတ်တွင် စနစ်ကျသည့် မြို့ရွာများ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် အဆိုတွင်ပါဝင်သည့် စည်းကမ်းမဲ့အကွက်ဖော်ရောင်းချမှုများ မဖြစ်စေရန် တိုးတက်လာသည့် လူဦးရေ၊ ခေတ်စနစ်နှင့်အညီ မြို့ပြစီမံကိန်းများ ရေးဆွဲ၍ စနစ်ကျသည့် မြို့မြေကွက်များကို အစိုးရကိုယ်တိုင်ဖော်ထုတ်ပေးခြင်း၊ တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ယနေ့ပြည်သူများရင်ဆိုင်နေရသည့်နေရေးပြဿနာကို ဖြေရှင်းရာရောက်ပြီး အနာဂတ်တွင်လည်း စနစ်ကျသည့် မြို့ရွာများပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက မြေအရင်းအမြစ်များကို စီမံခန့်ခွဲကြသည့် အနီးကပ်ဆုံးကော်မတီများသည် မျက်မှောက်ကာလနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ထည့်သွင်းစဉ်းစားကြစေလိုပါကြောင်း၊ လွှတ်တော်အသံသည် ပြည်သူ့အသံဖြစ်သည့်အတွက် ဌာနဆိုင်ရာအားလုံးသည်လည်း ခေတ်ကာလပြောင်းလဲခြင်းနှင့်အတူ အမြန်ဆုံးပြောင်းလဲကြရန် အထူးတိုက်တွန်းအပ်ပါကြောင်း၊ အဆိုတွင်ပါဝင်သည့် ကော်မတီသုံးရပ်သည် ပြည်သူများရွေးချယ်ထားသည့် စည်ပင်သာယာရေးကော်မတီ၊ လယ်ယာစီမံခန့်ခွဲရေးကော်မတီနှင့် ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲရေးကော်မတီများသည် ပြည်သူများ၏ အခြေခံကျသည့် အဖွဲ့အစည်းများ ဖြစ်ကြပါကြောင်း။

အဆိုပါ ကော်မတီသုံးရပ်သည် ပြည်သူအကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးပြီး မြေယာနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များ၊ မိမိတို့၏တာဝန်ကို တာဝန်မခံ ပြောင်းလဲခြင်းကို မလိုက်ကြဘဲ လျော့ရဲပေါ့ဆနေကြပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရက အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းပေးရန်နှင့် ထိရောက်စွာ ထိန်းညှိပေးနိုင်ရန် အထူးလိုအပ်နေပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ရှိပြီးသား ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးပြီး စောင့်ရှောက်တဲ့လုပ်ငန်းကလည်း အင်မတန်အရေးကြီးပါတယ်

ဦးသန်းအောင်ကျော်

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ စီးပွားရေးစကားဝိုင်း (အပိုင်း-၄)

(ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ယုံကြည်မှုအပိုင်း၊ အကာအကွယ်ပေးမှု၊ ရခိုင်ပြည်နယ်အရေးကြောင့် ရင်းနှီးမြှုပ်နှံမှုကျဆင်းသည့် အခြေအနေအပေါ် ဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် စိန်ခေါ်မှုဆွေးနွေးချက်)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ကျင်းပသည့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းနဲ့ ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုအပိုင်းက ဘယ်လောက်ရှိလဲ။ လက်ရှိ ရင်းနှီးမြှုပ်နှံမှုအခြေအနေနဲ့ ပတ်သက်ပြီးတော့ အကာအကွယ်နဲ့ ဘယ်လိုစီမံဆောင်ရွက်ထားသလဲ ဆိုတာကို ဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော်။ ။ ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့က အသစ်ကို ဖိတ်ခေါ်တဲ့ကိစ္စရှိတယ်။ နောက်တစ်ခုကတော့ ရှိပြီးသားရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးပြီး စောင့်ရှောက်တဲ့လုပ်ငန်းရှိတယ်။ ရှိပြီးသား ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးပြီး စောင့်ရှောက်တဲ့လုပ်ငန်းကလည်း အင်မတန်အရေးကြီးပါတယ်။ ခြောက်ဘီလီယံလောက် နှစ်စဉ်ဝင်နေတဲ့အထဲမှာ နှစ်ဘီလီယံနီးပါးက ဒီမှာရောက်ပြီးသား ရင်းနှီးမြှုပ်နှံသူက တိုးပြီးတော့ ရင်းနှီးမြှုပ်နှံတာပါ။ အခုလည်း ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လေးလမှာ ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကနေ တိုးချဲ့ပြီး ရင်းနှီးမြှုပ်နှံတာက ဒေါ်လာသန်းငါးရာနီးပါးရှိတယ်။ ဒီပမာဏက မနည်းပါဘူး။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းတွေ၊ ထုတ်လုပ်ရေးကဏ္ဍတွေက အဓိကထားပြီး မြှုပ်နှံတာပါ။ ပြောချင်တာကတော့ ဒီလေးလလောက်အတွင်းမှာ ဒေါ်လာသန်းငါးရာ တိုးပြီးတော့ မြှုပ်နှံတယ်ဆိုတာက ယုံကြည်မှုရှိတယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်တယ်။ တချို့လည်း ပြောကြတယ်။ အလုပ်သမားကိစ္စတွေ ဖြစ်နေတယ်။ ရင်းနှီးမြှုပ်နှံမှုတွေပြန်တော့မယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က သေချာစိစစ်တယ်။ ဟိုတလောကဆိုရင် ရန်ကုန်မှာ စက်ရုံနှစ်ရုံရှိတယ်။ ပုသိမ်မှာလည်းတစ်ခုရှိတယ်။ ရန်ကုန်က မြေဈေးမြင့်တော့ သူတို့က ခပ်ကျဉ်းကျဉ်းလေးပဲ ငှားနိုင်တယ်။ စက်ရုံရဲ့သဘောက ဥရောပကိုပို့တာဆိုတော့ ဥရောပနိုင်ငံတွေရဲ့ သဘောတရားက Auditor (စစ်ဆေးသူ) တွေလွှတ်တာ။ ဒီစက်ရုံကိုကြည့်တယ်။ ပတ်ဝန်းကျင်ကိုကြည့်တယ်။ သန့်ရှင်းမှု ကျယ်ဝန်းမှုကြည့်တော့ ကြာလာတဲ့အခါမှာ အဲဒီ Auditor တွေက မထောက်ခံတော့ဘူး။ ဒီစက်ရုံအနေအထားနဲ့ဆိုရင် ငါမဝယ်တော့ဘူး။ အဲဒီတော့ သူတို့က ဆုံးဖြတ်လိုက်တယ်။ ပုသိမ်စက်မှုဇုန်က အကျယ်ကြီးဆိုတော့ ပုသိမ်ကို သူတို့သွားပေါင်းတယ်။ ဒါပေမယ့် ဒီက သတင်းမီဒီယာတွေမှာကျတော့ စက်ရုံတစ်ရုံပိတ်သွားပြီ။ တကယ့်အဖြစ်အပျက်ကတော့ စက်ရုံကို လုပ်ငန်းလိုအပ်ချက်အရ ပေါင်းကြတာပါ။

**စီမံအုပ်ချုပ်မှုကောင်းရင် ပြဿနာတွေမရှိ**

ဟိုတလောက ကျွန်တော် ရင်းနှီးမြှုပ်နှံသူတစ်ယောက်ရဲ့အထွေထွေမန်နေဂျာ တစ်ယောက်နဲ့တွေ့တယ်။ သူက အထည်ချုပ်စက်ရုံလေးခုရဲ့ အထွေထွေမန်နေဂျာလုပ်နေတဲ့ နိုင်ငံခြားသားပါ။ ကျွန်တော်က စက်ရုံလေးရုံ ကြီးကြပ်အုပ်ချုပ်နေတဲ့အတွက် အလုပ်သမားပြဿနာမရှိဘူးလား။ ငါတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ ယုံကြည်မှုက ဘယ်လိုရှိလဲမေးတော့ အလုပ်သမားပြဿနာ မရှိဘူး။ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ပြီး မြှုပ်နှံဖို့စဉ်းစားထားတယ်လို့ပြောတယ်။ စက်ရုံလေးရုံမှာ အလုပ်သမားထောင်ချီပြီး သူအုပ်ချုပ်နေတာ ဘာဖြစ်လို့ အလုပ်သမားပြဿနာ မရှိတာလဲဆိုတော့ စီမံခန့်ခွဲမှုကွာလို့ပါတဲ့။ ဒါဟာ လက်တွေ့စက်ရုံလေးရုံကို အုပ်ချုပ်နေတဲ့ အထွေထွေမန်နေဂျာ နိုင်ငံခြားသားတစ်ယောက်ကို ကျွန်တော်ကိုယ်တိုင်တွေ့ပြီး မေးတာပါ။ စီမံအုပ်ချုပ်မှုကောင်းရင် ပြဿနာတွေမရှိပါဘူးလို့ ဖြေသွားတယ်။

**နေ့စဉ် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့တာတွေရှိ**

အလုပ်သမားအကြောင်းအရာတွေ မရှိဘူး မဟုတ်ပါဘူး။ ရှိတယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ သို့သော် ရှိတဲ့အခါမှာ ကျွန်တော်တို့က ဘာကို စစ်ရမလဲဆိုတော့ နိုင်ငံအလိုက်စစ်ရမယ်။ ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေထဲမှာ EU လို နိုင်ငံမျိုးတွေရှိတယ်။ အမေရိကန်လို နိုင်ငံမျိုးတွေရှိတယ်။ ဂျပန်လိုမျိုးရှိတယ်။ အာဆီယံထဲကရှိတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေလည်း ရှိတယ်။ အဲဒီလိုရှိတဲ့အခါမှာ စီမံအုပ်ချုပ်မှု အဆင့်မြင့်တဲ့နိုင်ငံတွေက စက်ရုံတွေ၊ အလုပ်ရုံတွေက ပြဿနာမရှိသလောက်ရှားတယ်။ တချို့ကျတော့လည်း ရင်းနှီးမြှုပ်နှံတယ်။ ဒီမှာ စီမံအုပ်ချုပ်တဲ့သူရဲ့အတွေ့အကြုံ အရည်အသွေးပိုင်း၊ အဓိက HR ပိုင်း အားနည်းချက်ရှိတဲ့သူတွေမှာ ဒီပြဿနာတွေ့ရတယ်။ အဲဒီတော့ ရင်းနှီးမြှုပ်နှံသူတွေက ယနေ့အထိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာကို ယုံကြည်ဆဲပဲဖြစ်ပါတယ်။ သုံး၊ လေးလအတွင်းမှာ ဒေါ်လာသန်းငါးရာ တိုးချဲ့ရင်းနှီးမြှုပ်နှံတယ်။ အခုလည်း နေ့စဉ် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့တာတွေရှိပါတယ်။ နှစ်သန်း တိုးချဲ့လိုက်၊ သုံးသန်း တိုးချဲ့လိုက်၊ လေးသန်းတိုးချဲ့လိုက် အများကြီး ကျွန်တော်တို့လုပ်ပေးနေရပါတယ်။ ဒါကိုလည်း လျင်လျင်မြန်မြန်နဲ့ ဆောင်ရွက်ပေးနေပါတယ် ။

**အလုပ်ရှင်အလုပ်သမား ပြဿနာ**

ဦးအေးလွင်။ ။ ဦးသန်းအောင်ကျော် ပြောတဲ့ အရေးကြီးတဲ့ အပိုင်းတစ်ပိုင်းက အလုပ်ရှင်အလုပ်သမား ပြဿနာပါပါတယ်။ မှန်ပါတယ်၊ စီမံခန့်ခွဲမှု ကောင်းဖို့လိုတယ်။ စီမံခန့်ခွဲမှုကောင်းဖို့လိုသလိုပဲ အလုပ်ရှင်အလုပ်သမားပြဿနာ သေးသေးလေးက စစ၊ ကြီးကြီးက စစ အလုပ်သမားဝန်ကြီးဌာနရော၊ သက်ဆိုင်ရာအလုပ်ရှင်ရော၊ အလုပ်သမားကိုယ်စားလှယ်ရော သဘောထားကြီးကြီးနဲ့ အလျင်အမြန်လိုတိုရှင်းကို ဆုံးဖြတ်ဖို့လိုပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ဘေးပယောဂက တက်တာ တော်တော်များပါတယ်။ ကျွန်တော်က ဒဂုံဆိပ်ကမ်းစက်မှုဇုန်ဥက္ကဋ္ဌအဖြစ် ၁၀ နှစ်လုပ်ခဲ့တာပါ။ ၁၀ နှစ်အတွေ့အကြုံမှာ မလိုလားအပ်တဲ့ ဆန္ဒပြမှုတွေရှိသလို ဆန္ဒပြသင့်၊ မပြသင့် မစဉ်းစားဘဲနဲ့ မြှောက်ပေးတဲ့သူတွေကြောင့်လည်းဖြစ်တာ ရှိပါတယ်။ ပတ်ဝန်းကျင်မှာ မပြောကြလို့ပဲ မသိကြတာပါ။ ဥပမာအားဖြင့် ကျွန်တော်ကြုံဖူးပါတယ်။ ၃၆၀၀ ကျပ် အနည်းဆုံး အခကြေးငွေသတ်မှတ်ဖို့ တစ်ပြည်လုံးကို ကျွန်တော်ကိုယ်တိုင် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေအတွင်းရေးမှူးဘဝနဲ့ မန္တလေး၊ တောင်ကြီး၊ မုံရွာတို့ကို လိုက်ပြီးတော့ ကျွန်တော်ဆွေးနွေးပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ထဲမှာပါတဲ့ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်တစ်ယောက်က လှိုင်သာယာက ဖုန်းဝင်လာလို့ ဖုန်းပြောတယ်။ ဟော့ နင်တို့ ဆန္ဒပြပြီလား၊ မပြသေးဘူးလား။ နင်တို့ ဆန္ဒပြရင် စက်ရုံထဲကို မဝင်နဲ့နော်။ ပိုင်ရှင်က မဝင်နဲ့ဆိုတဲ့ ပုံစံမျိုးနင်တို့လုပ်၊ နင်တို့ မဝင်တဲ့ပုံစံမျိုး မဖြစ်စေနဲ့။ ငါပိုက်ဆံပို့ပေးမယ်။ အစားအသောက်ပို့ပေးမယ်ဆိုတော့ ကျွန်တော်လည်း တော်တော်လန့်သွားတယ်။ ဒီလို အတွေးမျိုးတွေနဲ့ သမဂ္ဂထဲမှာ ဒီလိုခေါင်းဆောင်တွေကနေပြီးတော့ ဒီလိုရိုးသားတဲ့ အလုပ်သမား၊ ကျွန်တော်တို့ တိုင်းပြည်မှာ ကလေးတွေက ရိုးသားကြတာ များပါတယ်။ ဒီပယောဂကို ခေတ်အဆက်ဆက် အစိုးရရော၊ လုပ်ငန်းရှင်ရော ခံစားနေရတုန်းပါ။ အခုလို ကာလမှာ ပိုပြီးတော့ ဖြစ်တတ်ပါတယ်။

**ကောလာဟလဖြစ်တာတွေ ထပ်ဆင့်ရှင်းလင်း**

ဒါပေမယ့် အခုကျွန်တော်တို့ စိစစ်လိုက်တဲ့အခါမှာ ဟိုတလောက စက်မှုဇုန်ဥက္ကဋ္ဌဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြေပါတယ်။ စက်ရုံတွေပိတ်တော့မယ် ကြေညာထားပါတယ်။ ကျွန်တော်တို့ MIC က ခေါ်တွေ့ပါတယ်။ စာရင်းပြုစုပါတယ်။ ပြုစုတဲ့အခါမှာ သူပြောတဲ့ စက်ရုံပေါင်း ၁၄ ရုံလား၊ ၁၆ ရုံလားမသိဘူး ရှိတယ်။ MIC နဲ့ ပတ်သက်တဲ့ စက်ရုံက လေးရုံလား၊ ခြောက်ရုံလား မသိဘူးပါတယ်။ ကျန်တာတွေကတော့ တစ်ဆင့်ခံတွေ၊ ပင်ရင်းရတဲ့ ကန်ထရိုက်က သူ့ကိုမမီမှာစိုးလို့ တစ်ဆင့်ခံတွေကို ထပ်ဆင့်ပြီးတော့ပေးတယ်။ သူကတော့ တစ်ဒါဇင်ကို ဒေါ်လာ ၂၀ နဲ့ရရင် ရမယ်။ ၂၅ နဲ့ ရရင်ရမယ်။ နောက်တစ်ဆင့်တွေကို ၁၅ ဒေါ်လာနဲ့ ပေးရင်ပေးမယ်။ ၁၈ နဲ့ ပေးရင်ပေးမယ်။ ဒီလို အဆင့်ဆင့်တွေ၊ စက်ရုံသေးသေးလေးတွေက စည်ပင်သာယာမှတ်ပုံတင်ထဲရော၊ MIC ထဲရော ပါတာမဟုတ်ဘူး။ သာမန်စက်ရုံလေးတွေက စက်ရုံငှားပြီးတော့ စက်ရုံခဈေးကြီးလို့ ဟိုဘက်စက်ရုံပြောင်းတယ်။ အစောပိုင်းက ပြောသလို ပုသိမ်မှာဆိုရင် စက်ရုံကြီးသွားရင်းတယ်။ ရန်ကုန်က စက်ရုံသည် ISO Standard နဲ့ မညီတဲ့အခါမှာ သူ အော်ဒါမရမှာစိုးလို့ သူ့စက်ရုံ ပိတ်သိမ်းတယ်။ ဒီမှာပိတ်သိမ်းပေမယ့် ဟိုဘက်ကို အကြီးကြီးသွားတယ်။ ဒီအချက်အလက်တွေက ကြားထဲမှာပျောက်ပြီးတော့ သတင်းအရ စက်ရုံတွေ ပိတ်ကုန်ပြီဆိုတဲ့ ကောလာဟလဖြစ်တာတွေကို ကျွန်တော် ထပ်ဆင့်ရှင်းလင်းတာပါ။

**ရင်းနှီးမြှုပ်နှံမှုဦးရေ အများကြီးတိုးလာ**

ပိတ်သင့်ပိတ်ထိုက်တဲ့ စက်ရုံကိုလည်း ပိတ်နိုင်ပါတယ်။ အများကြီးကောင်းတယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုကတော့ ရင်းနှီးမြှုပ်နှံမှုပမာဏရော၊ အရေအတွက်ရော တိုးတက်လာပါတယ်။ ပြီးခဲ့တဲ့လက MIC ဥက္ကဋ္ဌ ဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်ပြီးတော့ Myanmar Inside ဆိုပြီးတော့ ထိုင်းမှာလုပ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အတွင်းရေးမှူး ဦးအောင်နိုင်ဦးကနေ ရှင်းပြတဲ့အထဲမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ သိပ်မတိုးသော်လည်း ရင်းနှီးမြှုပ်နှံမှုဦးရေ အများကြီးတိုးလာပါတယ်။ ဆိုလိုတာက အလယ်အလတ်တွေ အများကြီး ရောက်လာပါတယ်။ ဒါတွေအားလုံး လာနိုင်ဖို့က အစောပိုင်းကပြောတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်နိုင်တဲ့ ရင်းနှီးမြှုပ်နှံသူအကြီးကြီးတွေကိုလည်း တစ်ပြိုင်တည်းခေါ်ပြီး တစ်ပြိုင်တည်း တည်ဆောက်နိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့ကတော့ မစိုးရိမ်ပါဘူး။ ရှေ့လျှောက် မြန်မာနိုင်ငံရဲ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကတော့ ကျွန်တော်တို့ မစိုးရိမ်ပါဘူး။ အလားအလာကောင်းတွေရှိပါတယ်။ အဲဒီလိုပဲ အခက်အခဲစိန်ခေါ်မှုအချို့တွေလည်း ရှိပါတယ်။

**မူဝါဒအရ ဆောင်ရွက်ပေး**

ဦးသန်းအောင်ကျော်။ ။ ဒီနေရာမှာနည်းနည်းဖြည့်စွက် ပြောချင်တာက နိုင်ငံတော်ရဲ့ ပြောင်းလဲသွားတဲ့ မူဝါဒအရ တချို့လုပ်ငန်းတွေက ဆက်ရှင်သန်ဖို့ မဖြစ်နိုင်တာတွေလည်းရှိတယ်။ ဥပမာ - သစ်ခုတ်တဲ့လုပ်ငန်းတွေကို တိုင်းပြည်က လျှော့ချတယ်။ အဲဒီလို လျှော့ချတဲ့အခါကျတော့ အရင်က မြန်မာနိုင်ငံမှာ အစိုးရကရောင်းတဲ့ တင်ဒါသစ်ကို ဝယ်ပြီး နိုင်ငံခြားပို့တဲ့ လုပ်ငန်းတွေက ရှင်သန်ဖို့က မဖြစ်နိုင်တော့ဘူး။ ဒါမျိုးတွေကျတော့ တိုင်းပြည်ရဲ့ မူဝါဒအရ သစ်တောတွေကို ထိန်းသိမ်းဖို့ သစ်ထုတ်လုပ်မှုကိုလျှော့လို့၊ သူကုန်ကြမ်းမရလို့ လုပ်ငန်းကို လျှော့ချတာ၊ ရုပ်သိမ်းတာကတော့ ကျွန်တော်တို့လည်း ခွင့်ပြုပေးပါတယ်။ အခုဆိုရင် တချို့သစ်နဲ့ပတ်သက်တဲ့ စက်တွေကို နိုင်ငံခြားကို ပြန်ပို့ချင်ပါပြီ။ စက်သုံးလုံးကနေ တစ်လုံးပဲထားတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကိုယ်တိုင်သစ်လုပ်ငန်းဌာနက မူဝါဒအရ သစ်ရောင်းမပေးနိုင်တော့ဘူး။ အဲဒီလိုတွေကြောင့် ပိတ်တာမျိုးတွေလည်း ရှိပါတယ်။ ဒါမျိုးကိုတော့ နိုင်ငံတော်ရဲ့ပြောင်းလဲလာတဲ့ မူဝါဒအရ ကျွန်တော်တို့က ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

ဦးအေးလွင်။ ။ ဦးသန်းအောင်ကျော် ပြောသလို အဲဒါမျိုးတွေလည်း ဖြစ်နေတယ်။ တစ်ခေတ်တစ်ခါက သစ်တောကြီးတွေကို ခုတ်၊ သစ်ကုန်ကြမ်းတွေကို အလုံးလိုက်အတိုင်း နိုင်ငံခြားပို့တယ်။ ပြည်တွင်းမှာလည်း ခွဲတမ်းနဲ့ရောင်းတယ်။ သစ်စက်တွေတည်ဆောက်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သစ်လုံးတွေ ပိတ်လိုက်တယ်။ မြန်မာ့သစ်လုပ်ငန်းလည်း ပို့လို့မရတော့ သစ်လုံးတွေ အများကြီးဝယ်ထားတဲ့ နိုင်ငံခြားကုမ္ပဏီတွေက သစ်စက်တွေ အလျင်အမြန်တည်ဆောက်ပြီးတော့ အချောထည်တွေ လုပ်ကြရင်းနဲ့ သစ်လည်း ထပ်ပြီးခုတ်ခွင့် လျှော့ချလိုက်တဲ့အခါမှာ ဒါကိုကုစားဖို့ ကျန်ခဲ့တဲ့ MIC အစည်းအဝေးမှာ ပြည်ပက သစ်လုံးကုန်ကြမ်း တင်သွင်းဖို့ ခွင့်ပြုဖို့ တင်ပြထားပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနကလည်း ခွင့်ပြုထားပါတယ်။

**ဈေးကွက်နဲ့အပြိုင် ထိုးဖောက်ခဲ့**

သစ်လုံးကုန်ကြမ်းတင်သွင်းတဲ့အခါမှာ Zero Tax (အခွန်မရှိ)၊ ပြည်ပပြန်ထွက်တဲ့အခါမှာ ထိုက်သင့်တဲ့ နှုန်းထားပေးမယ်ဆိုတဲ့ပုံစံနဲ့ နိုင်ငံတကာမှာလည်းလုပ်ပါတယ်။ ၂၀၀၂ ကတည်းက ကျွန်တော် ဗီယက်နမ်နိုင်ငံရောက်တယ်။ ဗီယက်နမ်နိုင်ငံသည် အာဖရိက က သစ်တွေ၊ အမေရိကကသစ်တွေ တန်ပေါင်းသန်းချီပြီးတော့ သင်္ဘောတွေဆို ၁၀ စင်း၊ ၁၅ စင်း ကမ်းမှာ တန်းစီဆိုက်ပြီးတော့ သစ်လုံးကုန်ကြမ်းတွေကို ဈေးပေါပေါနဲ့ ဝယ်ပါတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံမှာ ပိတောက်တစ်တန်ကို ဒေါ်လာနှစ်ထောင်လောက်ဖြစ်တဲ့အချိန်မှာ ဗီယက်နမ်နိုင်ငံမှာ အာဖရိက ပိတောက်ကို ဒေါ်လာသုံးရာနဲ့ တင်သွင်းပြီးမှ ကျွန်တော်တို့ရဲ့ ဈေးကွက်နဲ့အပြိုင် ဥရောပကို ထိုးဖောက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့က ပိတောက်တစ်တန် ဒေါ်လာသုံးရာကို မြန်မာပြည်ကို တင်သွင်းခွင့်ပေးဖို့ ကျွန်တော်တို့ တောင်းဆိုခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲ့ဒီအချိန်မှာရှိတဲ့ မူဝါဒက ပြည်ပနိုင်ငံက တင်သွင်းတဲ့သစ်ကို ခွင့်မပြုတဲ့အတွက် ကျွန်တော်တို့ ဒီအခွင့်အရေး ဆုံးရှုံးပြီးတော့ ဗီယက်နမ်နိုင်ငံက ဒါကိုရရှိသွားခြင်း ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ထပ်ပြီးဆုံးရှုံးလို့ မရတော့ပါဘူး။

ကြီးမြန်သစ်ပင်စိုက်ပျိုးတဲ့ စီမံကိန်းတစ်ခု MIC ကိုလာတယ်။ ကျွန်တော်တို့ခွင့်ပြုတယ်။ ဒီလိုစိုက်ခင်းတွေ၊ ကိုယ်ပိုင်စိုက်ခင်းတွေ တည်ထောင်ပေးရမယ်။ ပြည်ပမှာရှိတဲ့ ကျွန်တော်တို့ ထက်ပိုပြီးတော့ သစ်တောပေါများတဲ့နိုင်ငံက ကုန်ကြမ်းတွေကို ပြည်တွင်းကို အခွန်ကင်းမဲ့စွာ ဝင်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တည်ဆောက်ပြီးသား သစ်စက်တွေ၊ တည်ဆောက်ပြီးသား အချောထည်လုပ်ငန်းတွေ

*စာမျက်နှာ ၉ သို့*



ဓာတ်ပုံ-ဖိုးဇော်

*စာမျက်နှာ ၈ မှ*

ဆက်လက်တည်တံ့ ခိုင်မြဲရေးအတွက်လည်း ဒီမူဝါဒတွေပြင်ဆင်ဖို့ ကျွန်တော်တို့ MIC မှာ တင်ထားပါတယ်။ ဥက္ကဋ္ဌကလည်း အင်မတန် စိတ်ဝင်စားပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ ဥက္ကဋ္ဌက ပြောသွားပါတယ်။ ဒါလေး ကျွန်တော် ဖြည့်ပြောတာပါ။

**မေး။ ။ ရခိုင်အရေးဖြစ်ပေါ်နေတဲ့ အချိန်မှာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ အနောက်နိုင်ငံတွေကနေ မလာတော့ဘူး။ ရင်းနှီးမြှုပ်နှံမှု ကျဆင်းနေတယ်ဆိုတဲ့ သတင်းထုတ်ပြန်ချက်တွေလည်း ရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအကာအကွယ်၊ ပြင်ဆင်မှုတွေ ကြိုတင်လုပ်ဆောင်ထားပါသလဲဆိုတာ ဆက်လက်ပြီး ဆွေးနွေးပေးပါဦး။**

ဦးဌေးချွန်။ ။ ရခိုင်အရေးအခင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းသွားတယ်ဆိုတာ အထိုက်အလျောက် မှန်ပါတယ်။ ဒါဟာ ဘယ်လိုဖြစ်လာတာလဲဆိုရင် ပြည်ပမီဒီယာတချို့က လွဲမှားတဲ့သတင်းတွေအပေါ်မှာ အခြေခံပြီးတော့ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေလည်း နည်းနည်းနှေးသွားပါတယ်။ ခွင့်ပြုမိန့်ပေးပြီးသား ပါမစ်တွေမှာလည်း အထိုက်အလျောက် ထိခိုက်တာကို တွေ့ရပါတယ်။ ဥပမာ- လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်လောက်က ခွင့်ပြုမိန့်ပေးထားတဲ့ လုပ်ငန်းတစ်ခုမှာဆိုရင် အဲဒီလွဲမှားတဲ့ အချက်အလက်တွေကြောင့် အုပ်ချုပ်မှုအဖွဲ့တစ်ခုလုံး ထွက်သွားတယ်။ နောက်ထပ်တချို့ရှယ်ယာအဖွဲ့ဝင်တွေကလည်း ထွက်သွားတယ်။ အဲဒီတော့ ခွင့်ပြုထားတဲ့ တည်ဆောက်ရေးကာလကျော်ခါနီး ဖြစ်သွားတာတွေရှိတယ်။ အဲဒါမျိုးတွေဆိုရင် အခုတကယ်ပြန်ပေးရင် ဒီရင်းနှီးမြှုပ်နှံသူက အုပ်ချုပ်မှုအဖွဲ့ကို အသစ်ပြန်ရှာဖွေပြီးတော့ MIC ကို ပြန်လာတင်တယ်။ ဥပမာ- သူ တည်ဆောက်ရေးကာလ ကုန်ခါနီးဖြစ်နေလို့ အခက်အခဲတွေ့နေပြီ ။ နောက်အုပ်ချုပ်မှု အဖွဲ့အသစ်နဲ့၊ ရှယ်ယာအဖွဲ့ဝင်အသစ်နဲ့ MIC ကို ပြီးခဲ့တဲ့ အပတ်ကလာပြီးတော့ တင်တဲ့ပုံစံမျိုးတွေမှာ ကျွန်တော်တို့ MIC ကနေပြီးတော့ လိုအပ်တဲ့ ပံ့ပိုးမှုတွေ ကူညီမှုတွေပေးပါတယ်။

**ရင်းနှီးမြှုပ်နှံမှုမူဝါဒ စိတ်ဝင်စားကြ**

နောက်တစ်ခါ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမှာကတော့ ဒီလိုဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ ကျွန်တော်တို့က ရည်မှန်းထားတဲ့ကဏ္ဍနဲ့ ရည်မှန်းထားတဲ့နိုင်ငံဆိုတာ ထားရပါတယ်။ အားလုံးလာချင်တဲ့သူ လာဆိုတာမျိုး ရည်မှန်းချက်မရှိဘဲနဲ့တော့ မရပါဘူး။ အဲဒီတော့ကျွန်တော်တို့ အနေနဲ့က လွဲမှားတဲ့ မီဒီယာသတင်းတွေကြောင့် ဖြစ်နေတဲ့ အခြေအနေကို ယုံတဲ့လူရှိနေတာတွေကိုလည်း တားဆီးလို့မရပါဘူး။ ဒါကြောင့်လည်း Target Country (ရည်မှန်းထားတဲ့နိုင်ငံ) ကို ဘယ်လိုပြောင်းမလဲ။ ကျွန်တော်တို့က အရှေ့တိုင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေ၊ နောက်တစ်ခါ အာဆီယံနဲ့ မိတ်ဖက်နိုင်ငံတွေ ကိုရီးယား၊ အိန္ဒိယ၊ တရုတ်နိုင်ငံတွေကို Target Country ဆိုပြီးတော့ မြှင့်တင်ရေးအသိပညာပေးအစီအစဉ်အဖြစ်နဲ့ ထပ်ပြီးတော့ လုပ်ပါတယ်။ ဒီနည်းနဲ့ ကျွန်တော်တို့ MIC ဥက္ကဋ္ဌက one belt one road (ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု) အစည်းအဝေး ဟောင်ကောင်သွားရင်းနဲ့ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအိုက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေ၊အုပ်ချုပ်မှုစနစ်အသစ်တွေ ဒါတွေကို ရှင်းသွားတဲ့အခါမှာ အင်မတန်စိတ်ဝင်စားကြတယ်ဆိုတဲ့ အခြေအနေကို တွေ့ရပါတယ်။ ဒီလိုပဲ ထိုင်းမှာ အစည်းအဝေးလုပ်တဲ့အခါမှာ ကျွန်တော်တို့ ဒေသတွင်းမှာ ရင်းနှီးမြှုပ်နှံမှု အများကြီးပြုနေတဲ့ CP ကုမ္ပဏီလို အဲဒီလို ကုမ္ပဏီတွေ မြန်မာနိုင်ငံကို ဝင်ရောက်လာရေးအတွက် Promotion awareness Program အနေနဲ့ အကုန်လုံး စည်းရုံးတွေ့ဆုံဆွေးနွေးပြီး ဖိတ်ခေါ်တဲ့ အစီအစဉ်မျိုးတွေရှိပါတယ်။

**ရည်မှန်းထားတဲ့နိုင်ငံကို ပြောင်း**

ကျွန်တော်တို့ကတော့ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ရည်မှန်းထားတဲ့နိုင်ငံ Target Country ကို ပြောင်းရမှာပါ။ အဲဒီလိုမျိုးနဲ့ ဆောင်ရွက်သွားခြင်းအားဖြင့် အားလုံးရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနိမ့်ကျသွားမှုကို ကာကွယ်ဆောင်ရွက်နေပါတယ်။ စီးဝင်သင့်တာထက်စီးဝင်ဖို့နဲ့ Quality Investment တွေ စီးဝင်လာစေရေးကိုလည်း ဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ တကယ်လက်တွေ့ဆောင်ရွက်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ အရှေ့နဲ့အနောက်နိုင်ငံတွေ ယှဉ်လိုက်မယ်ဆိုရင် အရှေ့ကနိုင်ငံတွေနဲ့ ဆက်သွယ်ပြီးတော့လုပ်ရင် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်ယံကြောက ပိုပြီးတော့ လွယ်ကူတာ၊ နားလည်လွယ်တာကိုလည်း တွေ့ကြုံရပါတယ်။

ဦးအေးလွင်။ ။ ရခိုင်ကိစ္စအရေးကို မေးတဲ့ မေးခွန်းက အဓိကကျပါတယ်။ ဆရာဦးဌေးချွန်ဖြေသွားတာ တော်တော်ပြည့်စုံနေပါပြီ။ ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့တိုင်းပြည်သည် တကယ့်အချက်အချာကျတဲ့ ဧရိယာရှိတယ်။ လူဦးရေ သန်းပေါင်း ၁၃၀၀ လောက်ရှိတဲ့ တရုတ်ပြည်ကြီးရယ်။ လူဦးရေ သန်း ၁၁၀၀ ကျော်ရှိတဲ့ အိန္ဒိယရယ်။ လူဦးရေ သန်းပေါင်း ၇၀၀ လောက်ရှိတဲ့ အာဆီယံရဲ့ ကြားထဲမှာ အင်မတန်အလားအလာကောင်းတဲ့နေရာမှာရှိတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ အဲဒီတော့ ရခိုင်အရေးက မနေ့တစ်နေ့ကမှ စဖြစ်တာ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ဖြစ်ခဲ့ပါတယ်။ အကြောင်းကြောင်းတွေကြောင့် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်လည်း မဝေဖန်တော့ပါဘူး။ ဒါပေမယ့် ရခိုင်အရေးကြောင့်ပဲ ပြည်ပမီဒီယာတွေက နည်းမျိုးစုံနဲ့ ဝါဒဖြန့်ချိတယ်။ အဲဒီတော့ ကျွန်တော်တို့က အဲဒီအရေးမှာ ထိုက်သင့်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ တွန့်ဆုတ်သွားတယ်။ တချို့ရင်းနှီးမြှုပ်နှံမှုတွေ နည်းနည်း ထိန်းထိန်းသိမ်းသိမ်း စဉ်းစားလာတယ်ဆိုတာတော့ မှန်ပါတယ်။

**ညှိနှိုင်းဆောင်ရွက်ပေးဖို့လို**

ရခိုင်အရေးအခင်းကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ တုံ့ဆိုင်းသွားတဲ့အတွက် ကျွန်တော်တို့ MIC အဖွဲ့ဝင်တွေက နည်းစနစ်တစ်ခု ပိုရသွားတယ်။ ကျွန်တော်တို့က အခန်းထဲမှာထိုင်ပြီးတော့ လာတဲ့သူကို မစောင့်တော့ဘူး။ ကျွန်တော်တို့က အပြင်ထွက်ကြတယ်။ ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ အပြင်ထွက်ကြတယ်။ ကျွန်တော်တို့လည်း ထွက်ကြတယ်။ အပြင်မှာ ကျွန်တော်တို့ သွားရောက်ပြီးတော့ အခုဥက္ကဋ္ဌ ဦးသောင်းထွန်းက အရည်အသွေးမီတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုန်ပစ္စည်းနာမည်ရှိပြီးတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ကျွန်တော်တို့ ဖိတ်ခေါ်လာပါတယ်။ သူတို့လာနိုင်ဖို့ ဒီဘက်က ဥပဒေတွေကိုလည်း အမြန်တည်ဆောက်ပေးရပါတယ်။ ဥပမာအားဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်လိုဟာမျိုး၊ စံချိန်စံညွှန်းနဲ့ဆိုင်တဲ့ ဥပဒေတွေလိုဟာမျိုး၊ စံချိန်စံညွှန်းတွေဖြစ်ဖို့၊ နောက်မြေယာဥပဒေတွေကို ပြင်ဆင်နေပါတယ်။ အရှုပ်ထွေးဆုံး မြေယာဥပဒေဟာ ကျွန်တော်တို့ တိုင်းပြည်မှာပဲရှိတယ်။ ဒါတွေအားလုံးကို ပြန်လည်သုံးသပ်ဖို့လုပ်ဖို့ လိုတယ်ဆိုတဲ့အကြောင်းလည်း ဥက္ကဋ္ဌက ပြောပါတယ်။ ကျွန်တော်တို့ MIC က ဘာနဲ့တူလဲဆိုရင် ကျွန်တော်တို့က တီးဝိုင်းဆရာနဲ့တူတယ်။ ဗမာ့ဆိုင်းဝိုင်းပဲတီးတီး၊ နိုင်ငံခြားဆိုင်းဝိုင်းပဲတီးတီး ရှေ့မှာ လက်ကလေးပြပြီးတော့၊ တီးဝိုင်းဆရာက သံစုံတီးဝိုင်းတီးနိုင်ဖို့တော့လိုပါတယ်။ လောလောဆယ်တော့ တူရိယာတွေ တစ်ခုပြီးတစ်ခု ကိုယ်တီးချင်ရာတွေတီးနေတဲ့ အနေအထားတချို့တွေလည်းရှိနေဆဲပါ။ ဒါကို ကျွန်တော်တို့က ထိန်းညှိပေးရမယ်။ ညှိနှိုင်းဆောင်ရွက်ရမယ်။ ကျွန်တော်တို့ MIC သည် ညှိနှိုင်းဆောင်ရွက်ရမယ့်အဖွဲ့ပါ။ ဒီအတွက် ညှိနှိုင်းဆောင်ရွက်ပေးဖို့လိုပါတယ်။

**လွယ်ကူတဲ့ဈေးကွက်ကို အရင်ထိုးဖောက်**

အရှေ့ကိုမျှော်တဲ့ မူဝါဒက အရှေ့ကိုမျှော်တာတော့ လုံးလုံးမဟုတ်ပါဘူး။ မျှော်တော့ မျှော်ရမယ်။ ကျွန်တော်တို့ MIC သည် ကြိုဆိုလျက်ပါ။ အရှေ့၊ အနောက်၊ တောင်၊ မြောက် လာပါ။ ကျွန်တော်တို့ တိုင်းပြည်အတွက် သင့်တော်တဲ့သူကို ခွင့်ပေးမှာပါ။ သင့်တော်တဲ့ ဥပဒေတွေနဲ့ စပ်အပ်ပြီးတော့ အားပေးမှာပါ။ ဒါပေမယ့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန် စတဲ့ အိမ်နီးနားချင်းတိုင်းပြည်သည် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ရော၊ အမူအကျင့်တွေနဲ့ရော သိပ်ဝေးဝေးလံလံမရှိဘူး။ မိသားစုလိုဖြစ်နေတဲ့ နိုင်ငံ ဖြစ်နေတဲ့အတွက် ဒီနိုင်ငံတွေကိုတော့ အနောက်နိုင်ငံတွေကဲ့သို့ သိပ်ပြီးတော့ တင်းတင်းမစဉ်းစားဘဲနဲ့ ပိုပြီးအလွယ်တကူ ဝင်ရောက်လာနိုင်တဲ့ ပိုပြီးလွယ်ကူတဲ့ဈေးကွက်ကို အရင်ထိုးဖောက်တာပါ။ ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း ကြိုဆိုပါတယ်။ အဖျော်ယမကာကိုလည်း ကျွန်တော်တို့ပေးမယ်။ အဲဒီလိုပေးလို့ မြန်မာပြည်မှာ ယမကာချက်တဲ့သူတွေက သူတို့ အခက်အခဲဖြစ်ပါတယ်ဆိုတဲ့ ထိတွေ့မှုတော့ နည်းနည်းပါးပါးရှိတယ်။ ဒါကို ကျွန်တော်တို့ ချိန်ညှိလုပ်မှာပါ။ တိုင်းရင်းသားတွေလည်း မနစ်နာဘူး။ ရင်းနှီးမြှုပ်နှံသူတွေလည်း လာဖို့လွယ်ကူတာတွေဖြစ်ဖို့ လိုအပ်ပါတယ်။

**တရားမဝင်ဂိတ်တွေ အများကြီးရှိသေး**

ကျွန်တော်တို့ လုပ်ငန်းရှင်တွေရော ဘာတွေပြင်ပြီးပြီလဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ တိုင်းပြည်သည် အိန္ဒိယနဲ့ ကီလိုမီတာ ၁၆၀၀ နယ်နိမိတ်ချင်းဆက်နေတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ ကီလိုမီတာ ၂၀၀ ကျော်ရှိတယ်။ တရုတ်နဲ့ဆို ကီလိုမီတာ ၂၁၀၀ ရှိတယ်။ ထိုင်းနဲ့ဆို ကီလိုမီတာ ၁၈၀၀ လောက်ရှိတယ်။ ဒီလိုနယ်ခြားတွေမှာ တရုတ်နဲ့မြန်မာနယ်ခြားမှာ တရားဝင်ချက်ပွိုင့်လေးခုရှိတယ်။ ဂိတ်ကောင်းကောင်း မထောင်နိုင်သေးဘူး။ ဒါပေမယ့် တကယ်တမ်း တရားမဝင်ဂိတ်တွေ အများကြီးရှိသေးတယ်။ အဲဒီလိုပဲ ထိုင်းနယ်စပ်မှာလည်း တရားဝင်ငါးခုပဲရှိတယ်။ အိန္ဒိယမှာလည်းရှိတယ်။ ဆိုလိုချင်တာက ကျွန်တော်တို့ တိုင်းပြည်မှာ ဆိုရှယ်လစ်ခေတ်ကတည်းက ယနေ့အချိန်အထိ တရားမဝင်ကူးသန်းရောင်းဝယ်မှုလုပ်တဲ့ အမူအကျင့်ကို မလျော့သေးဘူး။ ဒါကို ကြီးကြပ်တဲ့ဌာနတွေကလည်း အားနည်းတယ်။ တရားမဝင်စီးပွားရေးလုပ်ငန်းတွေ ရှိနေသရွေ့ ရင်းနှီးမြှုပ်နှံသူတွေကို ထိပါတယ်။ ပိုပြီးကောင်းတဲ့ E-trade စနစ်တွေရှိတယ်။ နိုင်ငံရပ်ခြားမှာ Electronic လို နည်းပညာကိုသုံးပြီး နယ်စပ်ကုန်သွယ်မှုကို ထိန်းချုပ်နိုင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒါတွေနဲ့ ပတ်သက်ပြီး လက်မှတ်ထိုးထားတာတွေရှိတယ်။ ဒါ့ပြင် ထိန်းချုပ်ဖို့အတွက် အားကောင်းခိုင်မာတဲ့ ဥပဒေတွေရှိလာဖို့လိုတယ်။ တရားဝင်လုပ်တဲ့ လုပ်ငန်းတွေကို အားပေးရမယ်။ လမ်းပန်းဆက်သွယ်ရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာစနစ်တွေကို နယ်စပ်ဒေသမှာ တည်ဆောက်ဖို့လိုတယ်။ အရေးအကြီးဆုံးက ငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေရဲ့ နယ်စပ်ဒေသက ကုန်သွယ်မှုကိုလည်း တရားဝင်ဖြစ်အောင် ဖန်တီးပေးရမယ်။ ဒါတွေ လုပ်ပေးနိုင်ရင် နိုင်ငံရဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုက သာရွှေအိုးထမ်းလာတာကို မြင်ရမှာပါ။

**မေး။ ။ မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအတွက် အခက်အခဲတွေက ဘာတွေလဲ။ ဘယ်လိုစိန်ခေါ်မှုတွေရှိမလဲ။ ကျော်လွှားနိုင်ဖို့အတွက် ဘယ်လိုအကြံပြုချင်သလဲဆိုတာကို ဆက်လက်ပြီး ဆွေးနွေးပေးစေချင်ပါတယ်။**

ဦးဌေးချွန်။ ။ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းတွေ အများကြီးရှိသလို စိန်ခေါ်မှုတွေလည်းရှိပါတယ်။ စိန်ခေါ်မှုမှာ အဓိကအချက်တွေကတော့ အများပြောနေကြတဲ့ မြေဈေးကြီးတယ်။ အခြေခံအဆောက်အအုံ (Infrastructure) တွေ (လျှပ်စစ်၊ လမ်း) စသည်ဖြင့် အားနည်းတယ်။ ကျွမ်းကျင်လုပ်သားတွေ နည်းတယ်။ အလုပ်သမားပြဿနာတွေရှိတယ်ဆိုပြီး ပြောကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့ဆို မြေကအဓိကကျပါတယ်။ Land၊ labor၊ capital ဆိုတာ ဟိုအရင်ပညာရှင်ကြီးတွေ သုံးသပ်ခဲ့တာပါ။

**ဈေးမြှင့်ပြီးတောင်းတဲ့မှုတွေကို ပြင်ဖို့လို**

မြေကို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထိထိရောက်ရောက်လုပ်ဖို့ လိုအပ်နေပါတယ်။ မြေငှားရမ်းခ ဈေးများများရဖို့ပဲ စဉ်းစားနေကြတယ်။ တကယ့် စီးပွားရေးသမားတစ်ယောက်က ဥပမာပြောရရင် ကင်မရာကို ဈေးသက်သက်သာသာနဲ့ရောင်းပြီး ဖလင်များများရောင်းရအောင် ဖလင်စက်ရုံကြီးတည်ထားတယ်ဆိုတာမျိုး ကျွန်တော်တို့ စီးပွားရေးတက္ကသိုလ်တုန်းက သင်ခဲ့ရတယ်။ ဒီတော့ မြေကို ဈေးရမှဖြစ်မယ်ဆိုတဲ့အမြင်က ကျဉ်းပါတယ်။ ဒီအမြင်ကို ပြင်ဖို့လိုပါတယ်။ စက်မှုဇုန်က မြေကွက်တွေကို ကိုယ်တိုင်လည်း မလုပ်ကိုင်ဘူး။ လာငှားတော့လည်း ဈေးမြှင့်ပြီးတောင်းတဲ့မှုတွေကို ပြင်ဖို့လိုပါတယ်။ ဌာနဆိုင်ရာတွေမှာလည်း ဝန်ကြီးဌာန မြေယာတွေရှိတယ်။ ဒါတွေကိုလည်း စနစ်တကျ စီမံခန့်ခွဲဖို့လိုတယ်။ အကုန်လုံး ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။

ဒီစိန်ခေါ်မှုဆိုတာ အခွင့်အလမ်းပါ။ ပြီးခဲ့တဲ့ ၂၅ နှစ်လောက်က ဥပမာကို ပြောပြချင်ပါတယ်။ ရန်ကုန်မှာ မီးတွေပျက်တယ်ဆိုတဲ့ အသံတွေထွက်လာတာနဲ့ စီးပွားရေးသမားတွေက အင်ဗာတာတွေကို တီထွင်တယ်၊ တရုတ်ပြည်က ဘက်ထရီအိုးတွေကို တင်သွင်းပြီး ရောင်းဝယ်ကြတယ်။ အခွင့်အလမ်းက စိန်ခေါ်မှုရှိရင် ဖြစ်လာတာပါပဲ။ အခြေခံအဆောက်အအုံအားနည်းတယ်ဆိုတဲ့ အားနည်းချက်ပေါ်မှာ ရင်းနှီးမြှုပ်နှံသူတွေက ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကို ရှာနေကြပြီ။

ဦးအေးလွင်။ ။ စီးပွားရေးသမားက သူရဲ့ အကျိုးအမြတ် ရရှိအောင်တော့ နံပါတ်(၁) ဦးတည်တယ်။ နံပါတ်(၂)အနေနဲ့ ရင်းနှီးမြှုပ်နှံတဲ့အခါမှာ တရားဝင်ဖြစ်နိုင်တဲ့ လုပ်ငန်းစဉ်တွေနဲ့ အလွယ်တကူ အလုပ်စနိုင်တဲ့

*စာမျက်နှာ ၁၀ သို့*

**❑ ကျွန်တော်တို့ စိစစ်လိုက်တဲ့အခါမှာ ဟိုတလောက စက်မှုဇုန်ဥက္ကဋ္ဌဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြေပါတယ်။ စက်ရုံတွေပိတ်တော့မယ် ကြေညာထားပါတယ်။ ကျွန်တော်တို့ MIC က ခေါ်တွေ့ပါတယ်။ စာရင်းပြုစုပါတယ်။ ပြုစုတဲ့အခါမှာ သူပြောတဲ့ စက်ရုံပေါင်း ၁၄ ရုံလား၊ ၁၆ ရုံလားမသိဘူးရှိတယ်။ MIC နဲ့ ပတ်သက်တဲ့ စက်ရုံက လေးရုံလား၊ ခြောက်ရုံလား မသိဘူးပါတယ်။ ကျွန်တော်တို့တွေကတော့ တစ်ဆင့်ခံတွေ၊ ပင်ရင်းရတဲ့ ကန်ထရိုက်က သူ့ကိုမပေးမှာစိုးလို့ တစ်ဆင့်ခံတွေကို ထပ်ဆင့်ပြီးတော့ ပေးတယ်။ သူကတော့ တစ်ဒါဇင်ကို ဒေါ်လာ ၂၀ နဲ့ရရင် ရမယ်။ ၂၅ နဲ့ ရရင်ရမယ်။ နောက်တစ်ဆင့်တွေကို ၁၅ ဒေါ်လာနဲ့ ပေးရင်ပေးမယ်။ ၁၈ နဲ့ ပေးရင်ပေးမယ် ဒီလို အဆင့်ဆင့်တွေ၊ စက်ရုံသေးသေးလေးတွေက စည်ပင်သာယာမှတ်ပုံတင်ထဲရော၊ MIC ထဲရော ပါတာမဟုတ်ဘူး။ သာမန်စက်ရုံလေးတွေက စက်ရုံငှားပြီးတော့ စက်ရုံခဈေးကြီးလို့ ဟိုဘက်စက်ရုံပြောင်းတယ်။ အစောပိုင်းကပြောသလို ပုသိမ်မှာဆိုရင် စက်ရုံကြီး သွားရင်းတယ်။ ရန်ကုန်က စက်ရုံသည် ISO Standard နဲ့ မညီတဲ့အခါမှာ သူ အော်ဒါမရမှာစိုးလို့ သူ့စက်ရုံပိတ်သိမ်းတယ်။ ဒီမှာ ပိတ်သိမ်းပေးမယ့် ဟိုဘက်ကို အကြီးကြီးသွားတယ်။ ဒီအချက်အလက်တွေက ကြားထဲမှာ ပျောက်ပြီးတော့ သတင်းအရ စက်ရုံတွေ ပိတ်ကုန်ပြီဆိုတဲ့ ကောလာဟလဖြစ်တာတွေကို ကျွန်တော် ထပ်ဆင့်ရှင်းလင်းတာပါ**

# ငွေလဲလှယ်နှုန်းမြင့်တက်ပြီး ကျပ်ငွေတန်ဖိုးကျဆင်းခြင်းရဲ့ အရင်းခံပြဿနာကို ကုစားဖို့ လိုအပ်ပါတယ်

ဦးစိုးသိန်း (မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ)

**နိုင်ငံခြားငွေလဲလှယ်နှုန်းကိစ္စ၊ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်း၊ ကျပ်ငွေတန်ဖိုး လျော့ကျခြင်းကြောင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုစသည်တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

***ယမန်နေ့မှအဆက်***

မေး။ **မြန်မာကျပ်ငွေတန်ဖိုးလျော့ကျခြင်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ် ဘယ်လိုသက်ရောက်မလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ပို့ကုန်နဲ့သွင်းကုန် မညီမျှမှုဖြစ်ပြီး ကုန်သွယ်မှုလိုငွေပြနေချိန်မှာ ငွေကြေးတန်ဖိုးကျဆင်းခြင်းကြောင့် သွင်းကုန်တင်သွင်းသူတွေအနေနဲ့ သွင်းကုန်ဈေးနှုန်းမြင့်မားလာလို့ သွင်းကုန်တင်သွင်းမှု လျော့ချလာခြင်း၊ တစ်ဖက်မှာလည်း ငွေတန်ဖိုးကျလာလို့ ပို့ကုန်တင်ပို့သူတွေအနေနဲ့ အကျိုးအမြတ်ပိုမိုရရှိနိုင်ပါတယ်။ ပို့ကုန် (Export) ကို ပိုမိုတင်ပို့နိုင်ရင် စီးပွားရေးအကျိုးအမြတ်ပိုမိုရနိုင်ပါတယ်၊ ဒါကြောင့် ငွေတန်ဖိုးကျခြင်းက ကောင်းတယ်လို့ပြောနိုင်ပေမယ့် ထိုသို့ပြောဆိုရင် ဘယ်သူမှ ကျေနပ်မှာမဟုတ်ဘူး။

**ငွေတန်ဖိုးကျဆင်းခြင်း**

အကြောင်းက ငွေတန်ဖိုးကျဆင်းခြင်းမှာ တစ်ဦးချင်းစီအနေနဲ့ ကုန်ဈေးနှုန်းမြင့်မားမှုဒဏ်ကို ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးတစ်ခုလုံးနဲ့ကြည့်ရင် ငွေတန်ဖိုးကျဆင်းခြင်းဟာ စီးပွားရေးအချိုးမညီမျှမှုကို အချိုးညီလာစေဖို့ အလိုအလျောက်ထိန်းညှိပေးခြင်း ဖြစ်ပါတယ်။ ဒီလို ထိန်းညှိသွားရင် ကုန်သွယ်မှုအချိုးမညီမှုကြောင့်ဖြစ်ပေါ်မယ့် Trade Deficit က တဖြည်းဖြည်းကျဉ်းမြောင်းလာပြီး နောက်ဆုံးမှာ အားမျှခြေ (Equilibrium) ကို ရောက်ရှိသွားနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ငွေကြေးတန်ဖိုးကျဆင်းချိန်မှာ ဗဟိုဘဏ်က ဘာမှမလုပ်ဘူးလားလို့ ဝေဖန်တာကို ခံရပါတယ်။ မိမိတို့အနေနဲ့လည်း ဒီလိုဝေဖန်မှုကို လက်ခံရမယ့်အဖွဲ့အစည်းဖြစ်လို့ လက်ခံပါတယ်။ ဒါပေမယ့် ငွေတန်ဖိုးကျဆင်းတိုင်းသာ ဗဟိုဘဏ်အနေနဲ့ ဝင်ရောက်အထောက်အပံ့ပြုနေရင် စီးပွားရေးက တိုးတက်တော့မှာ မဟုတ်ပါဘူး။ ယခုလို ငွေလဲလှယ်နှုန်းမြင့်မားခြင်းကို လွှတ်ပေးဖို့နဲ့ ငွေလဲလှယ်နှုန်းဟာ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားအတိုင်းရှိနေပါစေလို့ ပညာရှင်တွေကလည်း ထောက်ပြခဲ့ပါတယ်။ ဒါပေမယ့် ဗဟိုဘဏ်အနေနဲ့ Speculation ကြောင့် လည်းကောင်း၊ Seasonal ကြောင့်လည်းကောင်း အခုလို ယာယီအားဖြင့် ငွေလဲလှယ်နှုန်းလွန်စွာမြင့်မားမှုကို ဝင်ရောက် Cusion ပြုလုပ်ပေးခြင်းဖြင့် ငွေလဲလှယ်နှုန်း အတက်အကျမြင့်မားမှုကို သက်သာစေနိုင်ပါတယ်။ Theory အရ ခြုံငုံသုံးသပ်ရင် ငွေတန်ဖိုးကျဆင်းမှုမှာ စိုးရိမ်စရာ၊ ကြောက်စရာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ခေါင်းကိုက်ခြင်းဟာ ဝေဒနာမဟုတ်ပါဘူး။ ဝေဒနာတစ်ခုကြောင့် ခေါင်းကိုက်ခြင်းဖြစ်ပါတယ်။ ဥပမာ နှလုံးရောဂါ သို့မဟုတ် Anemia ကြောင့် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ခေါင်းကိုက်ရင် လတ်တလောသက်သာစေဖို့ ပါရာစီတမော သောက်ရမှာဖြစ်ပေမယ့် အရင်းခံဖြစ်တဲ့ နှလုံးရောဂါကုသမှသာ ခေါင်းကိုက်ပျောက်ကင်းမှာဖြစ်ပါတယ်။

ယခု ငွေလဲလှယ်နှုန်းမြင့်တက်ပြီး ကျပ်ငွေတန်ဖိုးကျဆင်းခြင်းရဲ့ အရင်းခံပြဿနာကို ကုစားဖို့ လိုအပ်ပါတယ်။ Structural Problem ကို ရှာဖွေရမှာဖြစ်ပြီး ငွေလဲလှယ်နှုန်းကျဆင်းတိုင်း ဗဟိုဘဏ်က ကာကွယ်ရမယ်လို့ သုံးသပ်ခြင်းက မမှန်ကန်ပါဘူး။ ကျပ်ငွေတန်ဖိုးကျဆင်းရခြင်းမှာ Structural Problem ကို Adjusting Factor တစ်ခုသာဖြစ်လို့ မိမိတို့အနေနဲ့ ဝင်ရောက်ကိုင်တွယ်ဖို့ မလိုပါဘူး။ ဒီအချက်က အရေးကြီးပါတယ်။ မိမိရဲ့အတွေ့အကြုံအရ ၂၀၁၂ မတိုင်ခင်က တရားဝင်ငွေလဲလှယ်နှုန်းက တစ်ဒေါ်လာ ခြောက်ကျပ်ရှိခဲ့ပါတယ်။ ထိုအချိန်က ပြင်ပဈေးကွက်မှာ ငွေလဲလှယ်နှုန်းက လွန်စွာမြင့်မားခဲ့လို့ ဖမ်းဆီးမှုတွေ (Administrative Measure) ပြုလုပ်ခဲ့ပေမယ့် မရရှိဘဲ နောက်ပိုင်းမှာ ကွာဟချက်က မြင့်မားဆဲဖြစ်ခဲ့ပါတယ်။ ဒုတိယအချက်က ၂၀၁၂ ခုနှစ်၊ ဧပြီလမှာ တရားဝင်ငွေလဲလှယ်နှုန်းနဲ့ တရားမဝင်ငွေလဲလှယ်နှုန်းကို ပေါင်းစည်းတဲ့ Exchange Rate Unification ပြုလုပ်ခဲ့ပါတယ်။ စတင်တဲ့အချိန်မှာ ကုန်သွယ်မှုကိုကြည့်ပါက ၂၀၀၆-၂၀၀၇ မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထိ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကနေ ၃ ဘီလီယံအထိ Trade Surplus ပေါ်ခဲ့ပါတယ်။ ဒါကြောင့် Exchange Rate Unification မပြုလုပ်မီ

> **"ကျပ်ငွေတန်ဖိုးကျဆင်းရင် ပို့ကုန်လုပ်ငန်းရှင်တွေ ပျော်ပြီးငြိမ်နေသော်လည်း သွင်းကုန်လုပ်ငန်းရှင်တွေ ဈေးကြီးလို့ ညည်းတွားမှုများရှိပါတယ်။ ထိုနည်းတူ ကျပ်ငွေတန်ဖိုးမြင့်မားလာရင် ပို့ကုန်လုပ်ငန်းတွေ ညည်းတွားပါတယ်။ ဒါကြောင့် ငွေလဲလှယ်နှုန်း ကျသည်ဖြစ်စေ၊ တက်သည်ဖြစ်စေ ဝေဖန်မှုတွေ ရှိမှာဖြစ်လို့ ဗဟိုဘဏ်အနေနဲ့ ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားပါတယ်"**

လုပ်သင့်၊ မလုပ်သင့်ကို IMF အပါအဝင် စဉ်းစားခဲ့ကြရာ မိမိတို့ငွေကြေးက အလွန်ခိုင်မာခဲ့သဖြင့် Exchange Rate Unification ပြုလုပ်ခဲ့ရပါတယ်။ ထိုအချိန်က ကနဦးအနေနဲ့ အမေရိကန်တစ်ဒေါ်လာကို ၈၂၀ ထိ သတ်မှတ်ခဲ့ပြီး ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာလျှင် ၇၈၀ ထိ ကျဆင်းခဲ့လို့ ကျပ်ငွေတန်ဖိုးခိုင်မာမှုရှိခဲ့တယ်။ အကြောင်းက Trade Surplus ပေါ်ခဲ့၍ဖြစ်ပါတယ်။ ယင်းနောက်ပိုင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစပြီး Trade Deficit ပေါ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ် Trade Deficit မှာ သိသိသာသာဖြစ်ပေါ်ခဲ့ပါတယ်။

**ဝယ်လိုအားနဲ့ ရောင်းလိုအား**

အခုဆိုရင် Trade Deficit က အမေရိကန်ဒေါ်လာ ၃ ဘီလီယံမှ ၅ ဘီလီယံကြား ဖြစ်ပေါ်နေပါတယ်။ မိမိပြောချင်တဲ့ အဓိကအချက်က ငွေလဲလှယ်နှုန်းကို Control ပြုလုပ်ထားလို့ မရပါဘူး။ ငွေလဲလှယ်နှုန်းက ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားအရ ပြောင်းလဲခြင်းဖြစ်လို့ ဝယ်လိုအားနဲ့ ရောင်းလိုအားကို လွှမ်းမိုးထားတဲ့ Factor တွေကိုသာ မိမိတို့က လိုက်ပြင်ရမှာဖြစ်ပါတယ်။ မပြင်နိုင်ပါရင် ယင်းငွေလဲလှယ်နှုန်းကို လက်ခံပေးဖို့လိုပါတယ်။ လက်ခံမပေးနိုင်ဘဲ ငွေလဲလှယ်နှုန်းမြင့်တက်မှုကို ကျဆင်းဖို့ အတင်း ပြုလုပ်ရင် နောက်ဆုံးငွေလဲလှယ်နှုန်းကျဆင်းအောင် မပြုလုပ်နိုင်ဘဲ ဗဟိုဘဏ်အနေနဲ့ ဆုံးရှုံးမှုသာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ Exchange Rate ကျဆင်းတိုင်း မကောင်းဟု မဆိုလိုနိုင်ပါဘူး။ ဒါပေမယ့် ယခုလို တစ်လနှစ်လအတွင်း ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ငွေတန်ဖိုးကျဆင်းပြီး Exchange Rate Volatile ဖြစ်ပေါ်ခြင်းကိုမူ လက်ခံဖို့ မသင့်ပါဘူး။ အရေးကြီးတာက Exchange Rate Stability ဖြစ်ဖို့ လိုပါတယ်။Stability ဆိုရာမှာ ငွေလဲလှယ်နှုန်း မြင့်တက်ပါက ဖြည်းဖြည်းချင်း မြင့်တက်သွားပြီး ကျဆင်းပါကလည်း ဖြည်းဖြည်းချင်းကျဆင်းခြင်းကို ဆိုလိုပါတယ်။ ဒါကြောင့် Exchange Rate ကို ဈေးကွက်အတိုင်းထားခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ မိမိတို့ကို အကြံပေးလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့အနေနဲ့ Currency SWAP အစီအစဉ်ကိုပြုလုပ်ဖို့ သိပ်သဘောမတူပါဘူး။ ဗဟိုဘဏ်အနေနဲ့ ဈေးကွက်ကို ဝင်ရောက်ခြင်းမပြုဘဲ ဈေးကွက်လဲလှယ်နှုန်းအတိုင်း လွှတ်ထားဖို့ Market က သူ့ဟာသူ Settle ဖြစ်ပါစေလို့ အကြံပြုပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘယ်လိုအခြေအနေမှာ ဈေးကွက်ကိုဝင်ရောက်သင့်တယ်၊ မသင့်ဘူးဆိုတာကို ရှင်းပြခြင်း ဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ အတိုင်းအတာတစ်ခုထက်ပိုပြီး ဝင်ရောက်စွက်ဖက်လို့မသင့်ပါဘူး။ Volatile ဖြစ်နေချိန်မှာ ဈေးကွက်အတွင်း အတင်းဝင်ရောက်ရောင်းဝယ်ခြင်းမပြုဘဲ နောက်ပိုင်းကနေ Policy ကို Adjustment ပြုလုပ်ပေးခြင်းဖြင့် ငွေလဲလှယ်နှုန်းတည်ငြိမ်ရေး ဆောင်ရွက်ဖို့အရေးကြီးပါတယ်။ Exchange Rate Unification စတင်ခဲ့စဉ်က အမေရိကန်တစ်ဒေါ်လာကို ၈၂၀ ကျပ် သတ်မှတ်ခဲ့တာကို Exporter များက ပေါက်ကွဲခဲ့ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၀၀၀ ကျပ် သတ်မှတ်သင့်တယ်လို့ အဆိုပြုခဲ့ပါတယ်။

**ညှိနှိုင်းဆောင်ရွက်ပေး**

တစ်ဖန်ငွေလဲလှယ်နှုန်းက ဈေးကွက်မှာ အမေရိကန် တစ်ဒေါ်လာကို ၇၈၀ ကျပ်ခန့် ကျဆင်းသွားချိန်မှာ Export လုပ်ငန်းတွေကို ဗဟိုဘဏ်ကဝင်ရောက်ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ မိမိတို့က မလုပ်ပေးခဲ့ပါဘူး။ နောက်ပိုင်း ၆ လမှ တစ်နှစ်ခန့်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၀၀၀ ပတ်ဝန်းကျင်ဖြစ်ခဲ့ပါတယ်။ ကျပ်ငွေတန်ဖိုးကျဆင်းရင် ပို့ကုန်လုပ်ငန်းရှင်တွေ ပျော်ပြီးငြိမ်နေသော်လည်း သွင်းကုန်လုပ်ငန်းရှင်တွေ ဈေးကြီးလို့ ညည်းတွားမှုများရှိပါတယ်။ ထိုနည်းတူ ကျပ်ငွေတန်ဖိုးမြင့်မားလာရင် ပို့ကုန်လုပ်ငန်းတွေ ညည်းတွားပါတယ်။ ဒါကြောင့် ငွေလဲလှယ်နှုန်းကျသည်ဖြစ်စေ၊ တက်သည်ဖြစ်စေ ဝေဖန်မှုတွေ ရှိမှာဖြစ်လို့ ဗဟိုဘဏ်အနေနဲ့ ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားပါတယ်။ တချို့ကိစ္စရပ်များက နည်းပညာ (Technical) ဆန်လို့ သာမန်လူနားလည်စေဖို့ ရှင်းပြရေးမှာခက်ခဲပြီး မလွယ်ကူပါဘူး။ ဒါပေမယ့် ဗဟိုဘဏ်အနေနဲ့ နားလည်အောင် ရှင်းပြဖို့တာဝန်ရှိလို့ ယခုလို ရှင်းလင်းပွဲပြုလုပ်ပေးရခြင်း ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ Technical သဘောတရားကို သာမန်လူတွေ အတိုင်းအတာတစ်ခုအထိ နားလည်စေဖို့ရှင်းပြပေးမှာ ဖြစ်ပါတယ်။ အဓိကက ဈေးကွက်ကို ဘယ်သူမှဆန့်ကျင်လို့မရပါဘူး။ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားအရ ဖြစ်ပေါ်မှုကို ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားကို ထိန်းညှိနိုင်တဲ့အချက်ကို အခြားဝန်ကြီးဌာနများနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမယ့်အပြင် ဗဟိုဘဏ်ကိုယ်တိုင် ဖြည့်ဆည်းပေးနိုင်မယ့် အခြေအနေတွေကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ လက်ရှိအခြေအနေကို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်သွားဖို့နဲ့ စိတ်ရှည်သည်းခံပြီး စောင့်ဆိုင်းသွားဖို့ လိုပါတယ်။ ။

**သတင်းအဖွဲ့**

---

*စာမျက်နှာ ၉ မှ*

အရာတွေကို စိတ်ဝင်စားတယ်။ တတိယအချက်က သူ့ရဲ့ကုန်ကြမ်းတွေ အားလုံးကို အလွယ်တကူ တင်ပို့၊ ရောင်းချတဲ့ လုပ်ငန်းစဉ်ကို မျှော်လင့်ပါတယ်။ ဒါကြောင့် လုပ်ငန်းတစ်ခုကို MIC က ခွင့်ပြုပေမယ့် ဘာလို့မစနိုင်လဲဆိုတာက စည်ပင်သာယာနဲ့ ငြိနေလို့၊ အရှေ့အနောက် ခုနစ်အိမ်က လက်မှတ်မထိုးလို့ စတဲ့မလိုလားအပ်တဲ့ အသေးအဖွဲ့ ကြန့်ကြာမှုတွေရှိသလို သက်ဆိုင်ရာဝန်ကြီးဌာနတွေကပေးရမယ့် ထောက်ခံချက်တွေကို ဘယ်ဌာနက အရင်ပေးမလဲ၊ ဘယ်ဌာနက နောက်မှပေးမလဲဆိုတဲ့ ဌာနတစ်ခုနဲ့တစ်ခု ချုပ်ကိုင်ထားပြီး ဌာနစုံမှ လက်မှတ်ထိုးမယ်ဆိုတဲ့ အလေ့အထတွေကို ပြန်လည်ညှိနှိုင်းဖို့လိုပါပြီ။ ဥပမာ -ကိစ္စတစ်ခု ပြေလည်ဖို့ ကျွန်တော်က ၁၀ နှစ် ကြိုးစားတယ်။ သစ်အခြေခံစက်ရုံ လုပ်တယ်ဆိုတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဟာ စက်ရုံထောင်ပြီးရင် ပထမဦးဆုံး သစ်စက်လိုင်စင်လျှောက်ဖို့ လိုတယ်။ သွားလျှောက်တဲ့အခါမှာ သစ်တောဦးစီးဌာနက ဖြေတယ်။ စည်ပင်နဲ့စက်မှု လိုင်စင်ပါရင် လုပ်ပေးမယ်လို့ပြောတယ်။ စက်မှုသွားတဲ့အခါ စည်ပင်နဲ့သစ်စက်လိုင်စင်ရရင် လုပ်ပေးမယ်ပြောတယ်။ စည်ပင်သွားတော့ စက်မှုနဲ့ သစ်တောလိုင်စင်ရမှ လုပ်ပေးမယ် အကြောင်းပြန်တယ်။ ဒီတော့ လုပ်ငန်းစဉ်က ဘယ်ကစရမှန်းကို မသိတော့ဘူး။ ဒီတော့ ကျွန်တော့်မှာ ဘယ်သူက လုပ်မလဲ၊ ဘယ်သူက ပေးမလဲဆိုပြီး မေးရတယ်။ ဒီအခါမှ ဘယ်ဌာနက ဘယ်သူ အရင်လုပ်ရမယ်ဆိုတဲ့ လုပ်ငန်းစဉ်ပေါ်လာတယ်။ နောက်လိုင်စင်သက်တမ်းမှာ စည်ပင်နဲ့စက်မှုက လိုင်စင်သက်တမ်းကို တစ်နှစ်သက်တမ်းပဲ ပေးတယ်။ သစ်စက်လိုင်စင်ကတော့ ငါးနှစ်သက်တမ်းပေးတယ်။ တစ်ခါ လိုင်စင်ပြန်လျှောက်ရင် ခြောက်လကြာတယ်။ ဒီလို သက်တမ်းတိုးရတဲ့စနစ်တွေကိုလည်း အခုခေတ်မှာ အွန်လိုင်းနဲ့ လျှောက်လို့ရအောင် စနစ်တွေကို ပြင်သင့်ပြီ။ ကျန်းမာရေး၊ လူမှုရေး စတဲ့ကိစ္စတွေကိုလည်း အဆင်ပြေချောမွေ့အောင် တစ်ခါတည်း ပြင်သင့်ပြီ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဒါတွေကြောင့်ပဲ နှောင့်နှေးကြတယ်။ ပြုပြင်ဖို့လိုပါတယ်။ ကျွန်တော်ဆိုလိုချင်တာက စိန်ခေါ်မှုနဲ့ အခွင့် အလမ်းဟာ အပြိုင်လာတယ်။ စိန်ခေါ်မှုကို အခွင့်အလမ်းဖြစ်အောင်လုပ်နိုင်ရင် ကျွန်တော်တို့အတွက် အလားအလာကောင်းပါတယ်။

**မူဘောင်ထဲကနေ**
**အခွန်ဆောင်လာ**

နောက် အခွန်ကိစ္စ၊ နိုင်ငံတော်သည် အခွန်နဲ့ ရပ်တည်ဖို့လိုတယ်။ အခွန်အခတွေကို ကောက်သင့်တာပဲကောက်ပြီး မကောက်သင့်တဲ့ အခွန်တွေကို မကောက်ဖို့လိုတယ်။ ဖွံ့ဖြိုးဆဲကာလမှာ ဘယ်လောက်အထိ လျှော့ချမလဲ၊ ဘယ်လောက်အထိမလျှော့ဘူးလဲဆိုတာတွေ လိုတယ်။ အစိုးရကိုချည်း အပြစ်တင်နေလို့တော့မရဘူး။ လုပ်ငန်းရှင်တွေကရော အခွန်မှန်မှန် ဘယ်လောက်ဆောင်သလဲ။ လုပ်ငန်းရှင်တွေက မိမိတို့ရဲ့ အရှုံးအမြတ်စာရင်းကို ဘယ်လို မှန်မှန်ကန်ကန်ရေးမလဲ။ ဒီအစိုးရမှာ တော်တော်ပြောင်းလဲသွားပြီ။ ကိုယ့်အခွန်ကိုယ်ဆောင်ပြီး မှားရင်ဒဏ်ကြေးဘယ်လောက်ဆိုတာရှိလာတယ်။ ဒဏ်ကြေးကို မြှင့်လိုက်တော့ လူတွေက ကြောက်တော့ အချိန်မီအကြောင်းကြားပြီး အချိန်မီပဲ မူဘောင်ထဲကနေ အခွန်ဆောင်လာကြတယ်။ ဒီတော့ မတ် ၃၁ ရက်နေ့ဆို အခွန်မှူးတွေ မအိပ်ရတော့ဘူး။ အချိန်မီ အခွန်ဆောင်ကြတယ်။ ဒဏ်ကြေးက များလာတာကိုး။ အရင်ကနည်းတော့ မလေးစားကြဘူး။ ကျွန်တော်တို့ကတော့ အခက်ခဲအားလုံးကို အခွင့်အရေးအဖြစ် အသုံးချဖို့လိုတယ်။ နိုင်ငံခြားသားနဲ့ တိုင်းရင်းသားကို ပြိုင်တူ အတူတူအားပေးဖို့ လိုတယ်။ ဌာနဆိုင်ရာတွေကလည်း နိုင်ငံခြားသားမို့ အရင်လုပ်ပေးမယ်၊ တိုင်းရင်းသားမို့ လုပ်ငန်းစဉ်ကို ခဏ နောက်ကျတယ်ဆိုတဲ့ အလေ့အထတွေကို ပြင်ဖို့လိုတယ်။ MIC ဆိုတာကတော့ ဌာနအားလုံးကို ပေါင်းစည်းပေးနိုင်တဲ့ အင်အားမရှိဘူး။ MIC ဥက္ကဋ္ဌကတော့ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့အတွက် သူပေါင်းစည်းညှိနှိုင်းပေးဖို့ တာဝန်ယူတဲ့အတွက် ကျွန်တော်တို့ကတော့ တွေ့ရှိချက်တွေကို တင်ပြတယ်။ သူလည်း ကြိုးစားပြီးဆောင်ရွက်နေတယ်။ အားလုံးလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

**စီမံခန့်ခွဲမှုစနစ်အသစ်မှာ အထူးအလေးထား**

ဦးဌေးချွန်။ ။ ရင်းနှီးမြှုပ်နှံမှုတွေမှာ စိန်ခေါ်မှုကတော့ စတင်ဆောင်ရွက်တဲ့အခါမှာ လွယ်ကူချောမွေ့စေဖို့ ပူးပေါင်းပံ့ပိုးမှု Facilitation ဟာ အင်မတန်အရေးကြီးပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းတွေမှာလည်း ဒါဟာ အရေးကြီးတယ်။ အခု MIC က Facilitation ကို စီမံခန့်ခွဲမှုစနစ်အသစ်မှာ အထူးအလေးထားပြီး ဆောင်ရွက်သွားမယ်ဆိုတာကို ပြောချင်တယ်။

**ဘဏ်ရဲ့အကျိုးဆက်က**
**ဘယ်ကိုသွားမလဲ**

ဦးအေးလွင်။ ။ ဆောက်လုပ်ရေး လုပ်ငန်းတွေ ကျဆင်းသွားတယ်။ အကြောင်းကြောင်းတွေကြောင့် ဘယ်လို ခွင့်ပြုတယ်ဆိုတာကို မဝေဖန်တော့ဘူး။ တကယ်တမ်း စနစ်အတိုင်း ကောက်ထည့်လိုက်ပြီး အဲဒီအတိုင်း သွားမယ်ဆိုတဲ့အခါမှာ ခက်ခဲသွားတယ်။ ဒီနေ့အထိလည်း အငြင်းပွားနေဆဲတွေ ရှိတယ်။ ပန်းရန်တွေ၊ အလုပ်သမားတွေ အလုပ်မရဘူး။ အလုပ်လက်မဲ့တွေ ပေါတယ်ဆိုတာလည်း ဖြစ်တတ်တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားကို တွက်ဖို့လိုတယ်။ အရည်အသွေးပိုင်းကလည်း လိုအပ်တယ်။ ရောင်းဝယ်လို့ရတဲ့နေရာမှာ ဆောက်တာမျိုးလည်း ဖြစ်ဖို့လိုတယ်။ သွားလာရောင်းဝယ်ဖောက်ကားဖို့ လွယ်တဲ့နေရာလည်း ဖြစ်ဖို့လိုတယ်။ အစိုးရညံ့လို့ ဆောက်လုပ်ရေးကျတာ မဟုတ်ဘူး။ အစကတည်းက လွဲခဲ့လို့ ဆောက်လုပ်ရေးကျတာ။ အလျဉ်းသင့်လို့ ပြောတာပါ။ စနစ်ထဲထည့်လိုက်တဲ့အခါမှာ မူဘောင်မဝင်တဲ့သူတွေက ဆက်သွားလို့မရတော့ဘူး။ အကျိုးဆက်က ဘဏ်ကို သွားထိတယ်။ ဘဏ်ရဲ့အကျိုးဆက်က ဘယ်ကိုသွားမလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမယ်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပြောင်းလဲမှုအတွက် အကျိုးရလဒ်၊ ရင်းနှီးမြှုပ်နှံသူများ လိုက်ရမည့်အကြောင်းအရာ၊ လတ်တလောဖြစ်နေသည့် စီးပွားရေးနှင့် ငွေကြေးဈေးကွက်အခြေအနေတို့ကို ဆက်လက်ဖော်ပြပါမည်။

**ရဲခေါင်ညွန့်၊ ဇော်ကြီး**

# ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်)၏ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာ မြေသန့်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ဓမ္မဗျူဟာသာသနမာမကအဖွဲ့များ၏ သင်တန်းမှူးချုပ် ဆရာမကြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း (နေပြည်တော်)အဖွဲ့ခွဲသည် ၂၀၀၈ ခုနှစ်မှစ၍ နှစ်စဉ် အဘိဓမ္မာ (ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်ဓမ္မစာပေ သင်တန်းများကို ဓမ္မဒါနအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအခါ သင်တန်းကျောင်းတော်ကြီး ဆောက်လုပ်ရန်မြေနေရာ ရရှိခဲ့ပြီးဖြစ်သည့်အတွက် ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်းနှင့် ရွှေကြာပင်လမ်းထောင့် ဝန်ထမ်းအိမ်ရာ သစ်များရှေ့၌ (၇၄ ပေ × ၄၄ ပေ) နှစ်ထပ်သင်တန်း ဆောက်လုပ်မည့် မြေနေရာ မြေသန့်မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

မြေသန့်မင်္ဂလာအခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဥပဇ္ဈာယ်ဆရာတော် ... ဥပထ္ထမ္ဘက အဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၊ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် နာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်ချီးမြှင့်သည်။

နေပြည်တော်ရှိ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း တည်ဆောက်ရေးအတွက် ပါဝင်လှူဒါန်းလိုပါက နေပြည်တော်မှ လှူဒါန်းလိုသော အလှူရှင်များသည် မြို့မဈေးအနီး အထက(၅) နေပြည်တော်တွင် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီ ၁၅ မိနစ်အတွင်း ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ပြီး အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ဥက္ကဋ္ဌ ဒေါ်မြအေးစံ၊ ဦးထွန်းထွန်းနိုင် တွဲဖက်ဘဏ္ဍာရေးမှူး ၀၉- ၄၄၈၅၄၅၄၄၁ ပူးတွဲ Joint Bank Account (17730221900 176 001) ကမ္ဘောဇဘဏ်ခွဲ (၄) သပြေကုန်း၊ နေပြည်တော်သို့ ပေးပို့လှူဒါန်းနိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ရေဘေးသင့်ပြည်သူများအတွက် ကောလင်းဒေသခံများက အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၂၃**

ရေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့သူ၊ မြို့သားများ စုပေါင်းထည့်ဝင်သော အလှူငွေကျပ် ၁၅၄၀၂၀၀၀ ကို ကောလင်းမြို့သူ၊ မြို့သားများကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်နှင့်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက်မိတ်ဆက်ခြင်း၊ သန်းခေါင်စာရင်းအချက်အလက်နှင့် Online Interactive Maps အကြောင်း ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နှင့် OneMap Myanmar တို့ ပူးပေါင်းကျင်းပသည့် ပြည်သူ့အင်အားဦးစီးဌာန Website မိတ်ဆက်ခြင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက် REDATAM Database နှင့် Online Interactive Maps ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် OneMap Myanmar မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က တိကျမှန်ကန်သည့် သတင်းအချက်အလက် လျင်မြန်စွာရရှိခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နှစ်(၃၀) အတွင်း ပထမဆုံးအကြိမ် ပြန်လည်ကောက်ယူနိုင်ခဲ့ပြီး သန်းခေါင်စာရင်းရလဒ်များကို အချိန်နှင့်တစ်ပြေးညီ အဆင့်လိုက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် အချက်အလက်အားလုံးကိုလည်း ပြည်သူများ Online မှ ရယူအသုံးပြုနိုင်ရန်အတွက် Website မှလည်း လွှင့်တင်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ Website အား နိုင်ငံတကာအဆင့်မီဖြစ်စေရန်နှင့် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို အချက်အလက် အသုံးပြုသူများမှ အလွယ်တကူရယူနိုင်ရန်အတွက် OneMap Myanmar ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ရာ ယင်း Website အကြောင်းကို ယနေ့ မိတ်ဆက် အသိပေးခြင်းပင်ဖြစ်ပါကြောင်း၊ ထို့အပြင် အချက်အလက်အသုံးပြုသူများအနေဖြင့် မိမိအသုံးပြုချင်သည့် စာရင်းဇယားများကို ကိုယ်တိုင်ပြုစုနိုင်ပြီး မိမိတို့၏စီမံကိန်းများနှင့် သုတေသနလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုနိုင်စေရန်အတွက် REDATAM Database ကိုလည်း ပြုစုခဲ့ပြီးဖြစ်ပါကြောင်းနှင့် သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များမှ Micro Data (၁၀) ရာခိုင်နှုန်းကို တောင်းခံလာပါက ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးမှုကြောင့် မိမိတို့နယ်ပယ်၊ ဒေသအလိုက် စာရင်းအင်းအချက်အလက်များကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA) မှ ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson က ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် အစီရင်ခံစာများ အဆင့်ဆင့်ထုတ်ပြန်နိုင်ရေးအတွက် UNFPA မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေများ၊ OneMap Myanmar မှ တာဝန်ရှိသူတစ်ဦးက Website အသစ်ပြင်ဆင်ရေးဆွဲဆောင်ရွက်ပေးမှုများ၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီက Website နှင့် ပတ်သက်သည်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် Interactive Maps အသုံးပြုပုံ၊ REDATAM Database နှင့် Excel Data ၊ Micro Data Launching နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများမှ သိရှိလို၍ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူခဲ့သော ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ ပြည်ထောင်စုအဆင့် အစီရင်ခံစာများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အဆင့်အစီရင်ခံစာ ၁၅ စောင်၊ အသေးစိတ်ဆန်းစစ်လေ့လာထားသော သုတေသနစာတမ်း ၁၃ စောင်၊ သန်းခေါင်စာရင်းရလဒ် မြေပုံအစီရင်ခံစာ၊ မြို့နယ်/မြို့နယ်ခွဲ အစီရင်ခံစာပေါင်း ၄၀၀ ကျော်တို့ကို ပြုစုထုတ်ပြန်ခဲ့ပြီး ယင်းအစီရင်ခံစာများအား ပြည်သူများ Online မှ အလွယ်တကူရယူ အသုံးပြုနိုင်ရန်အတွက် www.dop.gov.mm ဝက်ဘ်ဆိုက်မှ လွှင့်တင်ခဲ့သည်။

ယခုအခါ ပြည်သူ့အင်အားဦးစီးဌာန၏ Website ကို OneMap Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ရာ အဆိုပါ Website တွင် ပင်မစာမျက်နှာ၊ သန်းခေါင်စာရင်းအကြောင်းအရာများ၊ သန်းခေါင်စာရင်း အစီရင်ခံစာများ၊ စာရင်းဇယားနှင့်မြေပုံများ၊ လူဦးရေဆိုင်ရာ လုပ်ရှားမှုများ၊ ပြည်သူ့အင်အားဦးစီးဌာန၏ နောက်ခံသမိုင်းနှင့် ပြခန်းဟူ၍ ကဏ္ဍ ခုနစ်ခု ခွဲခြားထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့သို့ရောက်ရှိ သတင်းယူ

**မောင်တော ဩဂုတ် ၂၃**

ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့သို့ ရောက်ရှိကြပြီး မောင်တောဒေသ ဖွံ့ဖြိုးရေး၊ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်း သတင်းရယူကြသည်။

သတင်းမီဒီယာ အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက UEHRD အစီအစဉ်ဖြင့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကူညီထောက်ပံ့မှု အခြေအနေများ၊ မောင်တောမြို့နယ်အတွင်း နေအိမ်များ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည်လက်ခံရေးစခန်းများ တည်ဆောက်ထားရှိမှု အခြေအနေနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းက လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြရာ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် လှဖိုးခေါင်ကြားစခန်းသို့ သွားရောက်၍ စခန်းတည်ဆောက်ပြီးစီးမှုကို



ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့ လှဖိုးခေါင်ကြားစခန်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံသတင်းရယူစဉ်။

လှည့်လည်ကြည့်ရှု သတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များသည် ရွှေဇားကျေးရွာသို့ ရောက်ရှိကြပြီး အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူနှင့် ဒေသခံတိုင်းရင်းသားများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နေမှုများကို မေးမြန်း သတင်းရယူကြသည်။

**သတင်း-ရာမည၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-မောင်ခိုင်စိုး(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

(Recurve) အမျိုးသား တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲ ၃၂ ဦး အဆင့်တွင် မြန်မာနိုင်ငံမှ ထိုက်လင်းဦးက ကာဂျစ်စတန်ကစားသမားကို ၆-၀ ဖြင့် အနိုင်ရရှိခဲ့ပြီး ၁၆ ဦး အဆင့်သို့ ရောက်ရှိကာ ၁၆ ဦးအဆင့်တွင် မြန်မာနိုင်ငံမှ ထိုက်လင်းဦးက မလေးရှားကစားသမားကို ၇ - ၁ ဖြင့် ရှုံးနိမ့်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် မြန်မာနိုင်ငံက သီတာနွယ်ဦးက တရုတ်ကစားသမားကို ၆း၀ ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အမျိုးသမီး နှစ်ယောက်တွဲ မီတာ ၂၀၀၀ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အဆင့်(၅) ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်တွင် မူလစိုက်ပျိုးသော တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)များ ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာရှိ မြင့်မြတ်အောင် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက အမှတ်(၈) လေကြောင်းရန်ကာကွယ်ရေးအလုပ်ရုံတပ်ရင်းမှ ပြန်လည်စွန့်လွှတ်မြေ ၁၈၆ ဧကအနက် မူလစိုက်ပျိုးဆောင်ရွက်ခဲ့သော တောင်သူ ၂၇ ဦးသို့ လယ်ယာမြေယာယီလုပ်ပိုင်ခွင့် ပုံစံ(၃) ထုတ်ပေးခြင်းအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသော ဗိုလ်မှူးကြီး မင်းနောင်၊ ဦးအေးမောင်စိန်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသော်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးလက်နေပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြန်လည်စွန့်လွှတ်သည့် မြေများအနက်မှ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)ဖြင့် ပြန်လည်ပေးအပ်ခွင့်ပြုခဲ့သော လယ်မြေ ၂၀ ဒသမ ၂၁ ဧကနှင့် ယာမြေ ၅၄ ဒသမ ၈၃ ဧက စုစုပေါင်း ၇၅ ဒသမ ၀၄ ဧကအား မူလစိုက်ပျိုးခဲ့သည့်



တောင်သူ ၂၇ ဦးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးခဲ့ပြီး ကျန်ရှိသည့် စိုက်ပျိုးနိုင်သော မြေရိုင်းဧရိယာ ၃၀ ဒသမ ၅၄ ဧကကိုလည်း ဒေသခံတောင်သူလယ်သမားများကို လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လူနေထိုင်ရန်/အများပြည်သူနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်ဧရိယာ ၇၃ ဒသမ ၀၈ ဧက၊ ကျွန်းစိုက်ခင်း ဧရိယာ ၁ ဒသမ ၈၄ ဧကတို့လည်း မူလစီမံဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ထို့ပြင် တောင်သူများအနေဖြင့်လည်း ယခု မိမိတို့ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရ မြေယာများကို သားစဉ်မြေးဆက် တိုးတက်အောင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်စေရေး အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ပြန်လည်စွန့်လွှတ်မြေ ၁၈၆ ဧကနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများက မူလစိုက်ပျိုးခဲ့သော တောင်သူများအား ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)များကို လက်ဝယ်အရောက် ထုတ်ပေးခဲ့သည်။

တောင်ညိုကျေးရွာမှ တောင်သူ ဦးတင်မောင်ဦးက "အမှတ်(၈)လေကြောင်းရန် ကာကွယ်ရေး အလုပ်ရုံတပ်ရင်းက လိုအပ်ချက်အရ ကျွန်တော်တို့ စိုက်ပျိုးလုပ်ကိုင်နေတဲ့ စိုက်ပျိုးမြေ ၁၆၇ ဧက၊ မြေလွတ်မြေရိုင်း ၂၂၇ ဧကနဲ့ သစ်တောမြေ ၁၆၂ ဧက စုစုပေါင်း ၅၅၆ ဧကကို သိမ်းဆည်းခဲ့ပါတယ်။ အဲဒီလို သိမ်းဆည်းခဲ့ပေမယ့်လည်း ကျွန်တော်တို့ စိုက်ပျိုးမြေတွေကိုတော့ စဉ်ဆက်မပြတ် လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိတဲ့လယ်မြေ၊ ယာမြေတွေအတွက် အခြားတောင်သူတွေလို လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) မရခဲ့ပါဘူး။ ဒါကြောင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်လည်း ခံစားခွင့်မရခဲ့ပါဘူး။ အခုတော့ မူလစိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ တောင်သူ ၂၇ ဦးကို လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)တွေ ထုတ်ပေးခြင်းခံခဲ့ရပါတယ်။ မကြာခင်မှာလည်း ပုံစံ(၇) ဆက်လက်ရရှိအောင် ဆောင်ရွက်ပေးတော့မယ်ဆိုတာ သိရတော့ အလွန်ဝမ်းသာပါတယ်"ဟု ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**အောင်ကို (ပြန်/ဆက်)**

## မြန်မာလုပ်သား ၁၉၉ ဦး၏ ပြဿနာအား မြန်မာအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်

**ဗန်ကောက် ဩဂုတ် ၂၃**

ထိုင်းအလုပ်ရှင်နှင့် မန်နေဂျာပြဿနာဖြစ်ပြီး ငြင်းပယ်မှုကြောင့် အလုပ်မရဘဲ အခက်အခဲတွေ့နေသော MoU အလုပ်သမား ၁၉၉ ဦး ကိစ္စကို မြန်မာအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့အား MOEAF (ဗန်ကောက်)Call Centre သို့ခေါ်ယူ၍ ဖြေရှင်းပေးခဲ့ရာ ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်သမားများမှာ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင် ကုမ္ပဏီကြီး တစ်ခုတွင် အလုပ်လုပ်ရန် ဩဂုတ် ၁၅ ရက်က ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သော်လည်း အလုပ်ရှင်ဖြစ်သူက လက်မခံ၍ မြန်မာအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့က မြန်မာအလုပ်သမားသံအရာရှိရုံး၊ MOEAF(ဗန်ကောက်)Call Centre တို့သို့ တိုင်ကြားအကူအညီတောင်းခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြဿနာအား အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ထိုင်းအလုပ်သမားဝန်ကြီးဌာန အလုပ်သမားကာကွယ်စောင့်ရှောက်ရေးရုံး(ဆဝါတီကန်) တို့သို့ ချိတ်ဆက်ဖြေရှင်းပေးနိုင်ရေး အကူအညီတောင်းခံမှုကြောင့် မြန်မာ၊ ထိုင်း အေဂျင်စီနှစ်ခုမှ ပူးပေါင်းဖြေရှင်းပေးခဲ့ရာ ဗီဇာခ၊ အလုပ်ပါမစ်ခ၊ ဆေးစစ်ခ၊ ဝန်ဆောင်ခတို့အတွက် အလုပ်သမားတစ်ဦးလျှင် ဘတ် ၇၀၀၀ နှုန်းဖြင့် စုစုပေါင်းဘတ် ၁၃၀၉၀၀၀ ကို ထိုင်းအေဂျင်စီမှ မြန်မာအေဂျင်စီသို့ ပြန်လည်ပေးအပ်ရန်၊ အလုပ်အသစ်သို့ အလုပ်သမားများ ဆန္ဒနှင့်အညီ အမြန်ဆုံးပြောင်းရွှေ့ဆောင်ရွက်ပေးရန်၊ အလုပ်မရခင်အတွင်း ထိုင်းအေဂျင်စီမှ အလုပ်သမားများအတွက် တာဝန်ယူစောင့်ရှောက်ပေးရန် သဘောတူညီမှုရခဲ့သည်။

မြန်မာအေဂျင်စီအနေဖြင့် အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၏ ခွင့်ပြုချက်ဖြင့် အလုပ်သမား ၆၀ အား နခုံပထုံမြို့ရှိ Dee Stone Internation Co.Ltd တာယာစက်ရုံသို့ လည်းကောင်း၊ Swizz One Co.Ltd သို့ ၆၀ ကို လည်းကောင်း၊ Star Truck Co.Ltd သို့ ၄၀ ကိုလည်းကောင်း အလုပ်ရရှိစေရန် ဩဂုတ် ၂၀ ရက်တွင် ရွေးချယ်ပြီးစီး၍ မကြာမီရက်ပိုင်းအတွင်း လုပ်ငန်းခွင်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ကျန်အလုပ်သမားများအား SC Precision Co.Ltd သို့ ပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ပခုက္ကူမြို့ သုခကြွယ်ဖလား ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ပခုက္ကူ စက်ဘီးစီးအဖွဲ့ချုပ်နှင့် သုခကြွယ်ဆေးတိုက်သို့ ပူးပေါင်း၍ ပခုက္ကူမြို့သုခကြွယ်ဖလားဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို (၂၁.၁၀.၂၀၁၈) ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖုန်း-၀၉- ၂၃၀၀၁၅၆၊ ၀၉၂၃၀၀၉၃၃၊ ၀၉၂၃၀၂၃၆၉သို့ (၁၉.၁၀.၂၀၁၈)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# (၄၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း (အမျိုးသား/ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲ ဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်နှင့် မိသားစုများ တက်ရောက်အားပေးသည်။

ရှေးဦးစွာ (၄၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း(အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့အသင်းက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့(က)အသင်းက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး အမျိုးသား တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမား အမျိုးသား၊ အမျိုးသမီးဆု၊ စပေးဘောဆု၊ ပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ ဆယ်မဆုရ အားကစားသမားများနှင့် တတိယဆုရ အမျိုးသားအသင်းဖြစ်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့(ခ)အသင်း၊ အမျိုးသမီးအသင်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့(အမျိုးသား)အသင်းနှင့် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့(အမျိုးသမီး)အသင်းတို့အား တာဝန်ရှိသူအသီးသီးက တစ်ဦးချင်းဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ပထမဆုရရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့(အမျိုးသား)(က)အသင်းအား ဆုများချီးမြှင့်ကာ အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ရဲချုပ် ဇနီးက ပထမဆုရရှိသော ယာဉ်ထိန်းရဲတပ်ဖွဲ့(အမျိုးသမီး)အသင်းအား ဆုချီးမြှင့်ပေးသည်။ (၄၄)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လုံခြုံရေးရဲကွပ်မှုအဖွဲ့မှူးရုံးများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ တပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများမှ ပြိုင်ပွဲဝင် အမျိုးသား ၂၅ သင်းနှင့် အမျိုးသမီး ရှစ်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်စီးတီးအသင်းသည် ချီလီဂိုးသမား ဘရာဗို ဖနောင့်ကြော ဒဏ်ရာရရှိပြီး လများစွာအနားယူရမည်ဖြစ်သောကြောင့် နယ်သာလန်ကလပ် အင်န်အေစီ ဘရီဒါတွင် အငှားဖြင့်ကစားနေသော မွန်တီနီဂရိုး ယူ-၂၁ ဂိုးသမား အသက် ၁၉ နှစ် အရွယ် အေရို မူရစ်ကို ပြန်လည်ခေါ်ယူလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- အသက် ၃၃ နှစ်အရွယ် စီရော်နယ်ဒိုကို ဂျူဗင်တပ်စ်အသင်းသို့ ရောင်းထုတ်လိုက်ပြီးနောက် လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်ကစားသမား ဆာလာ (၂၆ နှစ်)နှင့် တော့တင်ဟမ်အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဟယ်ရီကိန်း(၂၅ နှစ်)တို့သည် ရီးရဲမက်ဒရစ်အသင်းထံသို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးကို ပယ်ချလိုက်ကြောင်း စပိန်ဘက်ကလာသော သတင်းများ၏ ဖော်ပြချက်အရ သိရသည်။
- ဒန်နီရို့စ်သည် ဩဂုတ် ၃၁ ရက် အပြောင်းအရွှေ့မပိတ်မီတွင် ဥရောပအသင်းတစ်သင်းထံသို့ ပြောင်းရွှေ့ရန်အတွက် တော့တင်ဟမ်အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ ဒန်နီရို့စ်သည် ဩဂုတ် ၁၈ ရက်က ဖူလ်ဟမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် တော့တင်ဟမ်အသင်း၏ ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ကြောင်းလည်း သိရသည်။
- လီဗာပူးနှင့် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတို့သည် အသက် ၂၃ နှစ်အရွယ် ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား အိုရီဂီ၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဆွေးနွေးလျက်ရှိနေကြောင်း အီးအက်စ်ပီအင်န်၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းမှ ဘရာဇီးတောင်ပံကစားသမား လူးကပ်စ် ပီယာဇွန် (၂၄ နှစ်)သည် လီဂူးဝမ်းကလပ် တန်းတက် ရိမ်းစ်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ပြီးခဲ့သည့် နှစ်ရာသီတွင် ဖူလ်ဟမ်အသင်း၌သာ အငှားဖြင့် ကုန်ဆုံးခဲ့ရသည်။ သို့သော် ၎င်းသည် ဖူလ်ဟမ်အသင်းအား ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရအောင် ကူညီပေးထားနိုင်ခဲ့ကြောင်းလည်း သိရသည်။
- ကျူပီအာနည်းပြ စတိဗ် မက္ကလာရင်သည် ဘရိုက်တန်အသင်းမှ တိုက်စစ်ကစားသမား သော်မာဟီမတ် (၃၁ နှစ်)နှင့် ဘန်လေအသင်းမှ တိုက်စစ်ကစားသမား နာကီဝဲလ် (၂၈ နှစ်) တို့ကို အငှားဖြင့် ခေါ်ယူချင်နေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

# ရွှေကျင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၃**
ရွှေကျင်မြို့နယ်တွင် တရားမဝင်ဘီယာဖာများ တင်ဆောင်လာသည့် မော်တော်ယာဉ်အား မြို့အဝင်တံတားအနီး၌ သဲကွဲ့လျက်ရှိသည်ကို တွေ့ရှိရာမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူနှင့် အဖွဲ့က ဖမ်းဆီးခဲ့သည့်ကိစ္စတွင် ဦးစိုးမိုးသူသည် လာဘ်ငွေကျပ် ၂၅ သိန်း တောင်းခံရယူပြီးနောက် Facebook တွင် ဖော်ပြပါရှိ၍ ပြန်လည်ပေးအပ်ခဲ့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်း၏ လက်အောက်ဝန်ထမ်း ဦးစိုးမိုးသူက ဥပဒေချိုးဖောက်၍ ငွေကြေးတောင်းခံပြီး ပြန်လည်ပေးအပ်ခဲ့သည်ကို အရေးမယူဘဲ မျက်ကွယ်ပြုခဲ့ခြင်းတို့အား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူသည် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၈ ရက်က ရွှေကျင်မြို့ ရွှေကျင် ချောင်းကူးတံတားအနီး၌ တရားမဝင်ဘီယာများ တင်ဆောင်လာသည့် ယာဉ်အမှတ် ၇ခ/၄၈၆၅ အား ၎င်းက ဦးဆောင်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ရွှေကျင်လှုငယ်အဖွဲ့နှင့် သတင်းမီဒီယာများ ပါဝင်သောအဖွဲ့က ဖမ်းဆီးဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူသည် ယင်းနေ့တွင် ၎င်း၏နေအိမ်၌ လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးစားပြုကာ ဘီယာတင်မော်တော်ယာဉ်ကိစ္စ ပြေလည်အောင် လုပ်ပေးမည်ပြောပြီး ဘီယာပစ္စည်းပိုင်ရှင်နှင့် ကိုယ်စားလှယ်တို့ထံမှ ၎င်းအတွက် ငွေကျပ် ၂၅ သိန်း၊ ရွှေကျင်လှုငယ်အဖွဲ့အတွက် ငွေကျပ် ၁၀ သိန်းကို တောင်းခံရယူခဲ့ကြောင်း၊ယင်းနောက် ရွှေကျင်လှုငယ်အဖွဲ့အတွက် တောင်းခံရယူထားသော ငွေကျပ် ၁၀ သိန်းကိုသာ ပြန်လည်ပေးအပ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးစိုးမိုးသူအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၄-၈-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**
- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၉:၁၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၂)
- ၁၁:၁၀ - "ဩဂုတ်လ၊ လပတ် မိုးလေဝသအစီအစဉ်"
- ၁၄:၃၅ - "နှင်" (အကယ်ဒမီနေအောင်၊ ကျော်ထက်အောင်၊ ပိုင်ဖြိုးသု) (ဒါရိုက်တာ-မင်းခိုက်စိုးစန်)

**ညပိုင်း**
- ၁၆:၂၅ - "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်"
- ၁၇:၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ"
- ၁၈:၂၀ - BBC Click
- ၁၈:၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "နာနာဘာဝချစ်သူနှင့် အဆိုတော်တွေနေတဲ့ရွာ"
- ၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၉)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - **"မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခြင်း" (စင်ကာပူနိုင်ငံ Grand Hyatt Hotel) (အပိုင်း-၂)**
- \- Britain's Got Talent (14)
- \- လက်ငင်းဝဠ်(အပိုင်း-၁) "မပြောသင့်သောအပြော" (ကြည်ရွှင်၊ မှူးသခင်၊ ထူးမွန်၊ စုရှိုင်း) (ဒါရိုက်တာ-အောင်ဟိန်း)

# မိုးညှင်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**
မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့ အောင်သပြေ(၁)ရပ်ကွက်နေ မခေါ်န်ရှောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၈ ပြား ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးစခန်း (လွယ်ဂျယ်) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖန်ရှီရှင် မောင်းနှင်ပြီး ဟော်ကွယ်မင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဆီခဲ ၇ ဒသမ ၁၀၁၅ ကီလို၊ ငွေကျပ် ၁၀၀၀၀၀ ကို လည်းကောင်း။

တောင်ကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ် ပန်းတောင်း-တောင်ကုတ်ကားလမ်းအတိုင်း မောင်မောင်တင် မောင်းနှင်ပြီး မစိုးစိုးမြင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ နှင့် ငွေကျပ် ၇၈၅၀၀၀ တို့ကို လည်းကောင်း။

အလားတူ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် ကမ်းနား(အနောက်) ရပ်ကွက် နေသိဒ္ဓိလမ်းနေ ပြည့်စုံအောင်(ခ)အငယ်လေး၏နေအိမ်ကို ရှာဖွေရာ နေအိမ်ရှိ ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# တာချီလိတ်၌ ထိုင်းနိုင်ငံသားများထံမှ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**တာချီလိတ် ဩဂုတ် ၂၃**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ရွှေမြေသာယာ ဈေးလမ်း အမှတ် (၁/၂၀၇)၌ ထိုင်းနိုင်ငံသားလေးဦးထံမှ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ ပစ္စတိုသေနတ်နှစ်လက်နှင့် ခဲယမ်းများကို ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ဖမ်းဆီးရမိကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ပေါ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနု၊ မြို့မစခန်းမှူး ဒုရဲမှူး မျိုးခိုင်တို့နှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်သတင်းအရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ရွှေမြေသာယာဈေးလမ်း အမှတ် (၁/၂၀၇) နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား တခွန်ချန်းကျောက် (၂၄ နှစ်)၊ ထီရဝမ်ခမ်းပွန်ကျင်း (၁၉ နှစ်)၊ အပိနုဆောင် ဒေါင်းလွန်း (၂၀ နှစ်)နှင့် ဝိစနုကွန်ဖိုင်း (၂၅ နှစ်)တို့နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀ ၊ အိုက်စ်ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၅၀ ဂရမ်ခန့်၊ ဆေးရှူကိရိယာ ငါးခု၊ ဘရာဇီးနိုင်ငံထုတ် ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၁၆ တောင့်နှင့် ဂျာမနီနိုင်ငံထုတ် ပစ္စတို သေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၁၆ တောင့်တို့အား ရှာဖွေတွေ့ရှိခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသား လေးဦးအား တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# အင်းတော်မြို့နယ်၌ လူသတ်အလောင်းဖျောက်မှုဖြစ်

**အင်းတော် ဩဂုတ် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် တရားမဝင် သစ်ခွဲနေမှုအပေါ် ဓာတ်ပုံရိုက်ကူးသူနှစ်ဦးအား အပြန်လမ်းတွင် လုပ်ကြံသတ်ဖြတ်ရာ တစ်ဦးလွတ်မြောက်ပြီး တစ်ဦးမှာ ခေါင်းပြတ်လျက် မြေမြှုပ် အလောင်းဖျောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက် နံနက် ၁ နာရီခန့်တွင် အင်းတော်မြို့ နယ်မော်တိတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မြင့်ထံ ဦးစက်ရုံး(၅၀ နှစ်)ရောက်ရှိလာပြီး "ငါနဲ့စိုးနိုင်တို့ သောင်ကြီးကျေးရွာအနီးက တောထဲမှာရှိတဲ့ ဝင်းအောင်တို့ သစ်စက်ကို ဓာတ်ပုံရိုက်ခဲ့ကြပြီး အပြန်မှာ ဝင်းအောင်တို့အဖွဲ့က တုတ်၊ ဓားတွေနဲ့ ဝိုင်းလုပ်ကြလို့ ငါလည်း ထွက်ပြေးလာခဲ့တယ်။ စိုးနိုင်တော့ သေသလား ရှင်သလားမသိဘူး။ စိုးနိုင်ကို သွားရှာကြဦး"ဟု ပြောသဖြင့် ဦးတင်မြင့်နှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာ နေရာသို့ သွားရောက်ရှာဖွေခဲ့ကြသည်။

အခင်းဖြစ်နေရာတွင် စိုးနိုင်အား မတွေ့ရှိရ၍ အင်းတော်မြို့မရဲစခန်းသို့ သွားရောက်အမှုဖွင့်လှစ်ခဲ့သည်။ ဒဏ်ရာရရှိသူ ဦးစက်ရုံးအား အင်းတော်မြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသစေခဲ့သည်။

ယင်းနောက် အင်းတော်မြို့မရဲစခန်းမှူး ဒုရဲမှူး သက်တင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်အရပ်သို့ သွားရောက် စစ်ဆေးစုံစမ်းခဲ့ကြရာ စိုးနိုင်၏အလောင်းအား သောင်ကြီးကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တောထဲတွင်မြှုပ်နှံထားကြောင်း သိရှိရ၍ ရှာဖွေတူးဖော်ရာ စိုးနိုင်(၃၇နှစ်)၏ အလောင်းကို ဦးခေါင်းပြတ်လျက် တွေ့ရှိရပြီး သက်သေခံပစ္စည်းများဖြစ်သော အရှည်သုံးတောင်ခန့်ရှိ ထမ်းပိုး တစ်ချောင်း၊ အရှည်နှစ်တောင်ခွဲ လုံးပတ်သုံးလက်မခန့်ရှိ ဝါးဆစ်ပိတ်တစ်ချောင်းတို့အား ရှာဖွေတွေ့ရှိခဲ့သည်။ ထို့နောက် ပြစ်မှုကျူးလွန်သူ ဦးဝင်းအောင်(၅၀နှစ်)၊ ဝင်းကို(၁၈ နှစ်) သောင်ကြီးကျေးရွာ အင်းတော်မြို့နယ်နေသူနှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူနှစ်ဦး (စုံစမ်းဆဲ)တို့အား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **၀၇၈**

# ဖန်းမော်မြို့၌ မိုဘိုင်းဖုန်းများ ခိုးယူခံရ

**ဖန်းမော် ဩဂုတ် ၂၃** - ကချင်ပြည်နယ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်နေ ကိုနေလင်းသည် ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က နေအိမ်တွင်ရှိနေစဉ် ပေါက်ကုန်းရပ်ကွက် အထက ၁ /၂ လမ်းဆုံရှိ မြတ်မင်း အီလက်ထရွန်နစ်အရောင်းဆိုင်၌ပစ္စည်းများ ပျောက်ဆုံးကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် ဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆိုင်နောက်ဖေးတံခါးမှာပွင့်နေပြီး ဆိုင်အတွင်း ဖုန်းကောင်တာထဲ၌ထားရှိသော Mi အမျိုးအစား ဖုန်းခုနစ်လုံး၊ ဆမ်ဆောင်းအမျိုးအစား ဖုန်းလေးလုံး၊ Oppo အမျိုးအစား ဖုန်းလေးလုံးပျောက်ဆုံးခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၈၆၄၀၀၀ ဆုံးရှုံးခဲ့သည်။ ပစ္စည်းခိုးယူသူမှာအမျိုးသားများဖြစ်သည်ဟုဆိုင်အတွင်းရှိ စီစီတီဗွီမှတ်တမ်းအရ သိရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများ အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ -နန်းရီ**

# ဦးကိုနီ လုပ်ကြံခံရမှုမှ ဇေယျာဖြိုးအား လေးကြိမ်မြောက် စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၃**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ အမှုနှင့်ပတ်သက်၍ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသော သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၆၉ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူ ဇေယျာဖြိုးအား လေးကြိမ်မြောက်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။

လူသတ်မှုဖြင့်စွပ်စွဲခံရသူ ဇေယျာဖြိုးအား တရားလိုဘက်ရှေ့နေများက သက်သေခံအဖြစ် တင်သွင်းထားသော CCTV မှတ်တမ်း၊ ဖုန်းမှတ်တမ်းများ၊ စာရွက်စာတမ်းများဖြင့်တိုက်ဆိုင်ကာ အပြန်အလှန် စစ်မေးခြင်းများပြုလုပ်ခဲ့ကြောင်းနှင့် ယနေ့ ရုံးချိန်းကုန်ဆုံးထိတိုင် အဓိက စစ်မေးမှုများမပြီးဆုံးသည့်အတွက် မနက်ဖြန် ဇေယျာဖြိုးကိုသာ ဆက်လက်စစ်မေးသွားရန်ရှိသေးကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယင်းအမှု စစ်ဆေးနေခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ(ယာယီ)ဒုတိယခရိုင်တရားသူကြီး-၅ ဦးမောင်မောင်အေးက "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ နဲ့ စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးကို တရားလိုဘက်ရှေ့နေများက အပြန်အလှန် စစ်မေးကြပါတယ်။ ရုံးချိန်းကုန်ဆုံးထိတိုင် မပြီးပြတ်သေးတဲ့အတွက် မနက်ဖြန် ဩဂုတ် ၂၄ ရက်မှာ ဇေယျာဖြိုးကိုပဲ ထပ်မံစစ်ဆေးဖို့ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

တရားလိုဘက် လိုက်ပါဆောင်ရွက်နေသော အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးနေလ မအားလပ်သဖြင့် သေနတ်ထိမှန် သေဆုံးသူ အငှားယာဉ်မောင်း ကိုနေဝင်း၏ဇနီး ဒေါ်စုသက်ခိုင်အတွက် အမှုလိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က သတင်းမီဒီယာများ၏ မေးမြန်းချက်များ ဖြေကြားရာတွင် "ကျွန်တော်က ဆရာဦးနေလ မအားလို့ ကိုယ်စား ဖြေပေးတာပါ။ ဒီနေ့ ဇေယျာဖြိုးကို သက်သေခံဖုန်းမှတ်တမ်းအရ စစ်မေးခဲ့တာပါ။ အခင်းမဖြစ်ခင် ဖုန်းခေါ်ဆိုမှု အကြိမ် သုံးလေးဆယ်လောက်တော့ရှိမယ်ဗျ၊ တရားခံပြေး အောင်ဝင်းခိုင်နဲ့ ဆက်သွယ်ပြောဆိုတာတွေ၊ ဟောင်ကောင်မှာတွေ့ဆုံတဲ့ အကြောင်းတွေပါတယ်။ ဒီအချက်တွေက အမှုကိုခိုင်မာစေပါတယ်။ နောက်တိုး သက်သေလည်း တင်ထားပါတယ်။ တရားရုံးက လက်ခံတယ် မခံဘူးဆိုတာက အမှုလိုက်ဥပဒေအရာရှိက မတင်သေးတာဖြစ်မယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြောက်ကိုရီးယားတည်ထောင်ခြင်း အနှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ဖွယ်ရှိ

**ပြုံယမ်း ဩဂုတ် ၂၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပြုံယမ်း၌ စက်တင်ဘာ ၉ ရက်တွင် ပြုလုပ်မည့် မြောက်ကိုရီးယားတည်ထောင်ခြင်း အနှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ပြင်ဆင်နေသည်ဟု အင်န်အိတ်ချ်ကေ သတင်းဌာနမှ သိရသည်။

သံတမန်သတင်းအရင်းအမြစ်မှ သိရသော သတင်းအချက်အလက်များအရ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဖိတ်ခေါ်မှုဖြင့် သွားရောက်မည့်ခရီးစဉ်လည်းဖြစ်ကြောင်း သိရသည်။ သမ္မတရှီအနေဖြင့် သမ္မတ နေရာစတင်တာဝန်ယူခဲ့သည့် ၂၀၁၃ ခုနှစ်မှစတင်ကာ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယားသို့ သွားရောက်မည်ဖြစ်သည်။

နှစ်ပေါင်း ၁၃ နှစ်အတွင်း မြောက်ကိုရီးယားသို့ ပထမဦးဆောင်သွားရောက်သည့် တရုတ်သမ္မတလည်း ဖြစ်သည်။ မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ အေးစက်သွားခဲ့ဖူးသည်။ သို့သော် မတ်လအတွင်းမှစတင်ကာ နှစ်နိုင်ငံခေါင်းဆောင်များသည် သုံးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည်လည်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ဖူးသည်။ မြောက်ကိုရီးယား နျူကလီးယားလက်နက် စွန့်လွှတ်ရေးသည်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမှုများနောက်ကွယ်မှ အကြောင်းအရာပင် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကမူ မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများ ဖြေလျှော့ပေးရန် သဘောမတူခဲ့ပေ။ တရုတ်သမ္မတ၏ မြောက်ကိုရီးယားသို့ သွားရောက်မည့်ခရီးစဉ်သည် တရုတ်နိုင်ငံ၏ မြောက်ကိုရီးယားအပေါ် ထောက်ခံမှုကို ပြသလျက်ရှိသည်ဟု လေ့လာသူများက ပြောသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် မြောက်ကိုရီးယားအပေါ် နျူကလီးယားလက်နက်ကင်းစင်ရေး တိုက်တွန်းမည်လား ဆိုသည်ကို စောင့်ကြည့်နေကြသည်။ **အင်န်အိတ်ချ်ကေ**



၂၀၁၈ ခုနှစ် မတ်လက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ပေကျင်းခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။

# အမေရိကန်၏ ပိတ်ဆို့မှုများသည် အကျိုးမရှိသောလုပ်ရပ်ဟု ပူတင်ဆို

**မော်စကို ဩဂုတ် ၂၇**

အမေရိကန်မှ ရုရှားအပေါ် နောက်ထပ်ပြင်းထန်သည့် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံပြုလုပ်မည်ဟု ခြိမ်းခြောက်မှုများ ထွက်ပေါ်လာရာ ယင်းကဲ့သို့ပိတ်ဆို့မှုသည် အကျိုးမရှိသော လုပ်ရပ်တစ်ခုသာဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။



နောက်ဆုံးပြုလုပ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကြောင့် ရူဘယ်ငွေကြေး တန်ဖိုး ကျဆင်းသည့်ဘက်သို့ ဦးတည်ခဲ့ပြီး နှစ်နှစ်အတွင်း ဒေါ်လာနှင့် ယူရိုငွေကြေးများအောက် အဆိုးဆုံး တန်ဖိုးကျဆင်းခဲ့သည်။ ရုရှားကဲ့သို့သော နိုင်ငံမျိုးကို စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုပြုလုပ်ခြင်းသည် အကျိုးမရှိကြောင်း၊ ဖင်လန်သမ္မတနှင့် ဆိုချီမြို့အပန်းဖြေစခန်းဖြစ်သော Russian Black Sea တွင် တွေ့ဆုံစဉ် ရုရှားသမ္မတ ပူတင်က ပြောကြားခဲ့သည်။

အမေရိကန်မိတ်ဆွေများအနေဖြင့် ယင်းမူဝါဒများကို ဖြေလျှော့ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပုံမှန်အားဖြင့် ပြန်လည်စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပူတင်က ပြောသည်။

အမေရိကန် ဘဏ္ဍာရေးဌာန အကြီးတန်းအရာရှိ ဆီဂယ်မန်ဒတ်ကာက အကယ်၍ ရုရှားဘက်မှ အပြုအမူများ မပြုပြင်ပါက ဝါရှင်တန်အနေဖြင့် ပိုမိုပြင်းထန်သော စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မည်ဟု အင်္ဂါနေ့က ခြိမ်းခြောက်မှုပြုလုပ်ပြီးနောက် ရုရှားဘက်မှ ယခုကဲ့သို့ တုံ့ပြန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ရုရှားနိုင်ငံ၏ ယူကရိန်းအရေးပါဝင်စွက်ဖက်မှု၊ အမေရိကန်ရွေးကောက်ပွဲကာလအတွင်း ဝင်ရောက်နှောင့်ယှက်ရန်ကြိုးပမ်းမှု၊ မြောက်ကိုရီးယားအပေါ် ကုလသမဂ္ဂ၏ ပိတ်ဆို့မှုများကို ချိုးဖောက်မှု အစရှိသည့် စွပ်စွဲချက်များဖြင့် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ထားသည်။ **အေအက်ဖ်ပီ**

# အမေရိကန်မှ တင်သွင်းသော ကုန်ပစ္စည်းများကို တရုတ်အခွန်စည်းကြပ်

**ပေကျင်း ဩဂုတ် ၂၇**

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ တင်သွင်းလာသော ဒေါ်လာ ၁၆ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများအပေါ် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီမှစတင်ကာ အခွန်စည်းကြပ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများအပေါ် အမေရိကန်နိုင်ငံက အခွန်စည်းကြပ်မှုပြုလုပ်ခဲ့သည်ကို တုံ့ပြန်သောအားဖြင့် အမေရိကန်နိုင်ငံမှ တင်သွင်းသော ကုန်စည်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန် တရုတ်နိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း တရုတ်နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်စည်းကြပ်မှုကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ လာမည့် နိုဝင်ဘာလမှာ ပါပူဝါနယူးဂီနီ၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးပွဲနှင့် အာဂျင်တီးနားတွင် ကျင်းပမည့် စက်မှုထိပ်သီးအဖွဲ့ဝင်နိုင်ငံ-၂၀ အစည်းအဝေး၏ သီးသန့်ဆွေးနွေးပွဲတွင် ကုန်သွယ်ရေးတင်းမာမှုတွေ ဖြေလျှော့ရန် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန် ဝေါစထရိဂျာနယ်မှာ မကြာသေးမီက ဖော်ပြခဲ့သော်လည်း ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးမှု မပြုခင် ယခုလို တရုတ်နိုင်ငံက အခွန်းစည်းကြပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်လအစောပိုင်းတွင် အခွန်အကောက်များနှင့်ပတ်သက်ပြီး တရုတ်နှင့် အမေရိကန်နိုင်ငံများ၏ ကုန်သွယ်ရေးအခြေအနေမှာ ယာယီအဆင်ပြေချောမွေ့ကြောင်း ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့တွင် အမေရိကန်ပြည်ထောင်စုသည် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်ခြင်း၊ တင်ပို့မှုကို ထိန်းချုပ်ခြင်းနှင့် တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံခြင်းတို့အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အီရန်အပေါ် တိုက်ခိုက်လာပါက အမေရိကန်နှင့် အစ္စရေးကို ပြန်လည်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်

**တီဟီရန် ဩဂုတ် ၂၇**

အီရန်နိုင်ငံ တော်လှန်ရေးအစောင့်တပ်သည် အကယ်၍ အီရန်နိုင်ငံကို ခြိမ်းခြောက်ခံရပါက ၎င်းတို့အနေဖြင့် အစ္စရေးမြို့ကြီးများကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သွားမည်ဟု ဗုဒ္ဓဟူးနေ့က ခြိမ်းခြောက်ခဲ့ကြောင်း ဒေသခံ မီဇန်သတင်းဌာနတွင် ဖော်ပြထားသည်။

အမေရိကန်က အီရန်ဒုံးကျည်အစီအစဉ်ကို ဖျက်သိမ်းရန် ဖိအားပေးမှုများ လုပ်ဆောင်နေသော်လည်း အီရန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်က ပြောသည်။ တစ်နေ့တည်းမှာပင် အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အာမတ် ခါတာမီကလည်း အကယ်၍ အစ္စရေးနှင့် အမေရိကန်တို့ ပူးပေါင်း၍ အီရန်နိုင်ငံကို တိုက်ခိုက်ကြမည်ဆိုပါက တီဟီရန်ဘက်ကလည်း ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောသည်။

ဆွေးနွေးပွဲတွင် အမေရိကန်တို့က သူတို့၏ ပြောစကားအတိုင်း လိုက်နာရန် ပြောကြပြီး ယင်းသို့လုပ်ဆောင်ခြင်းသည် ဆွေးနွေးညှိနှိုင်းခြင်းမဟုတ် အာဏာရှင်ဆန်မှုသာဖြစ်သည်ဟု ခါတာမီက ပြောသည်။ အီရန်အကြီးအကဲ အယာတိုလာ အလီခါမေနီကလည်း နျူကလီးယားစာချုပ်အသစ် ဆွေးနွေးမှုကို အမေရိကန်နှင့် မစတင်မီ ယင်းအဆိုပြုချက်ကို လက်မခံနိုင်ဟု ငြင်းဆိုခဲ့သည်။ ထို့ပြင် အီရန်နှင့် စစ်ပွဲဖြစ်ပွားလျှင် တန်ဖိုးကြီးကြီး ပေးဆပ်ရမည်ဟုလည်း အယာတိုလာ အလီခါမေနီက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဘူရွန်ဒီနိုင်ငံ၏ အခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စိုးရိမ်လျက်ရှိ

**ဂျီနီဗာ ဩဂုတ် ၂၇**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဘူရွန်ဒီနိုင်ငံ၌ နိုင်ငံရေးအခြေအနေများတွင် တိုးတက်မှုမရှိသည့်အတွက် ယင်းအပေါ် စိုးရိမ်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့က သတင်းထုတ်ပြန်ခဲ့သည်။

ဘူရွန်ဒီနိုင်ငံ၏ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုများသည် တိုးတက်မှုမရှိဘဲ အစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှုများလည်း မရှိသည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် စိုးရိမ်လျက်ရှိကြောင်း သိရသည်။ အရှေ့အာဖရိကန်အသိုင်းအဝိုင်းက ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲတွင် ဘူရွန်ဒီနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်များ ပါဝင်ကြရန် တောင်းဆိုထားပြီး ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ သဘောတူညီမှုရရှိအောင် တောင်းဆိုထားကြသည်။ ဘူရွန်ဒီနိုင်ငံ၌ နိုင်ငံရေးပဋိပက္ခများသည် ၂၀၁၅ ဧပြီလမှစတင်ခဲ့ခြင်းဖြစ်ပြီး သမ္မတ နူကူရန်ဇီဇာသည် ၎င်း၏ တတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ပြင်ဆင်သည့်အခါ ပေါ်ပေါက်လာသည့် ပဋိပက္ခလည်း ဖြစ်သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဗင်နီဇွဲလားသမ္မတကို လုပ်ကြံရန် ကြိုးပမ်းသူဟု သံသယရှိသူ ကိုးဦးကို လွှဲပြောင်းရယူနိုင်ရေး ကြိုးပမ်း

**ကရာကတ် ဩဂုတ် ၂၃**

ဗင်နီဇွဲလားသမ္မတကို လုပ်ကြံရန် ကြိုးပမ်းခဲ့မှုတွင် ပါဝင်သူဟု သံသယရှိသူ ကိုးဦးကို ဗင်နီဇွဲလားနိုင်ငံမှ လက်လွှဲလက်ခံနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း အဆင့်မြင့်အရာရှိကြီးများက ဗုဒ္ဓဟူးနေ့၌ ပြောသည်။

သံသယရှိသူ ဗင်နီဇွဲလားနိုင်ငံသားများသည် ယခုအခါ အမေရိကန်ပြည်ထောင်စု၊ ကိုလံဘီယာ၊ ပီရူးနိုင်ငံတို့တွင် နေထိုင်လျက်ရှိသည်ဟု ရှေ့နေချုပ် တာရစ်ခ်ဝီလျံဆာဘတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အကြမ်းဖက်တိုက်ခိုက်မှုမှာ နယ်စည်းမခြားအရေးယူနိုင်သည့်အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်မှန်းကြောင်း ၎င်းက ပြောသည်။

ဩဂုတ် ၄ ရက်က ဖြစ်ပွားခဲ့သော သမ္မတကို လုပ်ကြံရန်ကြိုးပမ်းမှုတွင် ပါဝင်သူဟု ယူဆရသူ ၄၃ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ယနေ့အချိန်ထိ ၂၀ ဦးကို တရားစွဲဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ စွပ်စွဲခံထားရသူများမှာ လုပ်ကြံမှုအတွက်၊ ငွေကြေးထောက်ပံ့သူ၊ အကြံဉာဏ်ပေးသူများဖြစ်ကြောင်းလည်း ဆာဘတ်က ပြောသည်။ ကရာကတ်မြို့၌ သမ္မတ မက်ဒူရို မိန့်ခွန်းပြောကြားစဉ် သမ္မတကို လုပ်ကြံရန် ကြိုးပမ်းခဲ့ခြင်းလည်း ဖြစ်သည်။

**ဆင်ဟွာ**

### UNEP အကြီးအကဲ မြောက်ကိုရီးယားသို့ သွားရောက်

**ပြုံယမ်း ဩဂုတ် ၂၃**

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ အဆင့်မြင့်အရာရှိကြီးသည် မြောက်ကိုရီးယားတွင် တောပြုန်းတီးမှုကို မည်သို့ကိုင်တွယ်မည်ကို ဆွေးနွေးရန် မြောက်ကိုရီးယားသို့ သွားရောက်ခဲ့သည်။

UNEP မှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး Erik Slohemi သည် ဗုဒ္ဓဟူးနေ့က ပြုံယမ်းမြို့သို့ ရောက်ရှိလာခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။ ခရီးစဉ်အတွင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနမှ ဝန်ကြီးများနှင့် တွေ့ဆုံရန်ရှိကြောင်း စနေနေ့အထိ မြောက်ကိုရီးယားတွင် နေထိုင်မည်ဖြစ်ကြောင်း UNEP မှ အင်န်အိတ်ခ်ျကေသို့ ပြောသည်။

မြောက်ကိုရီးယား၏ တောင်းဆိုမှုကြောင့် Erik သည် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်အတွင်း ပျက်စီးသွားသော သစ်တောများကို မည်သို့ထိန်းသိမ်းမည်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

# ရေဘေးသင့်ရာမှရုန်းထပြီး ပြန်လည်ထူထောင်ရေးလုပ်ဖို့ အချိန်တန်ပြီဖြစ်တဲ့ ကီရာလာပြည်နယ်

**ချိုးစန္ဒီမွေး**

ကမ္ဘာတစ်ဖက်ခြမ်းမှာ ပူပြင်းတဲ့ဒဏ်ကို ပြင်းထန်စွာခံစားနေရတဲ့အချိန်မှာ နောက်တစ်ဖက်မှာတော့ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရပါတယ်။ ရေကြီးမှု၊ မြေပြိုမှုတွေကြောင့် လူအသေအပျောက်တွေများကာ အိုးအိမ်အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုတွေနဲ့လည်း ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အခုလက်ရှိ အိန္ဒိယမှာ ရေလွှမ်းမိုးမှုဒဏ်ကို အပြင်းထန်ဆုံးခံစားနေရတဲ့ ပြည်နယ်ကတော့ ကီရာလာပြည်နယ်ပဲဖြစ်ပါတယ်။ အိန္ဒိယတောင်ပိုင်း ပြည်နယ်ဖြစ်တဲ့ ကီရာလာပြည်နယ်မှာတော့ ရေဘေးသင့်ပြီးနောက် နောက်ဆက်တွဲပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့ ရုန်းကန်နေရပြီပဲဖြစ်ပါတယ်။ ရေလွှမ်းမှုအပြီးမှာတော့ ပြည်သူတွေဟာ သူတို့ဘဝ ဆက်လက်ရှင်သန်ရပ်တည်နေနိုင်ရေးအတွက် ကြိုးပမ်းမှုတွေ စတင်ရပြီ ဖြစ်ပါတယ်။



### ကျေးရွာကစွန့်ခွာ

ကီရာလာပြည်နယ်အတွင်းမှာ ရှိတဲ့ ဗန်မန်းနီးကျေးရွာက အင်ဒီကူလာဂျီဗာရက်ရှ်ကတော့ ရေဘေးကြောင့် နေအိမ်ကို စွန့်ခွာပြီး မိသားစုနဲ့အတူ ထွက်ပြေးခဲ့ရတဲ့ လူတွေထဲက တစ်ယောက်ပါ။ သူ့ရဲ့ နေအိမ်ကို ပြန်ရောက်တဲ့အခါမှာတော့ ငါးရက်ကြာ ရေနစ်မြုပ်ခဲ့တဲ့အတွက် ရွှံ့နဲ့ ရေတွေကို အတော်လေး ရှင်းယူခဲ့ရပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ် နှစ်ပတ်ခန့်ကပဲ ကာရာလာပြည်နယ် တောင်ပိုင်းမှာရှိတဲ့ မြို့တွေနဲ့ ကျေးရွာတွေကို ရေလွှမ်းမိုးမှုဖြစ်ပွားတဲ့အခါ အင်ဒီကူလာတို့ မိသားစုဝင်တွေဟာ အလျင်စလိုပဲ ကျေးရွာကနေ စွန့်ခွာခဲ့ရပါတယ်။

### ပျက်စီးဆုံးရှုံးမှုတွေကများ

ကီရာလာပြည်နယ်ရဲ့ နေရာအစိတ်အပိုင်း အတော်များများဟာ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားခဲ့ရပါပြီ။ ရေတွေမြင့်တက်လာမှုနဲ့အတူ မိလ္လာအညစ်အကြေးတွေလည်း ရောပါလာပြီး လမ်းတွေ၊ နေအိမ်တွေအားလုံးဟာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားလိုက်ရပါတယ်။ အင်ဒီကူလာကတော့ အိမ်ကို ပြန်ရောက်တဲ့အခါ ပျက်စီးဆုံးရှုံးမှုတွေကို တွက်ချက်ကြည့်လိုက်ပါတယ်။ ရေစုပ်စက်၊ ရေခဲသေတ္တာ၊ အိပ်ရာ၊ ဆိုဖာတွေ အားလုံးပျက်စီးကုန်ပါပြီ။ ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၁၄၀၀ ဝန်းကျင်ခန့် ဆုံးရှုံးသွားတယ်လို့ တွက်ချက်မိပါတယ်။ သူ့လိုပါပဲ။ ဒီဒေသမှာရှိတဲ့ တခြားသော မိသားစုဝင်တွေအားလုံးဟာလည်း ဒီလိုဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရတာပါပဲ။ လျှပ်စစ်ပစ္စည်းတွေအားလုံးဟာလည်း ပျက်စီးကုန်တော့ ဟင်းချက်စားဖို့တောင် မလွယ်တော့ပါဘူး။ ဒီတော့ ရေဘေးသင့်ပြည်သူတွေဟာ အိမ်အပြင်ထွက်ပြီး ကယ်ဆယ်ရေးရိက္ခာတွေကို စောင့်ရုံမှတစ်ပါး တခြားမရှိတော့ပါဘူး။

### ပြည်သူတွေ အကူအညီလိုအပ်

အမျိုးသား ၂၀ ခန့်ကို သယ်ဆောင်လာတဲ့ ထရပ်ကားတစ်စီးပေါ်ကနေ ဘီစကစ်နဲ့ ရေသန့်တွေ ဖြန့်ဝေပေးခဲ့ပါတယ်။ လူအုပ်ကြီးဟာ ကားနောက်လိုက်ပြီး ဖယောင်းတိုင်ရဖို့ တောင်းဆိုနေခဲ့တာကိုလည်း တွေ့ရပါတယ်။ ရေလွှမ်းမိုးမှုကြောင့် လျှပ်စစ်မီးမရတော့တဲ့အခါ ဖယောင်းတိုင်ကသာလျှင် တစ်ခုတည်းသော အလင်းဓာတ်ပေးစွမ်းနိုင်တဲ့အရာ ဖြစ်လာပါတယ်။ ပြည်သူတွေကို အစားအစာနဲ့ ရေသန့် ဖြန့်ဝေပေးခဲ့တဲ့ ထရပ်ကားပိုင်ရှင်ကတော့ ဆမ်ဒန်နီရယ်ဆိုသူဖြစ်ပြီး ရေဘေးလွတ်ရာဒေသက ပြည်သူတွေဆီကနေ အစားအစာနဲ့ ရေတွေ အလှူခံခဲ့ပြီး ဒီဒေသမှာ ပြန်လာလှူတာပဲဖြစ်တယ်။ အစိုးရဟာ ရေဘေးကယ်ဆယ်ရေးစခန်းတွေ တည်ဆောက်ဖို့အတွက် အာရုံများနေပြီး ဒီလိုမျိုးဒေသက ပြည်သူတွေကို ကူညီဖို့ကျတော့ အချိန်ယူလွန်းတယ်လို့ ဆမ်ဒန်နီရယ်က ဝေဖန်ခဲ့ပါတယ်။ ဒီဒေသက လူတွေဆီမှာ ပိုက်ဆံရှိပါတယ်။ ဒါပေမယ့် ဝယ်လို့မရတာ တစ်ခုပါပဲ။ ဒီလိုအခြေအနေမျိုးမှာ ပိုက်ဆံဟာ အရေးမပါတော့ပါဘူး။ ဒါပေမယ့်လည်း ဒါဟာ ကျေးရွာလေးတစ်ခုအတွက်ပါပဲ။ ပြည်နယ်တစ်ခုလုံးနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ငွေကြေးလိုအပ်လာပါပြီ။

### အစိုးရရဲ့ ကြိုးပမ်းမှု

ကီရာလာပြည်နယ်အစိုးရ ဝန်ကြီးချုပ်က ရေလွှမ်းမိုးမှုဒဏ် ခံစားရတဲ့ဒေသတွေမှာ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးသွားပြီလို့ တွက်ချက်ပြခဲ့ပါတယ်။ ဒါကြောင့်လည်း ဗဟိုအစိုးရဆီက ဒေါ်လာ ၃၁၇ သန်း အကူအညီပေးဖို့ တောင်းခံထားပါတယ်။ အခုအချိန်ထိတော့ ကီရာလာပြည်နယ်အစိုးရဟာ ဒေါ်လာ ၈၅ သန်းနီးပါး လက်ခံရရှိပြီးဖြစ်ပါတယ်။ အစိုးရဟာ အရေးပေါ်ထားရှိတဲ့ အရန်ဂျုံတွေထဲက ဂျုံတန်ချိန် ၉ သောင်းခန့်ကိုလည်း ဖြန့်ဝေပြီးဖြစ်ပါတယ်။ အရေးပေါ် ဆေးဝါး၊ ကလိုရင်းဆေးပြား၊ အစွန်းချွတ်ဆေး အစရှိတာတွေကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်။

ဒါ့အပြင် အိန္ဒိယလေတပ်ဟာလည်း ဩဂုတ် ၁၉ ရက်စပြီး ရေလွှမ်းမိုးမှုဖြစ်ပွားနေတဲ့နေရာတွေမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရေဘေးလွတ်ရာဒေသက ပြည်သူတွေ အစားအစာ၊ ဆေးဝါး၊ သောက်သုံးရေသန့်တွေ လာရောက်လှူဒါန်းနိုင်ဖို့လည်း စခန်းတွေ ဖွင့်လှစ်ပေးထားပါတယ်။ အိန္ဒိယကြည်းတပ်နဲ့ ကီရာလာပြည်နယ်ရဲတပ်ဖွဲ့တို့ဟာလည်း ပြည်သူတွေ သွားလာရေး အဆင်ပြေစေဖို့အတွက် ယာယီတံတား တည်ဆောက်ပေးဖို့ အတူတူ လုပ်ကိုင်နေကြပါတယ်။

### ပြည်သူများရဲ့အခက်အခဲ

အစိုးရအနေနဲ့ အကူအညီတွေ ပေးနေတာမှန်ပေမယ့် အကူအညီပေးဖို့ လိုအပ်နေတဲ့ ဒေသတွေလည်း ကျန်ရှိနေပါသေးတယ်။ ဗန်မန်နီးရွာမှာဆိုရင် ရေက ဒူးသာသာလောက်ပဲ ရှိပါတော့တယ်။ ဒါပေမယ့်လည်း ထောက်ပံ့ရေးပစ္စည်းတွေကတော့ အလုံအလောက် မရပါဘူး။ ဗန်မန်နီးကျေးရွာက ဖိလစ်တို့မိသားစုကတော့ သူတို့မိသားစုမှာ ဟိုတစ်နေ့ကဆိုရင် အားလုံးပေါင်းမှ ဖယောင်းတိုင် တစ်တိုင်ပဲရှိလို့ တစ်မိသားစုလုံး အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေခဲ့ကြတယ်လို့ ပြောပြခဲ့ပါတယ်။

အသက် ၁၈ နှစ်အရွယ် အက်ရှ်ဝင်ဒေ့ဗ်နဲ့ သူ့မိဘတွေကတော့ သူတို့အိမ်မှာ လုံးဝ နေထိုင်လို့မရတော့တဲ့အတွက် အိမ်နီးချင်းရဲ့နေအိမ်မှာ သွားနေခဲ့ရပါတယ်။ သူ့ရဲ့ ဖခင်ဟာ သုံးဘီးဆိုင်ကယ်မောင်းတဲ့သူဖြစ်ပြီး အခုလိုရေကြီးနေတဲ့ အချိန်မှာ သူ့အဖေအတွက် အလုပ်မရှိပါဘူး။ ဒီတော့ လိုအပ်နေတဲ့ပိုက်ဆံကို ဘယ်ကနေ ရှာရမယ်ဆိုတာ မသိဘူးလို့ သူတို့မိသားစုရဲ့ အခက်အခဲကို ပြောပြခဲ့ပါတယ်။ အစိုးရကတော့ ရေဘေးသင့်ပြည်သူတွေ၊ ပျက်စီးဆုံးရှုံးမှုတွေကို ကျေးရွာကောင်စီ သို့မဟုတ် ခရိုင်အရာရှိတွေထံ စာရင်းပေးသွင်းကြဖို့၊ ဒါမှသာ လျော်ကြေးပေးတဲ့အခါ အဆင်ပြေပြေ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ပြောပါတယ်။ ဒါပေမယ့်လည်း ဒေ့ဗ်တို့မိသားစုအပါအဝင် တခြားသော မိသားစုဝင်တွေဟာ ဗျူရိုကရေစီယန္တရားရဲ့အချိန်ကြာမြင့်မှုကို ကောင်းကောင်း သဘောပေါက်ကြပါတယ်။

### အချိန်ယူရမယ့် ထူထောင်ရေး

ကီရာလာပြည်နယ်ဟာ အိန္ဒိယမှာ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး အခုလို ရေလွှမ်းမှုဒဏ် ခံစားရတဲ့အခါမှာတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အချိန်အတော်ယူဆောင်ရွက်ကြရမှာပဲဖြစ်တယ်။ အနှစ်နှစ်အလလ တည်ဆောက်ခဲ့ရတဲ့ အရာတွေဟာ နှစ်ပတ်ကျော်ကြာ ရေလွှမ်းမိုးမှုအောက်မှာ ပျက်စီးဆုံးရှုံးခဲ့ရတာပဲဖြစ်တယ်။ ဥယျာဉ်ခြံမြေလုပ်ကိုင်ခဲ့တဲ့ အင်ဒီကူလာတို့ မိသားစုကတော့ တစ်ချိန်တုန်းက အောင်မြင်ခဲ့တဲ့ သူ့ရဲ့ ခြံနေရာကို ပြန်ရှာနေခဲ့ပါတယ်။ အင်ဒီကူလာက ဒါတွေအားလုံး အကောင်းအတိုင်းပြန်ဖြစ်ဖို့ကတော့ အနှစ် ၂၀ လောက် ပြန်ပြီးအချိန် ယူရမယ်လို့ စိတ်ထဲကနေ တွေးနေမိတော့တယ်။

**ကိုးကား- စီအင်န်အင်န်**

> “ကီရာလာပြည်နယ်အစိုးရ ဝန်ကြီးချုပ်က ရေလွှမ်းမိုးမှုဒဏ် ခံစားရတဲ့ဒေသတွေမှာ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးသွားပြီလို့ တွက်ချက်ပြခဲ့ပါတယ်။ ဒါကြောင့်လည်း ဗဟိုအစိုးရဆီက ဒေါ်လာ ၃၁၇ သန်း အကူအညီပေးဖို့ တောင်းခံထား”

# ပဲခူးမြို့နှင့်ပတ်ဝန်းကျင်ရေကြီးရေလျှံမှုအန္တရာယ်မှ လျော့နည်းသက်သာစေရန် လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်အား Exp Ventures Co., Ltd မှ အကြံပြုတင်ပြ

**ပဲခူး ဩဂုတ် ၂၃**

ပဲခူးမြို့နှင့်ပတ်ဝန်းကျင် ရေကြီးရေလျှံမှု အန္တရာယ်မှ လျော့နည်းသက်သာစေရန် လုပ်ငန်းစဉ်များအား Exp Ventures Co., Ltd မှ Professor ဦးတင်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက လာရောက်အကြံပြုရှင်းလင်းတင်ပြခဲ့သည်။

ရှေးဦးစွာ Professor ဦးတင်မောင်က ယခုနှစ်ရေကြီးခြင်းသည် နှစ်ပေါင်း ၅၀ အတွင်းမှာ အကြီးမားဆုံးဖြစ်ပါကြောင်း၊ အဆိုပါအခြေအနေကို ကျော်လွှားနိုင်ရန်အတွက်ပဲခူးမြစ်သို့ စီးဝင်နေသည့် ချောင်းများ၊ ပဲခူးမြို့မှ ပြန်လည်ထွက်သွားမည့် ရေထွက်ပေါက်များ၊ ပဲခူးမြစ်ရေတားတာများအခြေအနေကို ပြန်လည်စိစစ်ရန်နှင့် ရေဝင်၊ ရေစုကန်များ ဖော်ထုတ်ရန်နှင့် ရေထုတ်စနစ်များကို ပြန်လည်အဆင့်မြှင့်တင်နိုင်ရန်တို့ကို



အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး ရေကြီး ရေလျှံမှုများ လျော့နည်းသက်သာစေရန်အတွက် ယခုလို လာရောက်အကြံပြု တင်ပြချက်များအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးရေကြီး ရေလျှံမှုများ လျော့နည်းသက်သာစေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင် ဦးဆောင်သော ကော်မတီတွင် အကြံပေးပညာရှင်အဖြစ် ပါဝင်စေလိုပါကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ အစိုးရ အဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ Exp Ventures Co., Ltd မှ Professor ဦးတင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင် (ပြန်/ဆက်)**

# စိုက်ပျိုးရေး နည်းပညာပေး အခြေခံသင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်

**မော်လမြိုင် ဩဂုတ် ၂၃**

မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ကားဝင်းအတွင်းရှိ ကုန်စည်ဒိုင်ခန်းမ၌ ဩဂုတ် ၂၁ ရက်က အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာပေး အခြေခံပညာသင်တန်းအမှတ်စဉ် ၁၄/၂၀၁၈ ကို ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကြည်စိုး၊ မြန်မာအော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်း (MOGPA) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သန်းသန်းစိန်နှင့် အသင်းဝင်များ စိုက်ပျိုးရေးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပြည်နောင်စိုး၊ မွန်ပြည်နယ် မြန်မာအော်ဂဲနစ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူးက အော်ဂဲနစ်စိုက်ပျိုးရေးပညာပေး သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးပြည်နောင်စိုးက လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သန်းသန်းစိန်ကလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မွန်ပြည်နယ် စိုက်ပျိုးရေးတောင်သူများက တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို တင်ပြကြသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (မော်လမြိုင်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်

**ဘားအံ ဩဂုတ် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်မှာ တစ်လကျော် ကြာမြင့်ခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးတေဇထွန်းလှိုင်ထွေးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ဘားအံမြို့ပေါ် အမှတ်(၇)၊ (၈)နှင့် (၄)ရပ်ကွက်များရှိ ရေကြီးနစ်မြုပ်သော်လည်း ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခြင်းမရှိဘဲ မိမိတို့နေအိမ်များတွင်သာ နေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ကုန်များ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခြင်းမရှိဘဲ ရေကြီးနစ်မြုပ်သော နေအိမ်များတွင်သာ နေထိုင်ကြသည့်အမှတ် ၇ ရပ်ကွက်မှ ရေဘေးသင့် အိမ်ထောင်စု ၇၀၀၊ အမှတ် ၈ ရပ်ကွက်ရှိ အိမ်ထောင်စု ၄၀၀ နှင့် ထောင်ဝိသာသနရံသီ ဘုန်းတော်ကြီးကျောင်းတွင် ရွှေ့ပြောင်းနေထိုင်ကြသည့် အိမ်ထောင်စု ၁၀၈ စုနှင့် အမှတ် ၄ ရပ်ကွက်ရှိ အိမ်ထောင်စု ၄၀၀ တို့အား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ မတ်ပဲ၊ အချိုရည်နှင့် မုန့်များ ပါဝင်သည့် စားသောက်ကုန်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် ဘားအံမြို့ မိုးလုံလေလုံ အားကစားရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အသက် ၁၂ နှစ်အောက် ကလေး ၃၇၈ ဦးအား ပြည်နယ်အစိုးရအဖွဲ့နှင့် စောဒွေးမြင့်ကုမ္ပဏီတို့က လှူဒါန်းသည့် မုန့်များဝေငှပေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက ကလေးအိပ် ခြင်ထောင် ၁၇ လုံးတို့ကို ထောက်ပံ့ပေးခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အောင်သံလွင် ပြည်နယ်အားကစားကွင်း ရေဘေးကယ်ဆယ်ရေးစခန်းရှိ ၁၂ နှစ်အောက် ကလေး ၁၂၇ ဦး၊ အထက(၃)အားကစားရုံရှိ ၁၂နှစ်အောက် ကလေး ၅၀၁ ဦးတို့ကို မုန့်များဝေငှပေးခဲ့ပြီး ဘားအံမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၄ ခု၌ အိမ်ထောင်စု ၂၀၇၆ စု၊ လူဦးရေ ၁၀၇၈၂ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# လွိုင်ကော်မြို့နယ် စီမံကိန်းဦးစီးရုံးသစ် ဖွင့်ပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်

**လွိုင်ကော် ဩဂုတ် ၂၃**

လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ဧက ၅၀၀ ဝင်း၊ နမ့်ဘော်ဝမ် (ခ)ရပ်ကွက်ရှိ မြို့နယ်စီမံကိန်းဦးစီးရုံး ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက်က အဆိုပါ အဆောက်အအုံဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ လွိုင်ကော်မြို့နယ် စီမံကိန်းဦးစီးရုံးသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလုထွေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံကိန်းဦးစီးရုံးသစ် ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းဦးစီးရုံးသစ်အတွင်း၌ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မိတ်ဆက်စကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးရုံးသစ် ဆောက်လုပ်ခဲ့သော Reh Thiha Company Managing Director က အဆောက်အအုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းဦးစီးရုံးသစ်ဆိုင်ရာ အချက်အလက် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်စီမံကိန်းရုံးသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးထံသို့ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

အဆိုပါ မြို့နယ်စီမံကိန်းဦးစီးရုံးသစ်ကို ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၉၅ ဒသမ ၇၁၂ သန်းဖြင့် Reh Thiha Company မှ ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ဇွန် ၂၀ ရက်တွင် ဆောက်လုပ် ပြီးစီးခဲ့ကြောင်း၊ အဆောက်အအုံမှာ ၄၇×၄၆ ပေရှိ RC တစ်ထပ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

**စိုင်းညာဏ်လင်းထွန်း**

## ဟုမ္မလင်းမြို့နယ်၌ ငလျင်ဘေးအန္တရာယ် ပညာပေးလုပ်ငန်း ဆောင်ရွက်

**ဟုမ္မလင်း ဩဂုတ် ၂၃** -

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ငလျင်ဘေးအန္တရာယ် ပညာပေးလုပ်ငန်းများကို ဩဂုတ် ၂ ရက်မှ ၂၃ ရက်အထိ ဟုမ္မလင်းမြို့ပေါ် အ.ထ.က(၁)၊ အ.ထ.က(၂)၊ အလယ်တန်းကျောင်း၊ မြို့နယ် အ.ထ.က ထမံသီကျေးရွာ၊ အ.ထ.က-မောင်းခမ်း၊ အ.ထ.က ကောယား၊ အ.ထ.က ကက်သာ၊ အ.ထ.က နမ့်တောကျေးရွာ၊ အ.ထ.က နောင်ပိုအောင်၊ အ.ထ.က(ခွဲ)နားမော်၊ အ.ထ.က ရွှေပြည်အေး၊ အလယ်တန်းကျောင်း၊ နောင်ဆန်းကျင်ကျေးရွာ စသည့်ကျောင်းပေါင်း ၁၂ ကျောင်းတို့တွင် လက်ထောက်ပညာရေးမှူး ဦးထွန်းလင်းအောင်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက မြေငလျင်၏ သဘာဝ၊ မြေငလျင်၏ သမိုင်းကြောင်း၊ မြေငလျင်မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ခြင်း၊ မြေငလျင်လှုပ်ချိန်တွင် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လင်းလင်း(ဟုမ္မလင်း)**

# အူရီဒူးမြန်မာ၏ လေးနှစ်ပြည့်အခမ်းအနားတွင် Ooredoo Next ဝန်ဆောင်မှုသစ်ကို မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၂၃**

အူရီဒူးဆင်းကတ်များကို သုံးစွဲနေသူများအတွက် ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်သော Ooredoo Next ဝန်ဆောင်မှုကို ဩဂုတ် ၁၆ ရက်က ကျင်းပသော အူရီဒူးမြန်မာ၏ လေးနှစ်ပြည့်အခမ်းအနားတွင် စတင်မိတ်ဆက်လိုက်ပြီး ထိုဝန်ဆောင်မှုသည် သုံးစွဲသူများအနေဖြင့် မိမိ၏အကောင့်ကို Facebook မှတစ်ဆင့် အလွယ်တကူ စီမံခန့်ခွဲနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

Ooredoo Next ဝန်ဆောင်မှု အသုံးပြုခြင်းဖြင့် အူရီဒူးဆင်းကတ်သုံးစွဲသူများအနေဖြင့် မြောက်မြားစွာသော ကုတ်နံပါတ်များကို မှတ်သားထားရန်မလိုတော့ဘဲ အူရီဒူးမြန်မာ၏ ဝန်ဆောင်မှုများကို သိရှိနိုင်ခြင်း၊ ဒေတာပက်ကေ့ချ်များ ဝယ်ယူခြင်း၊ ငွေလက်ကျန်စစ်ဆေးခြင်းနှင့် အခြားအထူးအစီအစဉ်များအားလုံးကို မိမိတို့၏ ဖေ့စ်ဘုတ် Messenger ထဲမှတစ်ဆင့် ကြည့်ရှုစစ်ဆေး လုပ်ဆောင်နိုင်မည်ဟု သိရသည်။

အူရီဒူးမြန်မာ၏ လေးနှစ်ပြည့်အခမ်းအနားတွင် အူရီဒူးအနေဖြင့် မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်သွားမည့် ရင်းနှီးမြှုပ်နှံမှုများ၊ 4G ကွန်ရက် တိုးချဲ့လွှမ်းခြုံမှုများ၊ ပို၍ထူးခြားဆန်းသစ်သည့် ထုတ်ကုန်များနှင့် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ကဏ္ဍ ပြောင်းလဲရေးအတွက် ပံ့ပိုးကူညီမည့် အနာဂတ်အစီအစဉ်သစ်များအကြောင်းကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။




အူရီဒူးမြန်မာရုံးချုပ်၌ ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Vikram Sinha က "ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ အူရီဒူးကွန်ရက်ကို လွှမ်းခြုံပေးနိုင်ဖို့အတွက် အလွန်လျင်မြန်တဲ့နှုန်းနဲ့ ကြိုးစားလုပ်ဆောင်ခဲ့ကြပါတယ်။ အူရီဒူးက ဆန်းသစ်မှုများစွာဖြင့် ဆက်လက်ပြီး ဝန်ဆောင်မှုပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယခုနှစ်အစောပိုင်းက Ookla Speedtest Intelligence ၏ ၂၀၁၈ ခုနှစ် Q1-Q2 စစ်တမ်းအရ အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင် အမြန်ဆုံးကွန်ရက် ဖြစ်လာခဲ့သလို ၂၀၁၈ ခုနှစ်ကုန်တွင်လည်း အူရီဒူးမြန်မာသည် တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်၌ အူရီဒူး၏ 4G Plus ကွန်ရက်ကို လွှမ်းခြုံပေးမည်ဖြစ်သည့်အပြင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖိုင်ဘာဆက်သွယ်ချိတ်ဆက်မှုကိုလည်း ကီလိုမီတာ ၁၅၀၀၀ အထိ ဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် ပြည်တွင်း၌ ဝန်ဆောင်မှုများပေးခဲ့သည့် လေးနှစ်အတွင်း ဆက်သွယ်ရေးကဏ္ဍသာမက ပြည်သူလူထု၏ လူနေမှုဘဝများ တိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး စသည့် လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း UNOPS, PACT Myanmar, Myanmar Book Aids Preservation and Foundation, မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည့် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။

**သူရဖြိုး**

# ဆမ်ဆောင်း၏စမတ်ဖုန်းသစ် Galaxy Note 9 ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၂၃**

ဆမ်ဆောင်း၏ အရည်အသွေးမြင့် ဖုန်းစီးရီးစ်တစ်ခုဖြစ်သည့် Galaxy Note စမတ်ဖုန်းများထဲမှ နောက်ဆုံးထွက်ဖြစ်သည့် Galaxy Note 9 ကို ပြည်တွင်းဈေးကွက်တွင် ဩဂုတ် ၁၇ ရက်က စတင်မိတ်ဆက်ခဲ့သည်။




Note စီးရီးစမတ်ဖုန်းများတွင် ဆမ်ဆောင်း၏ နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုများ အစဉ်အမြဲ ပါဝင်လေ့ရှိသောကြောင့် Galaxy Note စမတ်ဖုန်းများမှာ ဆမ်ဆောင်းသုံးစွဲသူများအကြား စိတ်ဝင်စားမှုမြင့်မားသော ဖုန်းတစ်မျိုးဖြစ်ကာ ယခု Galaxy Note 9 တွင်လည်း စွမ်းဆောင်ရည်မြင့်မားသော S Pen နှင့် အဆင့်မြင့်ကင်မရာ လုပ်ဆောင်ချက်များ ထည့်သွင်းဖန်တီးထားကြောင်း သိရသည်။

S Pen သည် Galaxy Note စီးရီးစ်စမတ်ဖုန်းများ၏ အမှတ်အသားဖြစ်ပြီး စတင်ထုတ်လုပ်ချိန်က စာရေးခြင်းနှင့် ပုံဆွဲခြင်းအတွက်သာ ဖန်တီးခဲ့သော S Pen သည် Galaxy Note 9 တွင် လုပ်ဆောင်ချက်မြောက်မြားစွာကို ထိန်းချုပ်ပေးနိုင်သည့် စွမ်းဆောင်ရည်များ ပါဝင်လာသည်။ Bluetooth Low-Energy (BLE) နည်းပညာ ထောက်ပံ့မှုနှင့်အတူ အသစ်ထွက်ရှိလာသော S Pen ကို အသုံးပြု၍ ဆယ်လ်ဖီဓာတ်ပုံများ၊ အဖွဲ့လိုက်ဓာတ်ပုံများ ရိုက်ယူခြင်း၊ လုပ်ငန်းဆိုင်ရာ Slide များကို ပြသခြင်း၊ ဗီဒီယိုများကို အလွယ်တကူ ရပ်ခြင်း၊ ဖွင့်ခြင်းစသည့် လုပ်ဆောင်ချက်များစွာကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Galaxy Note 9 ကို ဩဂုတ် ၂၈ ရက်တွင် စတင်ဝယ်ယူနိုင်မည်ဖြစ်ပြီး အမည်းရောင်၊ အပြာရောင်နှင့် ကြေးနီရောင်ဟု အရောင်သုံးမျိုးရရှိမည်ဖြစ်ကာ မင်မိုရီပမာဏ အပေါ်မူတည်၍ နှစ်မျိုးခွဲထားကြောင်း၊ ဈေးနှုန်းမှာ မင်မိုရီ 128 GB အတွက် ကျပ် ၁၃၉၉၀၀၀ နှင့် 512 GB အတွက် ၁၇၅၀၀၀၀ ကျပ်ဖြစ်ကြောင်း၊ မင်မိုရီ ၅၁၂ GB ကို အရေအတွက်ကန့်သတ်ထားကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# တယ်လီနောလူငယ်ဖိုရမ်အတွက် လျှောက်ထားသူ ၂၀၀ အနက် ပဏာမအဆင့် ၂၀ ရွေးချယ်ခံရ

**ရန်ကုန် ဩဂုတ် ၂၃**

နော်ဝေနိုင်ငံ အော်စလိုမြို့တွင်ကျင်းပမည့် တယ်လီနောလူငယ်ဖိုရမ် (TYF)ကို တက်ရောက်ရန် မြန်မာနိုင်ငံမှ လျှောက်ထားသော လူငယ် ၂၀၀ ကျော်ထဲမှ ပဏာမအဆင့် ရွေးချယ်ခံရသူ ၂၀ ကို တယ်လီနောမြန်မာက ဩဂုတ် ၂၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

တယ်လီနောမြန်မာက ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Seedstars နှင့် ပူးပေါင်းပြီး လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တွင် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ရွေးချယ်ထားပြီးသော လူငယ် ၂၀ အနေဖြင့် အဆိုပါဆွေးနွေးပွဲကို တက်ရောက်ရမည်ဖြစ်သည်။

ထိုဆွေးနွေးပွဲတွင် လူငယ်များအား ၎င်းတို့၏ တီထွင်ကြံဆနိုင်စွမ်း၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီး ပြောင်းလဲမှုများလုပ်လိုသည့် စိတ်အားထက်သန်မှုနှင့် ဆက်ဆံပြောဆိုရေးဆိုင်ရာများကို ကျွမ်းကျင်စေရန် ကနဦး လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းအပြီးတွင် ဖိုရမ်သို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် လူငယ်နှစ်ဦးကို ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ထူးချွန်ထက်မြက်တဲ့ မြန်မာလူငယ်အယောက် ၂၀ နဲ့ တွေ့ဆုံပြီး ကမ္ဘာကြီး ယနေ့ကြုံတွေ့နေရတဲ့ လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေကို နည်းပညာအသုံးချပြီး သူတို့ ဘယ်လိုနားလည်ပြီး ဘယ်လို ဖြေရှင်းဖို့စဉ်းစားထားလဲဆိုတာကို တွေ့မြင်ရတော့မှာဖြစ်ပါတယ်။ တယ်လီနောလူငယ်ဖိုရမ်ဟာ ထူးချွန်လူငယ်တွေအနေနဲ့ ကမ္ဘာ့ရေးရာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ စဉ်းစားထားတဲ့အကြံဉာဏ်တွေကို ထုတ်ဖော်ပြသဖို့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ အဲဒီလို အကြံဉာဏ်ကောင်းတွေကို အကောင်းဆုံးအသုံးချပြီး ပိုပြီးတိုးတက်အောင်မြင်မယ့် လမ်းစကို ဖော်ဆောင်သွားနိုင်ဖို့ တယ်လီနောလူငယ်ဖိုရမ်က ကူညီပံ့ပိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Sharad Mehrotra က ပြောကြားသည်။

တယ်လီနောလူငယ်ဖိုရမ်သည် တယ်လီနောလုပ်ငန်းစုနှင့် နိုဘယ်ငြိမ်းချမ်းရေးစင်တာ(NPC)တို့ ပူးပေါင်းစီစဉ်သည့် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုဖြစ်ပြီး ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြု၍ ကမ္ဘာတစ်ဝန်းရှိ မညီမျှမှုများကို တိုက်ဖျက်နိုင်ရန်နှင့် လူမှုအဖွဲ့အစည်းအား စွမ်းရည်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ဖိုရမ်ကာလတစ်လျှောက်တွင် လူငယ်များအား တယ်လီနောအုပ်စုမှ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက အတွေ့အကြုံများ မျှဝေပေးရုံသာမက လက်ရှိ ကမ္ဘာတွင် ကျင့်သုံးနေသည့် ပညာရပ်များကို သင်ကြားပြသပေးကြမည်ဖြစ်သည်။

တယ်လီနောလူငယ်ဖိုရမ် တက်ရောက်သူများသည် ဖိုရမ်နှင့်ပတ်သက်၍ တစ်နှစ်ကြာအချိန်ပေးရန် လိုအပ်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အော်စလိုမြို့နှင့် ၂၀၁၉ ခုနှစ် မေလတွင် ဗန်ကောက်မြို့များ၌ ကျင်းပပြုလုပ်မည့် ဆွေးနွေးပွဲများသို့ စရိတ်ငြိမ်း သွားရောက်ပါဝင်ခွင့် ရရှိမည်ဖြစ်သည်။ တယ်လီနောလုပ်ငန်းရှိရာ နိုင်ငံအသီးသီးမှ ရွေးချယ်ခံရသည့် လူငယ်များအနေဖြင့် အဆိုပါ လူငယ်ဖိုရမ်အစီအစဉ် တစ်လျှောက်လုံးတွင် အခြားရွေးချယ်ခံရသူများပါဝင်သော အဖွဲ့ငယ်များဖြင့် တစ်ပတ်လျှင် နှစ်နာရီဝန်းကျင် အချိန်ပေး၍ အွန်လိုင်းမှတစ်ဆင့် စုပေါင်းဆောင်ရွက် လုပ်ကိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာလအတွင်း အော်စလိုမြို့၌ ဖိုရမ်ကျင်းပချိန်တွင် အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ဖြေရှင်းရမည့်ခေါင်းစဉ်များကို သတ်မှတ်ပေးကာ ဖြေရှင်းနိုင်မည့် ဒစ်ဂျစ်တယ်နည်းလမ်းများကို အဖွဲ့လိုက် ပူးပေါင်းအဖြေရှာရမည်ဖြစ်သည်။ ဖိုရမ်အပြီးတွင် အနိုင်ရသည့်အဖွဲ့ကို ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ပရောဂျက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် နော်ဝေခရိုနာ တစ်သိန်း(အမေရိကန်ဒေါ်လာ ၁၅၀၀၀ ခန့်)ကို မတည်ငွေအဖြစ် ပေးအပ်သွားမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် လူငယ်ဖိုရမ်ငါးကြိမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ခဲ့သူ လူငယ်ရှစ်ဦး ရှိခဲ့ပြီးဖြစ်ကာ ယမန်နှစ်က တယ်လီနောလူငယ်ဖိုရမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သူနှစ်ဦးအနက် တစ်ဦးဖြစ်သည့် နန်းကံ့ကော်ယွက်ဆိုင်ပါဝင်သော AGENCY အဖွဲ့က လုပ်သားများ၏ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများကို ဒစ်ဂျစ်တယ်နည်းပညာသုံးကာ တင်ပြနိုင်မည့် လူထုအခြေပြုပရောဂျက်ဖြင့် အနိုင်ရရှိခဲ့ကြောင်းလည်း သိရသည်။

**သူရဖြိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၂၃-၈-၂၀၁၈**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၇၀ ကျပ် | ၉၇၀/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၉၈၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၂၀/၉၄၀ ကျပ် | ၉၆၅/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၆၅/၉၈၅ ကျပ် | ၁၀၂၀/၁၀၅၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၉ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၇ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၉ ・ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၂ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ ・ ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ ・ ၆၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ ・ ၆၂၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# အိမ်ကွင်းမှာ မန်ယူနိုင်ပွဲ ပြန်ရဖို့ခက်တယ်

● ဝေမိုးဆက်



ပရီမီယာလိဂ်ပွဲစဉ် ၂ မှာ မန်ယူတို့ ဘရိုက်တန်ကိုမထင်မှတ်ဘဲ အရေးနိမ့်ခဲ့ရပါတယ်။ ဒီတစ်ပတ်မှာလည်း မန်ယူအနေနဲ့ စပါးလို အသင်းကောင်းနဲ့ ရင်ဆိုင်ရဦးမှာဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နှစ်ပွဲကစာ ၊နှစ်ပွဲစလုံး အရေးနိမ့်ခဲ့တဲ့ အာဆင်နယ်ကလည်း ဝက်စ်ဟမ်းနဲ့ လန်ဒန်ဒါဘီပွဲကစားရမှာဖြစ်လို့ နိုင်ပွဲစတင်ရယူနိုင်ပါ့မလားဆိုတာကလည်း စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၃ ဂိုး |
| ရီချာလီဆန် | အဲဗာတန် | ၃ ဂိုး |
| မာနေး | လီဗာပူး | ၃ ဂိုး |
| ပီရီယာ | ဝတ်ဖို့ဒ် | ၂ ဂိုး |
| ပေါ့ဂ်ဘာ | မန်ယူ | ၂ ဂိုး |

## ဝုဖ် Vs မန်စီးတီး

ကစားမည့်အချိန် ည ၆း၀၀ (၂၅-၈-၁၈) Molineux Stadium

နောက်ဆုံးဆုံတွေ့မှု - မန်စီးတီး ၂-၂ ဝုဖ်

ဒီရာသီမှာမန်စီးတီးရဲ့ခြေစွမ်းက အကောင်းဆုံးဖြစ်နေပါတယ်။ ဒုတိယပွဲစဉ်မှာ ဟတ်ဒါဖီးလ်ကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အဂူရိုလည်း ဂိုးသွင်းခြေရရှိနေတယ်။ ဝုဖ်က နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် မန်စီးတီးရဲ့တိုက်စစ်ကိုတော့ ထိန်းချုပ်ဖို့ခက်ပါတယ်။ မန်စီးတီးတို့ ဒီပွဲစဉ်မှာလည်း ဝုဖ်ကိုကွင်းလယ် ကစားကွက်အသာနဲ့ ကစားနိုင်ဖို့ရှိသလို ဂိုးပြတ်နိုင်ပွဲ ရယူသွားနိုင်မှာပါ။

## အာဆင်နယ် Vs ဝက်စ်ဟမ်း

ကစားမည့်အချိန် ည ၈း၃၀ (၂၅-၈-၁၈) Emirates Stadium

နောက်ဆုံးဆုံတွေ့မှု - အာဆင်နယ် ၄-၁ ဝက်စ်ဟမ်း

လန်ဒန်ဒါဘီပွဲဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းစလုံးဟာက စားပြီးသမျှ နှစ်ပွဲစီကို ရှုံးနိမ့်ထားခဲ့ရတာကြောင့် ဒီတတိယပွဲမှာနိုင်ပွဲရရှိရေး အထူးအားစိုက်လာမယ့်အချက်ရှိနေတယ်။ နှစ်သင်းလုံးခြေစွမ်းပိုင်းမှာတော့ အာဆင်နယ်က ပိုမိုကောင်းမွန်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းရော အာဆင်နယ်ပါခံစစ်ပိုင်းမလုံတာမို့ ဂိုးအပြန်အလှန်သွင်းရင်း အာဆင်နယ်တို့ အိမ်ကွင်းနိုင်ပွဲရသွားနိုင်ပါတယ်။

## ဘုန်းမောက် Vs အဲဗာတန်

ကစားမည့်အချိန် ည ၈း၃၀ (၂၅-၈-၁၈) Vitality Stadium

နောက်ဆုံးဆုံတွေ့မှု - ဘုန်းမောက် ၂-၁ အဲဗာတန်

ဘုန်းမောက်က ခြေစွမ်းပိုင်းတည်ငြိမ်တယ်လို့ ပြောနိုင်တယ်။ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲရယူထားနိုင်တယ်။ တိုက်စစ်ကစားပုံလည်း ထက်မြက်မှုရှိတယ်။ ဒါပေမယ့် အဲဗာတန်ကလည်း ဒီရာသီမှာခြေစွမ်းပိုင်းကောင်းမွန်နေတာတွေ့ရတယ်။ ကစားပြီးသမျှ နှစ်ပွဲစီမှာ နှစ်သင်းစလုံး ရဲ့ခံစစ်အား သာမန်သာရှိတာကြောင့် ဒီပွဲကတော့ ဂိုးအပြန်အလှန်သွင်းမယ့်ပွဲဖြစ်ပြီး ကစားသမား အင်အားပိုမိုတောင့်တင်းတဲ့ အဲဗာတန်တို့အနိမ့်ဆုံး သရေလောက်ကစားနိုင်မယ်။

## ဟတ်ဒါဖီးလ် Vs ကာဒစ်ဖ်

ကစားမည့်အချိန် ည ၈း၃၀ (၂၅-၈-၁၈) The John Smith's

နောက်ဆုံးဆုံတွေ့မှု - ဟတ်ဒါဖီးလ် ၀-၃ ကာဒစ်ဖ်

မန်စီးတီးကိုဂိုးပြတ်အရေးနိမ့်ခဲ့တဲ့ ဟတ်ဒါဖီးလ်ဟာ ဒီအိမ်ကွင်းပွဲမှာနိုင်ပွဲရရှိရေးအားစိုက်လာမှာသေချာပါတယ်။ ဒါပေမယ့် နှစ်ပွဲမှာ ကိုးဂိုး ပေးခဲ့ရတဲ့ ခံစစ်ပိုင်းကတော့ အားနည်းလွန်းပါတယ်။ ကာဒစ်ဖ်ကလည်း နိုင်ပွဲမရသေးတဲ့အတွက် အားစိုက်ကစားလာဖို့ရှိပါတယ်။ ကာဒစ်ဖ်တို့ဟတ်ဒါဖီးလ်ရဲ့ခံစစ်အားနည်းမှုကို အခွင့်အရေးယူပြီး တုံ့ပြန်ကစားလာနိုင်ခြေရှိတာကြောင့် ဟတ်ဒါဖီးလ် ဒီပွဲမှာလည်းနိုင်ပွဲရဖို့ရုန်းကန်ရနိုင်ကာ သရေလောက်ပဲရမယ်။

## ဝက်ဖို့ဒ် Vs ပဲလေ့စ်

ကစားမည့်အချိန် ည ၇း၀၀ (၂၆-၈-၁၈) Vicarage Road

နောက်ဆုံးဆုံတွေ့မှု - ဝက်ဖို့ဒ် ၀-၀ ပဲလေ့စ်

ဒီရာသီမှာ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းတည်ငြိမ်နေတယ်လို့ ဆိုနိုင်ပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရယူနိုင်ခဲ့ပါတယ်။ တိုက်စစ်ပိုင်း ထက်မြက်မှုရှိနေကာ ခံစစ်ပိုင်းကျစ်လျစ်တဲ့ဘန်လေလိုအသင်းမျိုးကိုတောင် အဝေးကွင်းမှာ ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့ပါတယ်။ ပဲလေ့စ်ကတော့ လီဗာပူးကိုအရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲပြန်ရအောင် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းအားကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဝက်ဖို့ဒ်ကပ်နိုင်မယ်။

## မန်ယူ Vs စပါး

ကစားမည့်အချိန် နံနက် ၁း၃၀ (၂၈-၈-၁၈) Old Trafford

နောက်ဆုံးဆုံတွေ့မှု -

ဘရိုက်တန်ကို ရှုံးနိမ့်ခဲ့ရတဲ့အတွက် မန်ယူတို့အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိနေတယ်။ ဒါပေမယ့်လည်း မန်ယူရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ ကွင်းလယ်စွမ်းဆောင်ရည်တည်ငြိမ်မှုမဲ့နေပါတယ်။ စပါးကတော့ ဒီရာသီမှာ အသင်းလိုက်ကစားပုံအကောင်းဆုံးဖြစ်နေပါတယ်။ တိုက်စစ်ပိုင်းမှာ ဟယ်ရီကိန်း ဂိုးသွင်းခြေရရှိနေတယ်။ မန်ယူအနေနဲ့ စပါးရဲ့ကွင်းလယ်ကို အသာရအောင် ကစားနိုင်ဖို့ခက်သလို အမြင့်ဆုံးသရေသာရမယ်။

## လီဗာပူး Vs ဘရိုက်တန်

ကစားမည့်အချိန် ည ၁၁း၀၀ (၂၅-၈-၁၈) Anfield

နောက်ဆုံးဆုံတွေ့မှု - လီဗာပူး ၄-၀ ဘရိုက်တန်

မန်ယူကို အနိုင်ကစားသွားခဲ့တဲ့ပွဲမှာ ဘရိုက်တန်ရဲ့ကစားအား ကောင်းမွန်မှုရှိခဲ့တာကို တွေ့ရတယ်။ ဒါပေမယ့်လည်း ဘရိုက်တန်ဟာ အဝေးကွင်း ပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းအားနည်းတတ်လို့ လီဗာပူးတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ လီဗာပူးက တိုက်စစ်ပိုင်းထက်မြက်မှုရှိနေပြီး အထူးသဖြင့် မာနေးခြေစွမ်းပြနေတာကြောင့် အဆုံးသတ်ပိုင်းလည်း ထက်မြက်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် လီဗာပူးသာနိုင်ပွဲရမယ်။

## ကာဆယ် Vs ချယ်လ်ဆီး

ကစားမည့်အချိန် ည ၉း၃၀ (၂၆-၈-၁၈) St. James' Park

နောက်ဆုံးဆုံတွေ့မှု - ကာဆယ် ၃-၀ ချဲလ်ဆီး

နိုင်ပွဲမရသေးပေမယ့် ကာဆယ်ခြေစွမ်းပိုင်းမဆိုးဘူးလို့ ပြောနိုင်တယ်။ စပါးကိုအကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သလို ကာဒစ်ဖ်နဲ့ပွဲမှာလည်း တစ်ယောက်လျော့နဲ့ သရေကစားနိုင်ခဲ့တယ်။ ဒါပေမယ့် ဒီရာသီမှာ ချယ်လ်ဆီးခြေစွမ်းကလည်း အကောင်းဆုံးပုံစံမှာရှိနေတယ်။ မိုရာတာကအစ ဂိုးသွင်းခြေရနေတယ်။ ဟာဇက်လည်း ဒီပွဲမှာပွဲထွက်ပါဝင်လာနိုင်တာကြောင့် ချယ်လ်ဆီး တိုက်စစ်ပိုကောင်းလာနိုင်ပါတယ်။ ချယ်လ်ဆီးပဲနိုင်မယ်။

## ဆောက်သမ်တန် Vs လက်စတာ

ကစားမည့်အချိန် ည ၈း၃၀ (၂၅-၈-၁၈) St. Mary's Stadium

နောက်ဆုံးဆုံတွေ့မှု - လက်စတာ ၀-၀ ဆောက်သမ်တန်

ဆောက်သမ်တန်ခြေစွမ်းပိုင်းက ဒီရာသီမှာ အားနည်းလွန်းပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာအဆုံးသတ်ကောင်းမွန်ပေမယ့် လက်စတာကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေပြီး ကစားပြီးသမျှ နှစ်ပွဲစလုံးမှာကျစ်လျစ်မှုရှိခဲ့တာ တွေ့ရတယ်။ ဒါပေမယ့် လက်စတာမှာ ဗာဒီပါဝင်လာမှာမဟုတ်သလို ဆောက်သမ်တန်ရဲ့တိုက်စစ်ကလည်း အားနည်းတဲ့အတွက် အပြန်အလှန် သွင်းဂိုးတွေကို တွေ့မြင်ရဖို့ခက်ခဲနိုင်ကာ အနိုင်အရှုံးအဖြေပေါ်ဖို့လည်း ခက်တယ်။

## ဖူလ်ဟမ် Vs ဘန်လေ

ကစားမည့်အချိန် ည ၉း၃၀ (၂၆-၈-၁၈) Craven Cottage

နောက်ဆုံးဆုံတွေ့မှု - ဖူလ်ဟမ် ၂-၃ ဘန်လေ

ဘန်လေဟာခြေစွမ်းပိုင်းမဆိုးပေမယ့် ယူရိုပါလိဂ်နဲ့ ပရီမီယာလိဂ်ပြိုင်ပွဲနှစ်ရပ်ကြားမှာပွဲပန်းမှုဒဏ်ကို ခံစားနေရပြီး အိမ်ကွင်းမှာတောင် ဝက်ဖို့ဒ်ကို ဂိုးပြတ်ရှုံးနေပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်က ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေပြီး နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံး အရေးနိမ့်ကာ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေခဲ့တာကို တွေ့ရတယ်။ ဖူလ်ဟမ်ရဲ့အိမ်ကွင်းဖြစ်ပေမယ့် ဘန်လေကသာ နိုင်ပွဲကပ်ရသွားဖို့ရှိပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၃)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၂၅-၈-၁၈ |
| ဝုဖ် | - | မန်စီးတီး | ည ၆း၀၀ |
| ဘုန်းမောက် | - | အဲဗာတန် | ည ၈း၃၀ |
| အာဆင်နယ် | - | ဝက်စ်ဟမ်း | ည ၈း၃၀ |
| ဟတ်ဒါဖီးလ် | - | ကာဒစ်ဖ် | ည ၈း၃၀ |
| ဆောက်သမ်တန် | - | လက်စတာ | ည ၈း၃၀ |
| လီဗာပူး | - | ဘရိုက်တန် | ည ၁၁း၀၀ |
| တနင်္ဂနွေနေ့ | | | ၂၆-၈-၁၈ |
| ဝက်ဖို့ဒ် | - | ပဲလေ့စ် | ည ၇း၀၀ |
| ဖူလ်ဟမ် | - | ဘန်လေ | ည ၉း၃၀ |
| ကာဆယ် | - | ချယ်လ်ဆီး | ည ၉း၃၀ |
| တနင်္လာနေ့ | | | ၂၈-၈-၁၈ |
| မန်ယူ | - | စပါး | နံနက် ၁း၃၀ |

## လာလီဂါပွဲစဉ် ၂

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၄-၈-၁၈ |
| ဂီတာဖေး | - | အီဘာ | နံနက် ၀၀း၄၅ |
| လီဂါနက်စ် | - | ဆိုစီဒက်စ် | နံနက် ၂း၄၅ |
| စနေနေ့ | | | ၂၅-၈-၁၈ |
| အလာဗက်စ် | - | ဘက်တစ် | ည ၁၀း၄၅ |
| အက်သလက် | - | ဗယ်လက်ကာနို | နံနက် ၀၀း၄၅ |
| ဗယ်လာဒိုးလစ် | - | ဘာစီလိုနာ | နံနက် ၂း၄၅ |
| တနင်္ဂနွေနေ့ | | | ၂၆-၈-၁၈ |
| အက်စ်ပန်ညို | - | ဗလင်စီယာ | ည ၁၀း၄၅ |
| ဆီဗီလာ | - | ဗီလာရီးရဲ | နံနက် ၀၀း၄၅ |
| ဂျီရိုနာ | - | ရီးရဲ | နံနက် ၂း၄၅ |
| တနင်္လာနေ့ | | | ၂၇-၈-၁၈ |
| လီဗန်တေး | - | ဆဲလ်တာဗီဂို | နံနက် ၀၀း၃၀ |
| ဘီဘာအို | - | ဝက်စ်ကာ | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၂၅-၈-၁၈ |
| ဂျူဗင်တပ်စ် | - | လာဇီယို | ည ၁၀း၃၀ |
| နာပိုလီ | - | မီလန် | နံနက် ၁း၀၀ |
| တနင်္ဂနွေနေ့ | | | ၂၆-၈-၁၈ |
| SPAL | - | ပါးမား | ည ၁၀း၃၀ |
| ကက်ဂလီယာရီ | - | ဆက်ဆူအိုလို | နံနက် ၁း၀၀ |
| ဖီယိုရင်တီနာ | - | ချီယေဗို | နံနက် ၁း၀၀ |
| ဖရိုစီနိုနီ | - | ဘိုလော့ဂ်နာ | နံနက် ၁း၀၀ |
| ဂျီနိုအာ | - | အမ်ပိုလီ | နံနက် ၁း၀၀ |
| အင်တာ | - | တိုရီနို | နံနက် ၁း၀၀ |
| အူဒီးနိစ် | - | ဆမ်ဒိုးရီးယား | နံနက် ၁း၀၀ |
| တနင်္လာနေ့ | | | ၂၇-၈-၁၈ |
| ရိုးမား | - | အတ္တလန္တာ | နံနက် ၁း၀၀ |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၁)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၄-၈-၁၈ |
| ဘိုင်ယန် | - | ဟော့ဖန်ဟိုင်း | နံနက် ၁း၀၀ |
| စနေနေ့ | | | ၂၅-၈-၁၈ |
| ဟာသာဘာလင် | - | နူယင်ဘတ် | ည ၈း၀၀ |
| ဝါဒါဘရီမင် | - | ဟန်နိုဗာ | ည ၈း၀၀ |
| ဖရိုင်းဘတ် | - | ဖရန့်ဖွတ် | ည ၈း၀၀ |
| ဝုဖ်ဘတ် | - | ရှော်လ်ကေး | ည ၈း၀၀ |
| ဖော်ကျူနာ | - | အော့စ်ဘတ် | ည ၈း၀၀ |
| ဂလာဘတ်ချ် | - | လေဗာကူဆင် | ည ၁၁း၀၀ |
| တနင်္ဂနွေနေ့ | | | ၂၆-၈-၁၈ |
| မိန့်ဇ် | - | စတုဂတ် | ည ၈း၀၀ |
| ဒေါ့မွန် | - | လိုက်ပဇစ် | ည ၁၀း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၄-၈-၁၈ |
| လိုင်ယွန် | - | စထရက်ဘော့ချ် | နံနက် ၁း၁၅ |
| စနေနေ့ | | | ၂၅-၈-၁၈ |
| ပီအက်စ်ဂျီ | - | အန်ဂါစ် | ည ၉း၃၀ |
| အာမီယံ | - | ရိမ်းစ် | နံနက် ၀၀း၃၀ |

# ပရီမီယာလိဂ်ရွှေဖိနပ်ပိုင်ရှင် ဘယ်သူဖြစ်လာမလဲ






အောင်က

**ပရီမီယာလိဂ်ရွှေဖိနပ်ဆုဟာ ပြီးခဲ့တဲ့ ရာသီကတော့ နှစ်ယောက်တည်းပြိုင်ရတဲ့ပြိုင်ပွဲဖြစ်ခဲ့တယ်။ စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းနဲ့ လီဗာပူးတိုက်စစ်မှူး ဆာလတ်တို့လုကြတဲ့ ပွဲလို့တောင်ပြောရမယ်။ ဆာလတ်ဟာ ရာသီကုန်မှာတော့ ဟယ်ရီကိန်းထက် နှစ်ဂိုးအသာနဲ့ ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်ရာသီကတော့ ပြီးခဲ့တဲ့ရာသီကထက် ပိုမြိုင်လာတယ်။ ပရီမီယာလိဂ်ရွှေဖိနပ်ဆုအတွက် ဆာလက်၊ ဟာရီကိန်းတို့သာမက အခြားကစားသမားတွေကိုလည်း ထည့်သွင်းစဉ်းစားရမယ့် အခြေအနေမှာ ရှိနေတယ်လို့ ပြောရမယ်။ ဒါကြောင့် ဒီဆုရဖို့အတွက် ရေပန်းစားတဲ့ကစားသမားတွေ၊ဖြစ်နိုင်ဖွယ်ရှိတဲ့ကစားသမားတွေနဲ့ မထင်မှတ်စရာ ကောင်းပေမယ့် မျှော်လင့်လို့ရနိုင်တဲ့ ကစားသမားတွေကို ဖော်ပြလိုက်ပါတယ်။**

### ဟယ်ရီကိန်း

တိုက်စစ်မှူးဟယ်ရီကိန်းဟာ လွန်ခဲ့တဲ့ လေးနှစ်ကတည်းက ဆက်တိုက် တိုးတက်မှုတွေရှိခဲ့တဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်တယ်။ လက်ရှိဘောလုံးလောကမှာလည်း ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် အများက လက်ခံထားသူလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၄-၁၅ ရာသီကစတင်ပြီး တစ်ရာသီကို အနည်းဆုံး ဂိုး ၂၀ သွင်းယူတဲ့တိုက်စစ်မှူးတစ်ဦးဖြစ်တယ်။ ဒါ့အပြင် ပရီမီယာလိဂ်ရွှေဖိနပ်ဆုကိုလည်း နှစ်ကြိမ်ရရှိထားသူလည်းဖြစ်တယ်။ နှစ်တိုင်းလည်း သူ့ရဲ့ခြေစွမ်းတွေကတော့ အားရစရာကောင်းတယ်။ ပြီးခဲ့တဲ့ရာသီကဆိုရင်လည်း ပရီမီယာလိဂ်သွင်းဂိုး ၃၀ အထိရှိခဲ့ပြီး ဆာလတ်သာ အကောင်းဆုံးခြေစွမ်းတွေမရှိခဲ့ဖူးဆိုရင် သူဟာ ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရဖို့အဖြစ်နိုင်ဆုံးသူ ဖြစ်တယ်။ သူဟာပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲမှာလည်း ဂိုးသွင်းယူထားနိုင်ခဲ့တာကြောင့် သူ့ရဲ့ကစားသမား ဘဝတစ်လျှောက် ဩဂုတ်လအတွင်း ဂိုးသွင်းယူနိုင်ခြင်းမရှိတဲ့ ကျိန်စာဆိုးကိုလည်း ပယ်ဖျက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း လာမယ့်ပွဲတွေမှာတော့ ဟယ်ရီကိန်းရဲ့ဂိုးတွေကိုတော့ ဆက်တိုက် တွေ့မြင်ရဖို့ ရှိနေပါတယ်။

### ဆာလက်

ပြီးခဲ့တဲ့ရာသီဟာ ဆာလတ်အတွက်တော့ ကမ္ဘာ့ဘောလုံးဇာတ်ခုံရဲ့အမြင့်ဆုံး နေရာကို ရောက်ရှိခဲ့သူလို့ ပြောရမယ်။ ဆွာရက်ဇ်ထွက်သွားခဲ့ပြီး နောက်ပိုင်း ပရိသတ်တွေရဲ့နှလုံးသားကို မလှုပ်ခါနိုင်တဲ့ကစားသမား မရှိခဲ့ပေမယ့် ပြီးခဲ့တဲ့ ရာသီမှာတော့ ဆာလတ်ဟာ လီဗာပူးပရိသတ်တွေရဲ့ နှလုံးသားကို ပြီးခဲ့တဲ့ရာသီက သိမ်းပိုက်နိုင်ခဲ့တယ်။ သူဟာပြီးခဲ့တဲ့ ရာသီက ပရီမီယာလိဂ်မှာ ၃၂ ဂိုးသွင်းယူပေးပြီး ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့သလို ပြိုင်ပွဲစုံမှာတော့ စုစုပေါင်းသွင်း ဂိုး ၄၀ အထိ သွင်းယူထားနိုင်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ်ရွှေဖိနပ်ဆုအတွက် ဆာလက်ဟာ မပါမဖြစ်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီအစပွဲမှာဆိုရင်လည်း သူရဲ့ခြေစွမ်းကောင်းကို တွေ့နေရတယ်။ ရာသီအစပထမဆုံးပွဲမှာတောင် တစ်ဂိုးသွင်းယူထားနိုင်တယ်။

### အဂူရို

မန်စီးတီးအသင်းနဲ့အတူ ဂိုးပေါင်း ၂၀၀ ကျော် သွင်းယူပေးထားပြီး အသင်းရဲ့ အမြဲတမ်းဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်ထားတဲ့ အဂူရိုရဲ့ ဂိုးသွင်းယူနိုင်မှုတွေဟာ ဒီနှစ်ရာသီမှာတော့ ရပ်တန့်ဖို့ မလွယ်ဘူးလို့ပြောရမှာပါ။ သူ့ရဲ့ဂိုးသွင်းနိုင်မှုဟာပြီးခဲ့တဲ့ ရာသီတွေက ထိပ်ဆုံးကို မရောက်ခဲ့ပေမယ့် နောက်ဆုံး လေးနှစ်အတွင်း အနည်းဆုံး ဂိုး ၂၀ ကျော်သွင်းယူနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ အသက် ၃၀ ရှိပြီဖြစ်တာကြောင့် အဂူရိုဟာ အကျဘက်ရောက်နေပြီလို့ ပြောနိုင်ပေမယ့် ဟတ်ဒါဖီးလ် အသင်းနဲ့ပွဲမှာ ဟတ်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ခြေစွမ်းကိုကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ပရီမီယာလိဂ် ရွှေဖိနပ်ရရှိနိုင်မှုဟာ နီးစပ်လွန်းတယ်လို့ ပြောရမလိုပါပဲ။



### လူကာကူ

ပြီးခဲ့တဲ့ရာသီက မန်ယူအသင်းအတွက် ပရီမီယာလိဂ်မှာ ၁၆ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် ခုနစ်ကြိမ်ပံ့ပိုးပေးထားနိုင်တဲ့ တိုက်စစ်မှူး လူကာကူကိုတော့ ပရီမီယာလိဂ် ရွှေဖိနပ်ဆုအတွက်ဖယ်ထားလို့မရပါဘူး။ ပြီးခဲ့တဲ့ နောက်ဆုံးပရီမီယာလိဂ် သုံးရာသီအတွင်းမှာ အနည်းဆုံး ၁၅ ဂိုး သွင်းယူနိုင်သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာသာ မန်ယူအသင်းရဲ့ကစားသမားတွေကသာ ဟန်ချက်ညီညီနဲ့ သူ့ကို ပံ့ပိုးမှုတွေလုပ်ပေးနိုင်မယ်ဆိုရင်တော့ လူကာကူအတွက် ဂိုးတွေကတော့ အဆက်မပြတ်ဆိုသလို တွေ့ရမှာလည်း ဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ် နှစ်ပွဲကစားပြီးချိန်မှာတော့ တစ်ဂိုးသွင်းယူထားနိုင်တဲ့သူဟာ လာမယ့်ပွဲတွေမှာတော့ ဒီထက်ဂိုးတွေ ပိုမိုတွေ့မြင်ရဖို့ ရှိလာနိုင်တယ်လို့တော့ မျှော်လင့်လို့ရနိုင်ပါတယ်။

### အူဘာမီယန်

အာဆင်နယ်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ လာကာဇက်တီဟာ ဂိုးရဖို့ ရုန်းကန်နေရတာကြောင့် ဒေါ့မွန်အသင်းက တိုက်စစ်မှူးအူဘာမီယန်ကို ဇန်နဝါရီ ဈေးကွက်မှာ အရခေါ်ယူခဲ့ပါတယ်။ သူဟာ အာဆင်နယ်အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရအောင်မကူညီနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ် ၁၃ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူနိုင်ခဲ့တာကို ကြည့်တာနဲ့သူ့ရဲ့ ဂိုးသွင်းခြေကို တွေ့မြင်နိုင်ပါတယ်။ လက်ရှိ ပရီမီယာလိဂ် ပွဲစဉ် ၂ ပွဲ အပြီးအထိတော့ အူဘာမီယန်ရဲ့ဂိုးသွင်းခြေကို မတွေ့ရသေးပေမယ့် လျှော့တွက်လို့မရတဲ့ ကစားသမားတစ်ဦး အဖြစ် သတ်မှတ်ထားရမှာလည်း ဖြစ်ပါတယ်။



ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်မှာ တာထွက်ကောင်းပြီး ဂိုးတွေသွင်းယူနေတဲ့ အဂူရိုကပဲ ပရီမီယာလိဂ်ရွှေဖိနပ်ဆုကိုရယူနိုင်လား။ ဟယ်ရီကိန်းနဲ့ ဆာလတ်ကပဲ ရွှေဖိနပ်ဆုကို ဆက်လက်သိမ်းပိုက်နိုင်မလား။ ဒါမှမဟုတ် မထင်မှတ်တဲ့ကစားသမားတွေကပဲ ရသွားမလားဆိုတာကိုတော့ ပရီမီယာလိဂ်ရာသီနဲ့အတူ ရင်ခုန်စိတ်လှုပ်ရှားစွာစောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

## အင်တာမီလန်သို့ ပြောင်းရွှေ့ရန် မိမိဆက်သွယ်ခဲ့သည်ဆိုသည့် သတင်းကို မိုဒရစ် ငြင်းဆို



ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လူကာမိုဒရစ်က သူသည် ယခုနွေရာသီအတွင်းတွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန်အတွက် အင်တာမီလန်အသင်းထံ စတင်ဆက်သွယ်မှု ပြုလုပ်ခဲ့သည်ဆိုသည့်သတင်းမှာ အဓိပ္ပာယ်မရှိသည့် သတင်းဖြစ်သည်ဟု ငြင်းဆိုလိုက်သည်။

အင်တာမီလန်အသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်တွင် ခရိုအေးရှားကွင်းလယ် ကစားသမား မိုဒရစ်အား ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့ပြီး အင်တာမီလန်အသင်းသည် ကစားသမား အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ ချမှတ်ထားသည့် စည်းမျဉ်းတစ်ခုကို ချိုးဖောက် ခဲ့သည်ဟု ရီးရဲအသင်းက စွပ်စွဲကာ အင်တာမီလန်အသင်းအား ဖီဖာသို့ တိုင် ကြားမှုပြုလုပ်ထားသည်။

အီတလီအားကစားနေ့စဉ် အားကစားသတင်းစာတစ်စောင်ဖြစ်သည့် La Gazzetta dello Sport က မိုဒရစ်သည် အင်တာမီလန်အသင်းတွင်ရှိနေသည့် သူ၏တစ်နိုင်ငံတည်းသား ကစားသမား သုံးဦးနှင့်အတူ လက်တွဲကစားလိုခြင်းကြောင့် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့လာရန် မိုဒရစ်ဘက်မှ စတင် ဆက်သွယ်ခဲ့ခြင်း ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သတင်းစာက "အင်တာမီလန်အသင်းဟာ မိုဒရစ်ကို ခေါ်ယူဖို့အတွက် မိုဒရစ်ရဲ့ မိခင်ကလပ်ဖြစ်တဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့ ခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ ဆက်သွယ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အင်တာမီလန်အသင်းကို ဖီဖာဆီ တိုင်ကြားထားပါတယ်။ ဖီဖာက မိုဒရစ်ကို ဆက်သွယ်မေးမြန်းတဲ့အခါ မိုဒရစ်က သူဟာ အင်တာမီလန်အသင်းကို စတင်ဆက်သွယ်ခဲ့ခြင်းဖြစ်ပြီး အင်တာမီလန်အသင်းမှာ ရှိနေတဲ့ ခရိုအေးရှားကစားသမားတွေဖြစ်တဲ့ ပါရီဆစ်၊ ဘရိုဇိုဗစ်၊ ဗာဆာကိုတို့နဲ့ အတူ အင်တာမီလန်မှာ ကစားချင်လို့ ဆက်သွယ်ခဲ့တာဖြစ်တယ်လို့ ပြောခဲ့ပါတယ်" ဟု ရေးသားဖော်ပြခဲ့သည်။

**ထက်အောင်**

## ရော်နယ်ဒို၏ စီးရီးအေ ပထမဆုံးပွဲအား အီတလီရုပ်သံမှ ကြည့်ရှုသူ နှစ်သန်းကျော်ရှိခဲ့



၂၀၁၈-၁၉ ခုနှစ် အီတလီစီးရီးအေ ပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်း၏ ရာသီအဖွင့်ပွဲစဉ်ဖြစ်ကာ ဂျူဗင်တပ်စ် ကစားသမားသစ် ရော်နယ်ဒို၏ ပထမဆုံး စီးရီးအေ ပွဲစဉ်ဖြစ်သည့် ဂျူဗင်တပ်စ်အသင်းနှင့် ချီယေဗို အသင်းတို့ပွဲစဉ်ကို အီတလီနိုင်ငံတွင် ရုပ်သံမှ ကြည့်ရှုသူပေါင်း ၂ ဒသမ ၃ သန်း ကျော်အထိ ရှိခဲ့ကြောင်း Sky Italia ရုပ်သံဌာနမှ သတင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဩဂုတ် ၁၈ ရက်တွင် ဂျူဗင်တပ်စ်အသင်းက ချီယေဗိုအသင်းအား ၃-၂ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲကို Sky Italia ရုပ်သံမှ ထုတ်လွှင့်ပြသခဲ့ပြီး အဆိုပါ ပွဲအား ရုပ်သံမှ ကြည့်ရှုသူပေါင်း ၂၃၃၀၂၃၄ ဦး ရှိခဲ့သည်ဟုဆိုသည်။ ထိုကြည့်ရှုသူ အရေအတွက်ဟာ Sky Italia ရုပ်သံမှ ဂျူဗင်တပ်စ်အသင်းပွဲစဉ်များ ထုတ်လွှင့်မှု အနက် စတုတ္ထမြောက် ကြည့်ရှုသူအများဆုံးပွဲဖြစ်ခဲ့သည်။

Sky Italia ရုပ်သံမှ ထုတ်လွှင့်ခဲ့သည့် ဂျူဗင်တပ်စ်အသင်းပွဲစဉ်များအနက် ဂျူဗင်တပ်စ်နှင့် ချီယေဗိုအသင်းတို့ပွဲစဉ်ထက် ရုပ်သံမှ ကြည့်ရှုသူအရေအတွက် ပိုမိုများပြားခဲ့သည့် အခြားပွဲသုံးပွဲမှာ ၂၀၁၃ ခုနှစ်အတွင်း ဂျူဗင်တပ်စ်အသင်းက အဝေးကွင်း၌ ရိုးမားအား ရင်ဆိုင်ခဲ့သည့်ပွဲ၊ ၂၀၁၃ နှင့် ၂၀၁၆ ခုနှစ်များတွင် ဂျူဗင်တပ်စ်နှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲများဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ အီတလီနိုင်ငံတွင် Sky Italia ရုပ်သံသည် သီတင်းပတ်တစ်ပတ်တွင် စီးရီးအေ ပွဲစဉ် ၇ ပွဲ ကို တိုက်ရိုက်ထုတ်လွှင့်ခွင့်ရရှိထားကာ အခြားရုပ်သံ ဌာနတစ်ခုဖြစ်သည့် DAZN ရုပ်သံဌာနက သုံးပွဲတိုက်ရိုက်လွှင့်ခွင့် ရရှိထားသည်။ ဂျူဗင်တပ်စ်နှင့် ချီယေဗိုအသင်းတို့ ပွဲစဉ်အား အီတလီနိုင်ငံတွင် ရုပ်သံမှ ကြည့်ရှုသူအရေအတွက်သည် ပြီးခဲ့သည့် ၂၀၁၇-၁၈ ခုနှစ် အီတလီစီးရီးအေပြိုင်ပွဲ၌ ဂျူဗင်တပ်စ်အသင်း၏ ရာသီအဖွင့်ပွဲစဉ်ဖြစ်သည့် ဂျူဗင်တပ်စ်နှင့် ကယ်ဂလီယာရီအသင်းတို့ပွဲစဉ်အား ရုပ်သံမှကြည့်ရှုခဲ့သူအရေအတွက်ထက် ၆၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ဟုဆိုသည်။

**ထက်အောင်**

## အဂူရိုအား အလန်ရှီးယားရား ချီးကျူးစကားဆို



မန်စီးတီးအသင်းတိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည် ပရီမီယာလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြည်ပကစားသမားများ အနက် အကောင်းဆုံးကစားသမားဖြစ်ကြောင်း အင်္ဂလန်တိုက်စစ်မှူးဟောင်း အလန်ရှီးယားရားက ချီးကျူး ပြောဆိုလိုက်သည်။

အာဂျင်တီးနားတိုက်စစ်မှူး အဂူရို (၃၀နှစ်) သည် ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် အက်သလက်တီကိုမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းအတွက် ၁၄၆ ဂိုး သွင်းယူထားကာ ပရီမီယာလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားစာရင်း၏ အဆင့် ၁၀ နေရာတွင် ရပ်တည်နေသည်။

ပရီမီယာလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ပြည်ပကစားသမားများစာရင်းတွင် အာဆင်နယ်တိုက်စစ်မှူးဟောင်း သီယာရီအွန်နရီက သွင်းဂိုး ၁၇၅ ဂိုးဖြင့် ထိပ်ဆုံးမှရပ်တည်နေကာ တိုက်စစ်မှူး အဂူရိုသည် ဒုတိယနေရာတွင် ရှိနေသည့် ကစားသမားဖြစ်သော်လည်း အလန်ရှီးယားရားကမူ အဂူရိုသည်သာ ပရီမီယာလိဂ်မှ ပြည်ပ တိုက်စစ်မှူးများအနက် အကောင်းဆုံးတိုက်စစ်မှူးဖြစ်ကြောင်း ပြောဆိုခဲ့သည်။ တိုက်စစ်မှူး အဂူရိုသည် ၂၀၁၈-၁၉ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ် အဖြစ် မန်စီးတီးအသင်းက ဟတ်ဒါဖီးလ်အသင်းအား ၆-၁ ဖြင့် အနိုင်ရရှိခဲ့ သည့်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့ကာ သူ၏ ကစားသမားသက်တမ်းအတွင်း ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဟက်ထရစ်သွင်းယူနိုင်မှု ကိုးကြိမ်ရှိသွားခဲ့ပြီ ဖြစ်သည်။

အလန်ရှီးယားရားက "အဂူရိုဟာ အခုဆိုရင် ပရီမီယာလိဂ်မှာ ဟက်ထရစ်သွင်းယူနိုင်တာ ကိုးကြိမ် ရှိသွားခဲ့ပြီဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲတစ်လျှောက် ဟက်ထရစ်အများဆုံးသွင်းယူနိုင်သူဖြစ်တဲ့ ကျွန်တော့်ရဲ့ ပရီမီယာလိဂ် ဟက်ထရစ်သွင်းယူမှုထက် နှစ်ကြိမ်သာ လျော့နည်းတော့တဲ့သူဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်မှာ ကစားတဲ့ ပြည်ပကစားသမားတွေအနက် အကောင်းဆုံးကစားသမားပါ။ အားနည်းချက်မရှိတဲ့ အကောင်းဆုံး ဗဟိုတိုက်စစ်မှူးလည်း ဖြစ်ပါတယ်" ဟု ချီးကျူးပြောဆိုခဲ့သည်။

**ထက်အောင်**

# ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဆလုံလူမျိုး

မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)

**ဆလုံလူမျိုးတို့၏ ဓလေ့စရိုက်၊ ရိုးသားဖြောင့်မတ်မှုသည် မြိတ်ကျွန်းစု၏ တန်ဖိုးမဖြတ်နိုင်သော ပြယုဂ်ဖြစ်သည်။ ၎င်းတို့ကို လူသိများစေခြင်းပင်ဖြစ်သည်။ ဆလုံလူမျိုးတို့သည် နေရာအတိအကျမရှိ၊ ပင်လယ်ပြင်တွင် ဝမ်းစာအတွက် ကဗန်း(ခေါ်)လှေငယ်တို့ဖြင့် လှည့်လည်ကျက်စားကြသည်။ ရေကူး၊ ရေငုပ်ရာတွင် ကျွမ်းကျင်ကြသည်။ ထို့ကြောင့် Sea Gypsy or Men of the sea အဖြစ် အမည်တွင်ခြင်းဖြစ်ပေသည်။ သမိုင်းကြောင်းအရ ရှေးယခင်က မလေးကျွန်းဆွယ်တွင် နေထိုင်ကြပြီး စီးနင်းတိုက်ခိုက် လုယက်မှုများကြောင့် မြိတ်ကျွန်းစုဘက်သို့ ရွှေ့ပြောင်းလာကြခြင်း ဖြစ်သည်။**



၎င်းတို့သည် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများတွင် လူနည်းစုအဖြစ် သီးခြားနေထိုင်ကြသည်။ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ လန်းပိကျွန်းနှင့် ပုလောမြို့နယ်အတွင်းရှိ ဒုန်းကျွန်း၊ ဇာဒက်ကြီးကျွန်း၊ မကြုံကလက်ကျေးရွာနှင့် ညောင်ဝိကျေးရွာတို့၌ အများအပြား တွေ့ရတတ်သည်။

### ပင်လယ်တွင် နစ်သူ

ဆလုံဟူသောအခေါ်မှာ မြန်မာတို့က ခေါ်သောအခေါ်ဖြစ်သည်။ ဆလုံတို့ကမူ သူတို့ကိုယ်သူတို့ မော်ခင်ဟုခေါ်ကြသည်။ မော်ခင်ဟူသော ဝေါဟာရ၏အဓိပ္ပာယ်မှာ ပင်လယ်တွင် နစ်သူဟူ၍ ဖြစ်သည်။ မောရစ်ကောလစ်ရေးသည့် 'ယိုးဒယားဝို့က်' ဟူသောစာအုပ်တွင် ခရစ်(၁၆၇၅)ခုနှစ် နေ့စွဲဖြင့် ဖေါင်းရေးဆိုသူ ရေးသားသော ခရီးစဉ်မှတ်တမ်းတစ်ခုကို ကိုးကား၍ ဆလုံတို့ကို ဆီလီတာဟုခေါ်ကြောင်း ဖော်ပြထားသည်။ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာတွင် ဆလုံကို ဆီလုန်ဟု ဖော်ပြထားသည်။ ၎င်းတို့၏ရုပ်ရည်မှာ မလေးလူမျိုးနှင့်လည်းကောင်း၊ မြန်မာလူမျိုးနှင့်လည်းကောင်း ခပ်ဆင်ဆင်ပင် ဖြစ်သည်။ ဆလုံတို့သည် မလေးကျွန်းဆွယ်တွင် နေထိုင်ခဲ့ရာမှ မလေးလူမျိုးတို့ ဝင်ရောက်လာကြသောအခါ မူလဇာတိဒေသကို စွန့်ပစ်၍ ပင်လယ်ပြင်ရှိ ကျွန်းများတွင် လှည့်ပတ်နေထိုင်ကြသည်ဟု ယူဆဖွယ်ရာရှိလေသည်။

ထို့ကြောင့် 'မြန်မာနိုင်ငံရှိ လူမျိုးများ' စာတမ်းတွင် လောင်းဝစ်ဆိုသူက ဆလုံတို့သည် တိဗက် မြန်မာလူမျိုး၊ မွန်ခမာလူမျိုး၊ ယိုးဒယားတရုတ်လူမျိုးဟူသော လူမျိုးအုပ်စုကြီးသုံးစုထဲတွင် မပါဝင်ဘဲ မလေးလူမျိုး အဆက်အနွယ်ဖြစ်သည်ဟု ရေးသားထားလေသည်။ လူမျိုးတို့၏ သမိုင်းကြောင်းရပ်ကို လေ့လာသော စကားနှင့်ဗလက်ဂဒင်ပညာရှိ နှစ်ဦးကမူ ရှေးလွန်လေပြီးသောအခါက အင်ဒိုချိုင်းနား တောင်ပိုင်းဒေသ၌ ဆလုံနှင့်မွန်ခမာတို့သည် လူမျိုးချင်း အဆက်အနွယ်ဖြစ်ခဲ့ဖူးလိမ့်မည်ဟု ထင်မြင်မှုသဘောရှိခဲ့ကြပေသည်။ ထိုသို့ယူဆခြင်းမှာ ဆလုံတို့သည် မလေးကျွန်းဆွယ်ရှိ ဂျာကွန်လူမျိုးနှင့် ဆက်စပ်နေသည်ဟု ယူဆခြင်းကြောင့် ဖြစ်သည်။ ဂျာကွန်တို့မှာ မလေးကျွန်းဆွယ်ရှိ ခေတ်ဦးမလေးလူမျိုးများဖြစ်သည်။ ၎င်းတို့တွင် ဩရန်ဗူကစ်(ခေါ်)တောင်တန်းသားများနှင့် ဩရန်လောက်(ခေါ်)ပင်လယ်သားများဟူ၍ ရှိကြပေရာ ဩရန်လောက်လူမျိုးထဲတွင် ဆလုံတို့သည် အပါအဝင်ဖြစ်သည်။

မလေးလူမျိုးတို့ ကိုယ်တိုင်က ဆလုံတို့ကို ဩရန်ဗီဆင်ဟုခေါ်သည်။ ဩရန်ဗီဆင်ဟူသော ဝေါဟာရမှာ ဆီလန်ဂါနှင့် မလက္ကာကမ်းခြေရှိ ဂျာကွန်လူမျိုးအပါအဝင် ဩရန်ဗီဆီဆီခေါ် ပင်လယ်သားတို့၏ အမည်နှင့် အနည်းငယ်ဆင်သည်။ ဆလုံတို့ပြောသောစကားမှာ မလေးစကားနှင့်နွှယ်သည်ဟု စကားနှင့်ဗလက်ဂဒင်က အယူရှိသည်။ ထိုအယူအဆကို များသောအားဖြင့် လက်ခံကြသည်။ အမှန်ဆိုလျှင် ဆလုံတိုင်းရင်းသားတို့ ပြောဆိုသောစကားမှာ လေးမျိုးရှိပြီး လောတ၊ လဘီ၊ ဂျအီ၊ ဒန်းဘာသာစကားတို့ဖြစ်ပြီး ထိုလေးမျိုးတွင် ဒန်းဘာသာစကားသည် စံဘာသာစကား (သို့)မူရင်းဘာသာစကားဖြစ်ကြောင်းကို Walter Grainge white ဆိုသူက The sea Gypsies of Malaya စာအုပ်တွင် ဖော်ပြထားပေသည်။ မြန်မာပြည်တွင် တိဗက်မျိုးရိုးနှင့် ဩစထရစ်မျိုးရိုးဟူ၍ ဘာသာစကားမျိုးရိုးတွင် ဆလုံဘာသာစကားသည် ဩစထရစ်မျိုးရိုးတွင် ပါဝင်လေသည်။ ဩစထရိုနီရှန်းဘာသာစကားကို ပြောဆိုသောလူမျိုးမှာ တောင်ဘက်စွန်းရှိ ကျွန်းများတွင် နေထိုင်သော မော်ခင်(ခေါ်) ဆလုံတိုင်းရင်းသားများနှင့်ပသျှူးတိုင်းရင်းသားတို့ ဖြစ်ကြပေသည်။

### ကိုယ်ပိုင်စာပေမရှိ

ဆလုံတိုင်းရင်းသားများတွင် ကိုယ်ပိုင်စာပေမရှိချေ။ ခရစ် ၁၈၄၆ ခုနှစ်တွင် ဒေါက်တာဗရေကန်ဆိုသူက မစ္စတာစတီဗင်၏မှတ်စုတို့ကို မှီငြမ်းပြု၍ ဆလုံသင်ပုန်းကြီး တစ်စောင်ကို ပြုစုပြီးလျှင် အေ၊ ဘီ၊ အမ် စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးသည်။ သို့ရာတွင် ဆလုံတို့သည် စာသင်ကြားရေး၌ စိတ်ပါဝင်စားခြင်း မရှိခဲ့ကြပေ။ ၁၉၀၀ ပြည့်နှစ်တွင် ခရစ်ယာန် သာသနာပြုဆရာမကြီး ဒေါက်တာဒေဗီအဖွဲ့ကလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ခရစ်ယာန်သာသနာပြုဆရာမကြီး နော်ဆေးဘေနှင့် နော်ဖိုးလတို့က လည်းကောင်း အင်္ဂလိပ်အက္ခရာ၊ ပိုးကရင်အက္ခရာတို့ဖြင့် ဆလုံစာပေကို တီထွင်ပေးခဲ့ကြသည်။ ၁၉ ရာစုနှစ်ဦးပိုင်းတွင်လည်း အမေရိကန် နှစ်ချင်းခရစ်ယာန်သာသနာပြု မစ္စတာစတီဗင်ဆိုသူက ရောမအက္ခရာကို အသုံးပြုကာ စာပေတီထွင်ပေးခဲ့ပြီး ခေါင်းစဉ်မှာ A Primer of the Salone Language ဖြစ်ပေသည်။ ၎င်းစာအုပ်မှာ ဖတ်စာအုပ်ငယ်ဖြစ်ပြီး အတော်အတန်ပင် ပြည့်စုံမှုရှိကြောင်း၊ ယခုအခါတွင်တော့ ရှာဖွေမတွေ့ရှိနိုင်တော့ကြောင်း သိရှိရပေသည်။ ဆလုံတိုင်းရင်းသားလူမျိုးတို့သည် စာပေသင်ကြားခြင်းထက် ပင်လယ် လုပ်ငန်းခွင်သို့ သွားရောက်ခြင်းကိုသာ စိတ်ဆန္ဒပြင်းပြကြပေသည်။ ယခုအချိန်ထိ စာပေဟူ၍ တိကျခိုင်မာစွာ ပေါ်ထွက်လာခြင်း မရှိသေးပေ။

### မွေးဖွားခြင်းအစကိုလေ့လာရာတွင်

ဆလုံတိုင်းရင်းသားတို့၏ မွေးဖွားခြင်းအစကိုလေ့လာရာတွင် ၁၉၆၄ ခုနှစ်က မှတ်သားတွေ့ရှိချက်များအရ ဆလုံတို့သည် စတင်မွေးဖွားသည့် ကလေးငယ်များကို ချက်ကြိုးဖြတ်ပြီးသည်နှင့် ရေထဲသို့ နှစ်စက္ကန့်ခန့် ရေထဲမြှုပ်လိုက်၊ နှစ်လိုက်ပေါ်လိုက် သုံးကြိမ်ခန့်ပြုလုပ်သည်။ ၎င်းအယူအဆမှာ မွေးစကလေးငယ်ကို ရေကျွမ်းကျင်စေရန်၊ မကြောက်ရန်ဖြစ်သည်ဟု ဆိုကြသည်။ ထိုသို့လွဲမှားသော အယူအဆကြောင့် တချို့ကလေးငယ်များမှာ မွေးစကပင် သေဆုံးသွားကြပေသည်။ ၎င်းအယူအဆသည် ယခင်ကအယူအဆများသာဖြစ်ပြီး ယခုအခါတွင် ဆလုံလူမျိုးတို့မှာ ခေတ်မီလာပြီဟု ဆိုရမည်ဖြစ်သည်။ မွေးစကလေးငယ်ကို ရေထဲတွင်မနှစ်ကြတော့ပေ။ မီးဖွားမည့် ဆလုံအမျိုးသမီးကို မွေးဖွားပေးသည့် လက်သည်မှာ ဆလုံ အမျိုးသမီးများပင်ဖြစ်သည်။ ယခုအခါတွင်တော့ ခက်ခဲစွာ မွေးဖွားရမည့် ကိုယ်ဝန်ဆောင်သည်အား သူနာပြုဆရာမထံတွင် သွားရောက်ပြီး မီးဖွားမှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ဆလုံတို့၏ နေထိုင်မှုပုံစံကို လေ့လာရပါက ဆလုံတို့သည် ကဗန်းဟု ခေါ်သော ကြိမ်ဖြင့်ချုပ်ထားသော လှေကို ဓနိရွက်တို့စပ်၍ ရက်ထားသောပေါင်းမိုးဖြင့်မိုးကာ အိမ်ကဲ့သို့ နေထိုင်လေ့ရှိကြသည်။ ရာသီဥတုသာယာသမျှ ကာလပတ်လုံး ဆလုံတို့သည် လှေငယ်တွင် သားမယားများကိုပါ တင်ဆောင်၍ လှည့်လည်နေထိုင်ကြသည်။ မိုးကာလကျရောက်သောအခါ၌ သုံးလေးလမျှ မိုးခို၍ နေထိုင်ကြသည်။ ထိုအခါ ခြေတံရှည်သောတဲများကို ကမ်းစပ်တွင် ဆောက်လုပ်နေထိုင်ကြသည်။

ဆလုံတို့သည် ရေကူး ရေငုပ်ကျွမ်းကျင်ကြသည်။ ယခင်အခါက သဘာဝအတိုင်းသာ ရေငုပ်ကြသော်လည်း ယခုအခါတွင် ရေငုပ်မျက်မှန်များတပ်ဆင်၍သော်လည်းကောင်း၊ အောက်ဆီဂျင်ဘူးများ ဝတ်ဆင်၍သော်လည်းကောင်း ငါးဖမ်းခြင်း၊ ပုလဲငုပ်ခြင်း၊ ခရင်းခွာခြင်း၊ ကျောက်ပန်းကျောက်ခက်ခူးခြင်း၊ ငါးကြီးအန်ဖတ်ရှာဖွေခြင်း၊ ပင်လယ်မျှော့ရှာဖွေခြင်း၊ ငှက်သိုက်နှိုက်ခြင်း၊ ပျားရည်နှင့် ဖယောင်းများ ရှာဖွေခြင်းစသည်တို့ကို လုပ်ကိုင်ကြပေသည်။ ဆလုံတိုင်းရင်းသားတို့သည် ငါးဖမ်းသည်ဆိုရာ၌ ငါးဖမ်းပိုက်များဖြင့် ဖမ်းလေ့ဖမ်းထ နည်းပါးကြသည်။ သို့သော် ယခုအခါတွင် ငါးဖမ်းပိုက်အမျိုးမျိုးဖြင့် အတော်များများ ဖမ်းဆီးလာကြပြီဖြစ်သည်။ ကမ်းခြေနှင့် ကျွန်းများတွင် မိုးခိုနေစဉ် ကာလအတွင်း၌ နီးစပ်ရာ ခဲမဖြူသတ္တုတွင်းတို့တွင် အလုပ်ဝင်ရောက် လုပ်ကိုင်လေ့ရှိကြပေသည်။ ပင်လယ်ကမ်းခြေတစ်လျှောက် ကနစိုတောများရှိရာ အချို့ဆလုံတို့သည် ကနစိုခေါက်ခွာခြင်းဖြင့် အသက်မွေးကြပေသည်။ စိုက်ပျိုး မွေးမြူရေးဖြင့် အသက်မွေးလေ့ မရှိကြပေ။ ဆလုံတိုင်းရင်းသားတို့သည် အလုပ်လုပ်ကိုင်ရာတွင် အားလုံးစုပေါင်းဝိုင်းဝန်း၍ လုပ်ဆောင်လေ့ရှိကြသည်။ တောထဲတွင်ရှိသော သစ်ပင်ကြီးများကို သူတို့၏ စုပေါင်းစွမ်းအားဖြင့် ခုတ်လှဲပြီး လှေထွင်းကြသည်။ ကြီးမားသော သစ်ထွင်းလှေကို ပင်လယ်ကမ်းခြေသို့ သယ်ဆောင်ထုတ်ယူသည်မှာလည်း တက်ညီလက်ညီရှိကြသည်။ ပင်လယ်ကမ်းစပ်နေရာများတွင် ပေါက်ရောက်လေ့ရှိသော ရင်ကမ်းပင်မှ ရင်ကမ်းအလက်များကို တစ်စုနှင့်တစ်စု ညီညီညာညာထပ်ကာ ပြုလုပ်ထားသော ရင်ကမ်းလှေမှာ အလွန်ပင် လက်ရာမြောက်လှပေသည်။ ထိုရင်ကမ်းလှေတွင် သံချက်တစ်ချက်မျှမပါဝင်ဘဲ ကြိမ်ဖြင့်သာ ရစ်ပတ်ခြင်း၊ ကွပ်ခြင်း ပြုလုပ်ထားသည်မှာ ခိုင်ခံ့သေသပ်စနစ်ကျလှပေသည်။ ရေတစ်စက်တစ်လေမှ လှေဝမ်းဗိုက်ထဲသို့ မဝင်ပေ။ လှိုင်းဒဏ်၊ လေဒဏ်လည်း ကြောက်ရွံ့စရာမလိုကြောင်း လေ့လာသိရှိရသည်။

### အဝတ်အစား ဝတ်ဆင်လာကြ

ဆလုံတိုင်းရင်းသားတို့သည် မွေးကင်းစကလေးအရွယ်မှ ငါးနှစ် ခြောက်နှစ်အရွယ်အထိ ယခင်က အဝတ်အစား ဝတ်လေ့ဝတ်ထမရှိသော်လည်း ယခုအခါတွင် အဝတ်အစား ဝတ်ဆင်လာကြပေသည်။ အမျိုးသမီးများမှာ ၎င်းတို့ဓလေ့အရ အပေါ်ပိုင်း၊ အောက်ပိုင်း လုံလုံခြုံခြုံ ဝတ်ဆင်သည်ဆိုသော်လည်း အချို့မှာ အိမ်ထောင်ကျသည်နှင့် အပေါ်ပိုင်းဗလာကျင်း နေတတ်သည်။ သို့သော်လည်း ယခုအခါတွင်မူ အိုမင်းသော အဘွားအရွယ်များမှလွဲ၍ အမျိုးသမီးအများစုမှာ အပေါ်ပိုင်း၊ အောက်ပိုင်း လုံလုံခြုံခြုံဝတ်ဆင်လာကြပြီဖြစ်သည်။ ဆလုံအမျိုးသားတို့မှာ များသောအားဖြင့် ယခင်ကအောက်ပိုင်းတွင် လုံချည်(သို့မဟုတ်) ဘောင်းဘီတိုနှင့်နေပြီး အပေါ်ပိုင်း ဗလာကျင်းနေတတ်သည့် သဘာဝရှိခဲ့သည်။ ၎င်းတို့သည် တော်ရုံတန်ရုံနှင့် ဖျားနာခြင်းမရှိဘဲ ကြံ့ခိုင်သည့် လူမျိုးသာဖြစ်သည်။ သို့သော်လည်း ယခုအခါ ၎င်းတို့သည် အပေါ်ပိုင်းအင်္ကျီများ ဝတ်ဆင်လာကြပြီ ဖြစ်ပေသည်။ ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်တွင် ကျက်စားကြသောသူများဖြစ်၍ ၎င်းတို့၏ အသားရောင်မှာ ညိုရောင်သမ်းနေသည်။ ယခုအခါတွင် ဆလုံတို့သည် ခေတ်မီလာသည်နှင့်အမျှ ပါတိတ်၊ တီရှပ်တို့ဖြင့် သစ်သစ်လွင်လွင် တောက်ပမှုများ ရှိလာပြီ ဖြစ်သည်။

ဆလုံလူမျိုးတို့သည် ပင်လယ်စာများကိုသာ စားသုံးကြသည်မဟုတ် ကုန်းပေါ်မှရရှိသော တိရစ္ဆာန်များကိုလည်း ချက်ပြုတ်ကင်ပြီး စားသောက်ကြသည်။ ဆီစားသုံးမှု နည်းကြပြီး ဆလုံမုန့်လာ၊ ဆလုံမုန့်ညင်း၊ ဆလုံကန်စွန်းတို့ကို စားသုံးကြသည်။ ထိုဟင်းသီးဟင်းရွက်တို့သည် ဆလုံဒေသ တောတောင်များတွင် သဘာဝအတိုင်း ပေါက်ရောက်သော အပင်များဖြစ်ပေသည်။

ဆလုံလူမျိုးတို့သည် အခြားလူမျိုးများနှင့် ရောနှောနေထိုင်လေ့မရှိကြချေ။ သူတို့၏လူနေထိုင်မှုစနစ်ကို ယုံကြည်စွာ တန်ဖိုးထား ထိန်းသိမ်းတတ်ကြသည်။ ဆလုံတို့သည် အယူဝါဒအားဖြင့် နတ်ကိုးကွယ်သော ဓလေ့ရှိကြပေသည်။ ဆလုံတို့ကိုးကွယ်သော နတ်တို့တွင် တူးဒါးဟူသောနတ်မှာ လောကကို ဖန်ဆင်းသော နတ်ကောင်းနတ်မြတ်ဖြစ်သည်ဟု ယူဆကြသည်။ နတ်ကောင်း နတ်မြတ်ဖြစ်သည့်အားလျော်စွာ ယင်းကိုမပူဇော်မပသလျှင် အပြစ်မရောက်နိုင်ဟု အယူရှိကြသည်။ သို့ရာတွင် ကျွန်းစောင့်နတ်များနှင့် ရေနတ်များမှာ မကောင်းကျိုးကို ပေးနိုင်သောနတ်များဖြစ်သည်ဟု အယူရှိသောကြောင့် ဆလုံတို့သည် ၎င်းနတ်တို့ကို ပူဇော် ပသလေ့ရှိကြပေသည်။ နတ်ပသပုံမှာ နတ်တိုင်ထူပြီးလျှင် နတ်တိုင်၌ တံခွန်ကုက္ကားများ တပ်ဆင်ပြီးနောက် ဘဲ၊ ကြက်၊ ငှက်၊ လင်းပိုင်၊ တောတိရစ္ဆာန် စသည်တို့၏သွေးကို နတ်တို့အား တိုင်တည်၍ တင်မြှောက်လေ့ရှိသည်။ ထို့နောက် နတ်ပွဲတွင် ပါဝင်သော နတ်ကသူတို့သည် တစ်ယောက်နောက်၌ တစ်ယောက်တန်းစီ၍ ထိုင်ပြီးလျှင် လှေလှော်ဟန်ပြုကာ ဩသံပေးလျက် ပင်လယ်ကမ်းစပ်ဘက်သို့ တရွေ့ရွေ့သွားကြရသည်။ ပင်လယ်ကမ်းစပ်သို့ ရောက်သောအခါ သံကုန်ဟစ်အော်ကြွေးကြော်၍ မကောင်းဆိုးဝါးတို့ကို တောထုတ်ကြပေသည်။ ဆလုံရိုးရာ နတ်ပွဲများတွင် နတ်ဆရာသည် နတ်ကို တိုင်တည်ပူဇော်ပြီးနောက် နတ်ပူးလာပြီ နတ်ဝင်လာသည်ဟု ဆိုကာ တုန်တက်လာသည်။ ထို့နောက် အရက်နှင့် အသား၊ ငါးများကို စားသောက်ပေသည်။ ထို့နောက် နတ်ဆရာနှင့် အတူ လူများပါလိုက်ကပြီး နတ်ကိုပူဇော်ကြသည်။ တစ်နာရီခန့် အကြာ နတ်ထွက်သွားပြီးနောက် နတ်ဆရာမှာ မေ့မြောမောဟိုက် ကျန်ခဲ့ပေသည်။ ဤသည်မှာ ဆလုံရိုးရာနတ်ပူဇော်ပွဲ ဓလေ့တစ်ခုလည်း ဖြစ်ပေသည်။

### ဆလုံလူမျိုးတို့၏ထုံးစံ

ဆလုံတို့သည် တစ်လင်တစ်မယားစနစ်ဖြင့် အိမ်ထောင်ပြုလေ့ရှိသည်။ ဆလုံလူငယ်လူရွယ်တို့၌ နှစ်ရှည်လများ လူပျိုလှည့်သော အလေ့ရှိသည်။ လူငယ်ဘဝ ချစ်ကြိုက်ကြပြီဆိုလျှင် အောင်သွယ်မှတစ်ဆင့် လူကြီးမိဘတို့ကို နားဖောက်သည်။ မြန်မာတို့နှင့်နီးစပ်သော ဆလုံလူမျိုးတို့၏ထုံးစံ၌မူ သတို့သမီး၏ မိခင်၊ ဖခင်၊ ဆွေမျိုးညာတိတို့အား နားဖောက်သည့်အခါ ကွမ်း ကမ်းလှမ်းရသည်။ သတို့သမီးဘက်မှ ထိုသို့ကမ်းလှမ်းသော ကွမ်းကိုလက်ခံလျှင် မိဘသဘောတူသည်ဟု ဆိုရာရောက်သည်။ ထို့ပြင် သတို့သားနှင့် သတို့သမီးတို့ ထိမ်းမြားလက်ထပ်ပွဲတွင်လည်း နတ်ဆရာနှင့် ရိုးရာနတ်ကို ပူဇော်ပသမှုပြုမှသာလျှင် လင်မယားအရာမြောက်သည်ဟု ဆလုံတို့က ယူဆကြသည်။ ထိုအခါ သတို့သမီးသည် သတို့သားနေထိုင်ရာလှေသို့ လိုက်ပါသွားရလေသည်။ ထို့နောက် သတို့သားသည် ၎င်းတို့အိမ်ထောင်စုံနှစ်ဦး နေထိုင်ရန်အတွက် လှေကိုတည်ရသည်။ များသောအားဖြင့် သားဦးရလျှင် မိဘနှင့်ခွဲ၍ နေထိုင်လေ့ရှိကြသည်။ ဆလုံလူမျိုးတို့သည် အိမ်ထောင်ရေးဖောက်ပြန်မှုကို လုံးဝလက်မခံပေ။ အိမ်ထောင်ရေးဖောက်ပြန်သူများကို သူတို့အစုအဝေးမှ ရာသက်ပန် နှင်ထုတ်ကာ သူတို့နှင့်လုံးဝအဆက်အသွယ် မလုပ်တော့ပေ။ ၎င်းတို့သည် အစုအဝေးနှင့် နေတတ်သည့်အားလျော်စွာ ထိုကဲ့သို့အပြစ်ဒဏ်မျိုးကို အလွန်ပင်ကြောက်ရွံ့ကြသည်။

*စာမျက်နှာ ၂၁ သို့*

**"ဆလုံတိုင်းရင်းသားတို့၏ မွေးဖွားခြင်းအစကိုလေ့လာရာတွင် ၁၉၆၄ ခုနှစ်က မှတ်သားတွေ့ရှိချက်များအရ ဆလုံတို့သည် စတင်မွေးဖွားသည့် ကလေးငယ်များကို ချက်ကြိုးဖြတ်ပြီးသည်နှင့် ရေထဲသို့ နှစ်စက္ကန့်ခန့် ရေထဲမြှုပ်လိုက်၊ နှစ်လိုက်ပေါ်လိုက် သုံးကြိမ်ခန့်ပြုလုပ်သည်။ ၎င်းအယူအဆမှာ မွေးစကလေးငယ်ကို ရေကျွမ်းကျင်စေရန်၊ မကြောက်ရန်ဖြစ်သည်ဟု ဆိုကြသည်။ ထိုသို့လွဲမှားသော အယူအဆကြောင့် တချို့ကလေးငယ်များမှာ မွေးစကပင် သေဆုံးသွားကြပေသည်။ ၎င်းအယူအဆသည် ယခင်က အယူအဆများသာဖြစ်ပြီး ယခုအခါတွင် ဆလုံလူမျိုးတို့မှာ ခေတ်မီလာပြီဟု ဆိုရမည်ဖြစ်သည်။ မွေးစ ကလေးငယ်ကို ရေထဲတွင် မနှစ်ကြတော့ပေ"**

# ယခုနှစ်တောင်ပြုန်းပွဲတော်၌ ရဲတပ်ဖွဲ့ဝင် ၃၀၀ ကျော်ဖြင့် လုံခြုံရေးအထူးဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုန်းကျေးရွာတွင် ကျင်းပနေသည့် တောင်ပြုန်းရိုးရာနတ်ပွဲတော်ကို ရဲတပ်ဖွဲ့ဝင် အင်အား ၃၀၀ ကျော်ဖြင့် လုံခြုံရေးအထူး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တောင်ပြုန်းပွဲတော်သည် မြန်မာနိုင်ငံတွင် အစည်ကားဆုံးရိုးရာနတ်ပွဲဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ နတ်ယုံကြည်ကိုးကွယ်သူအများအပြား လာရောက်သည့် ပွဲတော်ဖြစ်သောကြောင့် လုယက်မှု၊ ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု မရှိစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေးဆောင်ရွက်နေသည့်အပြင် နတ်ပွဲလာပြည်သူများ သွားလာရေးအဆင်ပြေစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးဆောင်ရွက်ထားကြောင်း သိရသည်။

"လုံခြုံရေးကတော့ ရဲတပ်ဖွဲ့ချည်း ယူလို့မရဘူး။ ဒေသခံတွေဖြစ်တဲ့ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့က လူတွေပါရတယ်။ ပွဲတော်မှာက ယောက်ျားလေး မိန်းကလေး စကြ၊ နောက်ကြနဲ့ဆိုတော့ ခိုက်ရန်ဖြစ်ပွားမှုတွေ ဖြစ်စေနိုင်တယ်။ ဒါကို အဓိကစောင့်ကြည့်ရတာပေါ့" ဟု ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခါးပိုက်နှိုက်များကို သတိထားရန်နှင့် မိမိတို့၏ အဖိုးတန်ပစ္စည်းများအား အလွယ်တကူသယ်ဆောင်လာခြင်း မပြုရန်အတွက် ဂေါပကအဖွဲ့တာဝန်ရှိသူများက ပွဲတော်မစမီကတည်းက အသိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း သိရသည်။



နှစ်စဉ်ကျင်းပလျက်ရှိသော တောင်ပြုန်းပွဲတော်ကြီးသည် ယခင်နှစ်က (H1N1) ရောဂါပိုး ပျံ့နှံ့ဖြစ်ပွားနေချိန်နှင့် တိုက်ဆိုင်နေခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်ပြုန်းပွဲတော်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ခြင်းကြောင်း၊ ယခုနှစ်တွင် တောင်ပြုန်းပွဲတော်သို့ လာရောက်သူ ပိုမိုများပြားလာခြင်းကြောင့် ပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာ သွားလာနိုင်ရေးအတွက် လုံခြုံရေးကို အထူးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**

# ကော့မှူး၌ ငါးသားပေါက်ကောင်ရေ ငါးသောင်း စိုက်ထည့်

**ကော့မှူး ဩဂုတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက လာဝတီကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ဦးချစ်ပို၏ မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ခင်းတွင် ငါးသားပေါက်ကောင်ရေ ငါးသောင်း အခမဲ့စိုက်ထည့်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ငါးမျိုးများ ထည့်ပေးခြင်းကြောင့် လယ်ထဲတွင် တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူလာတတ်စေရန်၊ ငါးမျိုးများ ပြုန်းတီးမှုမရှိစေရန်နှင့် ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက်ရည်ရွယ်ကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



ယင်းငါးမျိုးစိုက်ထည့်ရာသို့ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးနွယ်ထွန်းမြင့်နှင့် ဌာနဆိုင်ရာများက လယ်သမားများအား ငါးမျိုးများပေးအပ်ရာ ကျောင်းသား ကျောင်းသူများက တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနမှ အခမဲ့ထုတ်ဝေသော ငါး သယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး အသိပညာပေး

**တန့်ယန်း ဩဂုတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်ပညာရေးမှူး ဦးနိုင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနဦးစီးမှူး ဒေါက်တာအောင်ဇော်ဦးနှင့် တာဝန်ရှိသူတို့က ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များနှင့် အိုင်အိုဒင်းချို့တဲ့၍ ဖြစ်ပေါ်လာသောရောဂါများ ပပျောက်စေရေး၊ သွားနှင့်ခံတွင်း ကျန်းမာရေး၊ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး၊ အသက်ငါးနှစ်အောက်ကလေးနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးအကြောင်းတို့ကို အသိပညာပေးဟောပြောကြကာ ကျန်းမာရေးဝန်ထမ်းများက လက်ဆေးခြင်းနှင့် သွားတိုက်ခြင်းကို လက်တွေ့သရုပ်ပြကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲနှင့် ပတ်သက်သည့် မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်၍ အဖြေမှန်ဖြေနိုင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက်တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ပါမောက္ခ ခင်ပြုံးကြည်၊ ပါမောက္ခ ထင်အောင်စော၊ ပါမောက္ခ ယဉ်ယဉ်စိုး၊ ပါမောက္ခ သန်းသန်းဌေးနှင့် ပါမောက္ခအေးအေးမြင့်တို့က ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောမည်ဖြစ်ပြီး ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ဗထူး**

# မန္တလေး၌ သုတ၊ ရသ အသိပညာပေး ဟောပြော

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ သုတ၊ ရသအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က ပြည်ကြီးကျက်သရေအရှေ့ ရပ်ကွက် ၈၂ လမ်း အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်စိုးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းထိုက်စိုးတို့က အမှာစကားပြောကြားပြီး စာရေးဆရာ၊ ကဗျာဆရာထွဏ်းသွေးအိမ်၊ ညီပုလေးတို့က လူငယ်နှင့် စာဖတ်ခြင်း၊ စာပေအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ကြောင်း သိရသည်။

**ဟိန်းတေဇထွဏ်း(မန္တလေး)**

## သဃ်န်းကျွန်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကြိုးသစ်လဲခြင်းနှင့် တိုင်သစ်လဲခြင်း ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ပြည်သူများလျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်တွင်းရှိ ဇဝနရပ်ကွက် အ-မ-က (၈) မူလွန်ကျောင်းရှေ့ သီရိဟေမာလမ်းတစ်လျှောက်ပေါ်၌ နှစ်ဆက်တန်း ကြား စိုက်ထူသွယ်တန်းထားသော HDBC ကြေးကြိုးများနှင့် ဓာတ်တိုင်နေရာများ၌ လျှပ်ကာပါဝင်သည့် Aerial Bundle Cable ကြိုးများနှင့် ကွန်ကရစ်ဓာတ်တိုင်အသစ်တို့ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဩဂုတ်လ တတိယပတ်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးယဉ်မိုး လ၊ ထ မန်နေဂျာ ဦးကိုကိုလတ်၊ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ကြည် (သဃ်န်းကျွန်း)**

*စာမျက်နှာ ၂၀ မှ အဆက်*

ဆလုံတိုင်းရင်းသားတို့သည် ကိစ္စများအားလုံးတွင် နတ်ဆရာကိုသာ အားကိုးကြသည်။ တစ်စုံတစ်ယောက် နေမကောင်းလျှင် ၎င်းတို့၏ အယူအဆမှာ နတ်ဖမ်းစားသည်ဟု ယူဆကြသဖြင့် နတ်ဆရာနှင့် တိုင်ပင်၍ ပူဇော်ပသ၊ ကိုးကွယ်တင်မြှောက်လေ့ရှိကြသည်။ သို့သော်လည်း ယခုအခါတွင် ဆလုံတိုင်းရင်းသားအချို့မှာ နေထိုင်မကောင်းဖြစ်သောသူများကို ဆေးခန်းသို့သွားရောက်ပြသပြီး ကုသမှုခံယူလာကြပေသည်။ အချို့ကလည်း နတ်ဆရာနှင့် ပူဇော်ပသခြင်းကို လုပ်ဆောင်နေကြဆဲဖြစ်သည်။ ဆလုံအများစုတွင်ငှက်ဖျားရောဂါနှင့် အာဟာရချို့တဲ့ခြင်းများ အဖြစ်များသည်။

ဆလုံတိုင်းရင်းသားတို့သည် ၎င်းတို့၏ သစ်ထွင်းလှေနှင့် စက်တပ်လှေများကို တစ်နှစ်တစ်ခါ မှန်မှန် လွန်းတင်လေ့ရှိကြသည်။ ပင်လယ်မှ သဲသောင်ပေါ်သို့ လွှန်းတင်ရာတွင် လွှန်းတင်ရန် ပြင်ဆင်ထားသော ရိုးရာလှေမှ ပေါက်ပြဲနေသည့်နေရာများကို မီးတုတ်ဖြင့် ရှို့လိုက်သောအခါ မကောင်းသည့် ပွဲ့လျက်များ ကွာကျလာသည်။ ပေါက်ပြဲယိုစိမ့်ကျနေသည့် ပွဲ့လျက်အဟောင်းနေရာတွင် ပွဲ့လျက်အသစ်ဖြင့် ဖာထေးသည်။ လှေကိုလွှန်းတင်ရာတွင် စုပေါင်းလုပ်ဆောင်ကြသဖြင့် မည်မျှပင်ကြီးမားစေကာမူ အများဆုံးဖာထေးရလျှင် ငါးရက်ခန့် သာကြာမြင့်မည်ဖြစ်ပါသည်။ ရင်ကမ်းလှေကို လွှန်းတင်ရာတွင် အခြားလှေများနှင့်စာလျှင် သက်သာပေသည်။ လိုအပ်သောနေရာတွင် ပွဲ့လျက်အသစ်ဖြင့် ဖာထေးခြင်းပင်ဖြစ်သည်။ ဤအချက်သည် ဆလုံတိုင်းရင်းသားတို့၏ ရိုးရာလှေ လွှန်းတင်ခြင်း ဓလေ့ပင်ဖြစ်ပေသည်။

**ဆလုံတိုင်းရင်းသားတို့၏ အယူအဆ**

ရှေးအခါက ဆလုံတို့သည် လူသေလျှင် မြေတွင်မြှုပ်နှံလေ့မရှိပေ။ သေသူ၏ ရုပ်ကလာပ်ကို လူသူမနီးသော ကျွန်းငယ်တစ်ခုသို့ယူဆောင်၍ လင့်စင်ပေါ်တွင် တင်ထားပြီးလျှင် စွန့်ပစ်ခဲ့လေသည်။ ထို့နောက် လူသေစွန့်ရာကျွန်းကို ခပ်ဝေးဝေး ရှောင်ကြဉ်ကြလေသည်။ လှေကိုပိုင်ဆိုင်သူတစ်ဦး အနိစ္စရောက်လျှင် ထိုလှေကို ထက်ခြမ်းခွဲစိတ်၍ ထိုလှေထက်ခြမ်းကွဲဖြင့် အသုဘကောင်ကို ဖုံးလွှမ်းပြီးလျှင် စွန့်ပစ်လေ့ရှိကြသည်။ သို့ရာတွင် ထိုဓလေ့ထုံးစံမှာ တဖြည်းဖြည်းပပျောက်သွားပြီးလျှင် ယခုအခါတွင် များသောအားဖြင့် သေဆုံးသူကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း ပြုကြလေသည်။ ဆလုံတို့သည် တစ္ဆေကြီးပွဲကိုလည်း ဆင်နွှဲလေ့ရှိကြသည်။ တစ္ဆေကြီးပွဲဆိုသည်မှာ သေဆုံးသူများကို ကျွေးမွေးသည့်ပွဲပင်ဖြစ်သည်။ ဆလုံတိုင်းရင်းသားတို့၏ အယူအဆမှာ သေဆုံးသွားသူတို့သည် ကောင်းရာမွန်ရာ ရောက်သူ ရှိသကဲ့သို့ ကောင်းရာမွန်ရာသို့ မရောက်ရှိသူများ ရှိသေးသည်ဟု ယူဆကြကာ ၎င်းတို့ကိုရည်မှန်း၍ ကျွေးမွေးသော၊ ဆုတောင်းပေးသော ပွဲတစ်ခုပင်ဖြစ်ပေသည်။ ယခုအခါတွင် ဆလုံလူမျိုးတို့၏ ဘိုးဘွားမိဘများမြှုပ်နှံလေ့ရှိသောနေရာမှ မြေများကို သဲများတူးဖော်သောသူများကြောင့် ပျက်စီးခြင်းအဖြစ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ ထိုနေရာသည် ဆလုံလူမျိုးတို့၏ ရိုးရာသင်္ဂြိုဟ်မြှုပ်နှံမှုဓလေ့ရှိသော နေရာဖြစ်သည်နှင့်အညီ ပျက်စီးခြင်းမှ ကာကွယ်ထိန်းသိမ်းနိုင်ရန် လိုအပ်လျက်ရှိနေပေသည်။

**လေ့လာလည်ပတ်စရာ နေရာ**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသရှိ ကျွန်းစုများ၌ နေထိုင်ကြသော ဆလုံလူမျိုးစုများသည် ခေတ်ကာလ ရွေ့လျားလာသည်နှင့်အညီ ပျောက်ကွယ်စပြုလာပြီဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ ပူးပေါင်း၍ ဆလုံလူမျိုးတို့၏ ရိုးရာဓလေ့များကို ဖော်ဆောင်နေလျက်ရှိပေသည်။ ခေတ်မီလာသည်နှင့်အညီ နဂိုရှိရင်းစွဲ ဆလုံရိုးရာဓလေ့များ၊ ဝတ်စားဆင်ယင်မှုများက ပြောင်းလဲနေကြောင်း သိရှိရသည်။

ဆလုံလူမျိုးစု၏ အရင်းအမြစ်များ မပျောက်ကွယ်အောင် ၎င်းတို့ကို အသိပညာပေး ဆောင်ရွက်ကြ ရမည် ဖြစ်ပေသည်။ ထို့ကြောင့် ဆလုံလူမျိုးတို့၏ ယဉ်ကျေးမှု နှင့် ဓလေ့စရိုက်များ မပျောက်ကွယ်စေရန် ဆလုံလူမျိုးများရှိရာ သို့ သွားရောက်ကာ ၎င်းတို့၏ လိုအပ်ချက်များကို ထိရောက်သော ဖြည့်ဆည်းမှုများ ပြုလုပ်ပေးမည်ဆိုပါက လူမျိုးစုပျောက်ကွယ်မှုကို ထိန်းသိမ်းရာရောက်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားခရီးသွားဧည့်သည်များအတွက်လည်း လေ့လာလည်ပတ်စရာ နေရာဒေသအဖြစ် ဆလုံလူမျိုးတို့ ထင်ပေါ်လာတော့မည် ဖြစ်ပါတော့သည်။ ။

# ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ဝါခေါင်လရောက်တိုင်း ကရင်ပြည်နယ်အတွင်းရှိနေရာ ဒေသအနှံ့အပြား၌သာမက ကရင်တိုင်းရင်းသား လူမျိုးများ ပျံ့နှံ့နေထိုင်ရာပြည်တွင်း၊ ပြည်ပနေရာဒေသများတွင် ကရင့်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာကို စည်ကားစွာ ကျင်းပလေ့ရှိကြရာ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ (၄၁) ကြိမ်မြောက်ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ကို ကရင်ရိုးရာထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပသည့်မြင်ကွင်းတစ်ခု။

**နှစ်ကာလကြာမြင့်ခဲ့ပြီ**

ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ကို ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များမပျောက်ပျက်စေရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအကြောင်းကို သိရှိနားလည်လာစေရန်၊ ကရင့်ရိုးရာဓလေ့များကို ထိန်းသိမ်းမြတ်နိုးတတ်လာစေရန်နှင့် ပွဲတော်တွင် ပူးပေါင်းပါဝင် ဆင်နွှဲလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ဟုသိရှိရပြီး နှစ်စဉ်နှစ်တိုင်း ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ကျင်းပလာခဲ့သည်မှာ နှစ်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ရှေးကရင်လူကြီးများက ဝါခေါင်လစုပေါင်းလက်ချည်ရာတွင် လယ်ယာစိုက်ပျိုးပြီးချိန်ဖြစ်၍ ကွဲကွာနေသော မိသားစုဝင်များ ပြန်လည်ဆုံတွေ့ရခြင်း၊ လူကြီးမိဘများ၏ ဆုံးမသြဝါဒများကို ခံယူရခြင်း၊ လူမှုရေးကိစ္စရပ်များ ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြခြင်းနှင့် (လာခုဂ်ခါင်.စူး) သို့ တက်ရောက်လာသူများ အချင်းချင်း ချစ်ကြည်သွေးစည်းညီညွတ်မှုကို ရရှိစေခြင်းတို့ကိုလည်း ရည်ရွယ်ကြောင်း သိရသည်။

ကရင်လူမျိုးများသည် ရှေးဘိုးဘွားဘီဘင်များ၏ ယူဆချက်အရ ဝါခေါင်လတွင် အများအားဖြင့် ရေကြီးလေ့ရှိပြီး ဆန်ရေစပါးများ တဖြည်းဖြည်းလျော့နည်းလာကာ စားသောက်ရာတွင်လည်း ပုံမှန်ထက်ပိုမို၍ ကုန်သည်ဟုထင်မြင်ပြီး မကောင်းဆိုးဝါးများ လူတွင်ဝင်ရောက်ပူးကပ်သည်ဟု ယူဆသည့်အတွက် ကိုယ့်လိပ်ပြာလွင့်မသွားအောင် ဝိညာဉ်လိပ်ပြာကို ခေါ်လေ့ခေါ်ထရှိကြောင်း၊ လိပ်ပြာမလွင့်အောင် ချည်ဖြူဖြင့်လက်တွင်ချည်နှောင်ထားပြီး ဆံဖြူခါးကုန်းသည်အထိ လိပ်ပြာဝိညာဉ်ကို ကိုယ်နှင့်မကွာ နေထိုင်နိုင်စေရန် ဆုတောင်းမေတ္တာပြုခြင်းသည် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ၏ အနှစ်သာရပင် ဖြစ်သည်။



ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား၌ချည်ဖြူဖြင့် လက်ကိုချည်နှောင်စဉ်။



ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား၌ အသုံးပြုသည့်ပစ္စည်းများ

**ရိုးရာကုထုံးဖြင့် ကုသသည့်သဘောဖြစ်**

အိမ်ထောင်စုတစ်ခုတွင် အိမ်သားတစ်ဦးတစ်ယောက်မကျန်းမမာဖြစ်၍ သော်လည်းကောင်း၊ တစ်စုံတစ်ရာထိတ်လန့်မှုကြောင့် ကယောင်ချောက်ချား ဖြစ်နေခြင်းကိုလည်းကောင်း ချည်ဖြူဖွဲ့ပြီး ရိုးရာကုထုံးဖြင့် ကုသသည့်သဘောဖြစ်ပြီး ထိတ်လန့်မှုဖြစ်၍ နာမကျန်းဖြစ်နေသောသူကို လိပ်ပြာခေါ်ရန်ရှိလာသည့်အခါ လိပ်ပြာခေါ်ယူသူကို ပင့်ဖိတ်၍ တာဝန်ပေးကြကာ အများအားဖြင့် ဆေးဝါးကုသနေသော သမားတော်များ၊ ကျေးရွာအကြီးအကဲများနှင့် လင်စုံမယားစုံ သက်ကြီးအဘိုးအဘွားများက ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ကရင်လူမျိုးများ တိဘက်ကုန်းပြင်မြင့်မှ ဆင်းသက်လာရာ လမ်းကြောင်းတစ်လျှောက်တွင် ညီအစ်ကိုမောင်နှမအချင်းချင်း တစ်ဦးနှင့်တစ်ဦး မှတ်မိနိုင်ရန် မိမိတို့၏ လက်ကောက်ဝတ်တွင် ချည်ဖြူဖြင့် ရစ်ပတ်ချည်နှောင် အမှတ်သညာပြုခဲ့ကြရာမှလက်ကောက်ဝတ်တွင် ချည်ဖြူရစ်ပတ်ချည်နှောင်ထားသည်ကိုတွေ့လျှင် ကရင်လူမျိုးဖြစ်ကြောင်းသိနိုင်ပြီး ထိုမှစ၍ ချည်ဖြူဖွဲ့မင်္ဂလာပေါ်ပေါက်လာသည်ဟု အဆိုရှိကြောင်း မှတ်သားရပါသည်။

ကရင်လူမျိုးများတွင် ချည်ဖြူနှင့်လက်ချည်ခြင်းသုံးမျိုးရှိပြီး ၎င်းတို့မှာ

(၁) မင်္ဂလာဆောင်သည့်အခါ လက်ချည်ခြင်း

(၂) ဘိုးဘွားမိဘနှင့် ဆွေမျိုးမောင်နှမသားချင်းများထဲမှ တစ်ဦးဦးသေဆုံးသည့်အခါ လိပ်ပြာခေါ် လက်ချည်ခြင်း

(၃) မကောင်းဆိုးဝါးဝင်ပူးသည်ကို ကြောက်လန့်မှုဖြင့် တွေ့ဆုံလွန်ကဲပြီး ဖျားနာမကျန်းမမာဖြစ်သည့်အခါ လိပ်ပြာခေါ် လက်ချည်ခြင်းတို့ဖြစ်ကြသည်။

**ဝါခေါင်လအတွင်းတွင်သာ**

ထိုလက်ချည်ခြင်းသုံးမျိုးကို ပြုလုပ်ရာတွင် အချိန်အခါမတူညီကြသော်လည်း ဝါခေါင်လလက်ချည်ပွဲသည် ဝါခေါင်လအတွင်းတွင်သာ စုပေါင်း၍ပြုလုပ်ခြင်း၊ ကျေးရွာဘုန်းကြီးကျောင်းများတွင် စုပေါင်းပြုလုပ်ခြင်း၊ မိသားစုတစ်စုချင်းအလိုက် ပြုလုပ်ချင်းတို့ကို ကရင်တိုင်းရင်းသားများနှစ်စဉ်ကျင်းပကြသည်။

လက်ချည်ခြင်းသည် သာမန်အားဖြင့် သမားရိုးကျဟုထင်မြင်ယူဆ၍ရသော်လည်း အမှန်တကယ်လေ့လာကြည့်ရာတွင် လက်ချည်သည့်အခါ အသုံးပြုသည့် ပစ္စည်းပစ္စယများတွင် တစ်ခုချင်းစီတိုင်း၌ လေးနက်သည့်အဓိပ္ပာယ်များရှိနေသည်။

ချည်ဖြူဖွဲ့ရာတွင် ပစ္စည်းခုနစ်မျိုး ပါဝင်သည်။

ငှက်ပျောသီး- ကရင်လူမျိုးများသည် ငှက်ပျောသီးကဲ့သို့ တစ်ဖီးတည်းတစ်ခိုင်တည်း စုစုစည်းစည်း ညီညီညာညာဖြင့် ဥမကွဲသိုက်မပျက်နေထိုင်ကြသည့်သဘော။

ကောက်ညှင်းထုပ်- ကောက်ညှင်းသည် စေးကပ်သည့်သဘောရှိပြီး တော်ရုံနှင့်ခွာ၍မရ၊ ထို့အတူ ကရင်လူမျိုးများသည်လည်း ကောက်ညှင်းပမာ တည်တံ့ခိုင်မာသည့် ခိုင်နှလုံးသားရှိသည့်သဘော။

ထမင်းဆုပ်- ကျွန်တော်တို့သည် အင်အားရှိရန်ထမင်းကိုနေ့စဉ်စားသုံးကြပါသည်။ ထမင်းစားရမှ အားရှိပါမည်။ အားရှိမှအလုပ်လုပ်နိုင်မည်၊ ထို့ကြောင့် ကျွန်တော်တို့ကရင်လူမျိုးများအချင်းချင်း ထမင်းခွဲ့ကျွေးကြပါစို့ ဟူသောသဘော။

နတ်ပန်းညို - နတ်ပန်းညိုသည် မိမိ အပင်ရှင်သန်ကြီးထွားရေးအတွက် အမြစ်သည်ကျယ်ပြန့်ရှည်လျားစွာ ထိုးဆင်းပြီး အပင်သည်ဆင့်ကဲဆင့်ကဲပေါက်သဖြင့် တော်ရုံနှင့်မသေနိုင်မျိုးမသုဉ်းပေ၊ ထို့အတူ ကရင်လူမျိုးများသည်ရောက်လေရာတွင် နတ်ပန်းညိုကိုစံပြု၍ မိမိတို့မျိုးဆက်ကို ထိန်းသိမ်းဆောင်ရွက်ကြရန်အဓိပ္ပာယ်ကို ဆောင်ပါကြောင်း။

ချည်ဖြူ- ချည်ဖြူတစ်မျှင်ကို ပြတ်အောင်ဆွဲဖြတ်နိုင်သော်လည်း ချည်မျှင်များစုစည်း၍ဖွဲ့ချည်ထုံးနှောင်သောအခါ ဆွဲဖြတ်၍မပြတ်နိုင်သကဲ့သို့ ကရင်လူမျိုးများ အချင်းချင်းသည်လည်း ချည်ဖြူပမာ စုစည်းခိုင်မာရမည့် သဘောကို ဆောင်ပါကြောင်း။

ရေ- ရေသည် အေးမြနေသကဲ့သို့ ကရင်လူမျိုးတို့၏ ဘဝခရီးလမ်းသည်လည်း အေးချမ်းသာယာစေရန် ရည်ရွယ်သည့်သဘောကို ဆောင်ပါကြောင်း။

ကြံပိုင်း- ကြံပင်တို့မည်သည်တစ်ဆစ်ပြီးတစ်ဆစ်၊ တစ်ဆင့်ပြီး တစ်ဆင့် အထက်သို့ထိုးတက်လျက်ရှိရာ ကြံပင်ကိုပမာပြု၍ ရှေ့ဆက်ဘဝစည်ကားရေးအတွက် ကြိုးစားကြရမည့်သဘောကို ဆောင်ပါကြောင်း။

**လက်ဆင့်ကမ်းထိန်းသိမ်း**

ထို့ကြောင့် အဓိပ္ပာယ်များနှင့် ပြီးပြည့်စုံသော ချည်ဖြူဖွဲ့မင်္ဂလာရိုးရာဓလေ့ပွဲတော်ကို မပျောက်မပျက် ဆက်လက်၍ လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်ကြရန်၊ မွန်မြတ်သန့်စင်ပြီး ချစ်စရာကောင်းသော ကရင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ချည်ဖြူ ဖွဲ့မင်္ဂလာပွဲတော်ကို လူမျိုးမရွေး၊ ဘာသာမရွေးပါဝင်ဆင်နွှဲနိုင်ပြီး နှစ်စဉ်ဝါခေါင်လရောက်တိုင်း မိမိတို့၏ လက်ကောက်ဝတ်များတွင် ချည်ဖြူဖွဲ့၍ ကရင်ရိုးရာဓလေ့ကို အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ဩဂုတ်လ ၂၅ ရက်နေ့နံနက် ၉ နာရီတွင် စတင်ကျင်းပမည့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးအတူတကွ ပူးပေါင်းပါဝင်ဆင်နွှဲကြပါရန် ဆန္ဒပြုရေးသားတင်ပြအပ်ပါသည်။

**မှီငြမ်း- (၄၀)ကြိမ်မြောက် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ဖတ်ကြားသည့် စာတမ်းများ**

## လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာ ၂၁ ရွာတွင်ရေနစ်မြုပ်မှုကြောင့် နေထိုင်ရေးနှင့် စားသောက်ရေးအကူအညီများ လိုအပ်

**လှိုင်းဘွဲ့ ဩဂုတ် ၂၃**

လှိုင်းဘွဲ့မြို့နယ်အတွင်း သံလွင်မြစ်ရေတက်၍ ရေနစ်မြုပ်နေသည့် ကျေးရွာအချို့တွင် ရေဘေးရှောင်ရန် ကုန်းမြေမရှိတော့၍ ရေဘေးရှောင်စခန်းဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် ကျေးရွာနေပြည်သူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"ရွှေဂွန်းကျေးရွာ အုပ်စုနဲ့ အနီးပတ်ဝန်းကျင်က ကျေးရွာအုပ်စုခြောက်စုက ရေဘေးအန္တရာယ်ခံစားနေရတာက တော်တော်လေး အခြေအနေဆိုးတယ်။ ကယ်ဆယ်ရေးစခန်းဖွင့်ဖို့ ရေလွတ်တဲ့ကုန်းမြေကို မရှိတာ။ ဆက်သွယ်သွားလာတဲ့လမ်းတွေကလည်း ရေလွှမ်းနေတယ်။ ကူညီထောက်ပံ့ရေးတွေ လိုအပ်နေပါတယ်။ အဲဒီကျေးရွာတွေကို ကူညီထောက်ပံ့ချင်ရင် ရေဘေးကယ်ဆယ်ရေးကြီးကြပ်မှုအဖွဲ့က ရွှေဂွန်း သာသနာ့ဗိမာန်ထဲမှာ ဖွင့်ထားပါတယ်" ဟု ရေဘေးကူညီကယ်ဆယ်ရေး လိုက်ပါဆောင်ရွက်နေသည့် ကိုဖြိုးဝေဆက်က ပြောသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း သံလွင်မြစ်ရေတက်၍ ရွှေဂွန်းကျေးရွာအုပ်စု အပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာ အုပ်စုခြောက်စုရှိကျေးရွာ ၂၁ ရွာမှ အိမ်ထောင်စု ၂၇၄၆ စု၊ လူဦးရေ အမျိုးသား ၇၆၈၀ နှင့် အမျိုးသမီး ၈၁၀၆ ဦး နေအိမ်အတွင်း မြစ်ရေဝင်နေသည့်အတွက် နေထိုင်ရေးနှင့် စားရေးသောက်ရေး အပါအဝင် လမ်းပန်းဆက်သွယ်မှုလည်း ပြတ်တောက်ကာ အခက်အခဲကြုံတွေ့နေရကြောင်း အဆိုပါ ဒေသခံများထံမှ သိရသည်။ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် ရေဘေးရှောင်စခန်း သုံးခုဖွင့်လှစ်ထားပြီး အိမ်ထောင်စု ၄၃၁စု၊ လူဦးရေ ၁၉၅၈ ဦးသာ ရေဘေးရှောင်စခန်းသို့ လာရောက်ခိုလှုံနေကြောင်း ရေဘေးကယ်ဆယ်ရေး ကြီးကြပ်မှုအဖွဲ့ထံမှ သိရသည်။

ကရင်ပြည်နယ်အတွင်း၌ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းဖြန့်ဝေခြင်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်း ဦးဆောင်သော ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကြီးကြပ်မှုအဖွဲ့(ရွှေဂွန်း) အားဖွဲ့စည်းထားရာ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုပါက ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ ဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးမျိုးမင်းထွန်း ဖုန်း - ၀၉-၄၅၈၈၈၅၉၀၊ ၀၉-၇၇၉၅၁၀၆၇၇)၊ ရွှေဂွန်းနယ်မြေရဲစခန်းမှူးရဲအုပ် ကြည်တိုး - ဖုန်း - ၀၉-၇၁၀၀၈၆၃၁၁၊ ၀၉၄၂၅၉၈၆၄၃)၊ အထကရွှေဂွန်းကျောင်းအုပ်ကြီး ဒေါ်ခင်ချိုဆင့်- ဖုန်း- ၀၉-၄၄၉၂၅၃၁၅၆၊ ၀၉-၇၉၃၈၃၄၃၇၇)နှင့် ရွှေဂွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး ၀၉-၇၇၀၅၇၁၄၁၊ ၀၉- ၇၇၀၅၈၇၆၂ တို့ထံဆက်သွယ်၍ ကူညီထောက်ပံ့နိုင်ကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**



ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာများအမှိုက်ကင်းစင်ရေးစီမံချက် စတင်အကောင်အထည်ဖော်ဆောင်ရေးအတွက် ရွှေတောင်မြို့နယ် ဆင်ရွာကျေးရွာ၌ ဩဂုတ် ၂၂ ရက်က တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်စိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ဗထူး

# ကျိုက်ထိုမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကျိုက်ထို ဩဂုတ် ၂၃**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာနှင့် ကျောက္ကလပ်ကျေးရွာတို့တွင် ဩဂုတ် ၂၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၆ လုံး ပျက်စီးခဲ့ရာ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဆိုပါ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက် ညနေပိုင်းက ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်အင်ကြင်းချမ်းတို့က အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ လေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် သိမ်ဇရပ်ကျေးရွာမှ နေအိမ် ၁၃ လုံးအတွက် ပြုပြင်စရိတ် ကျပ် ၅၂၀၀၀၀ နှင့် အဆိုပါ နေအိမ် ၁၃ လုံးမှ လူဦးရေ ၇၉ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ကျပ် ၁၆၅၉၀၀ ကိုလည်းကောင်း၊ ကျောက္ကလပ်ကျေးရွာ ပေ ၈၀ မှ ပျက်စီးနေအိမ်သုံးလုံးအတွက် ပြုပြင်စရိတ် ကျပ် ၃၀၀၀၀၀ နှင့် လူ ၁၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ ကျပ် ၂၇၃၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ဝင်းမောင် (ကျိုက်ထို)**

# စစ်တောင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်လာ၍ ရွှေကျင်မြို့နယ်တွင် နေအိမ်များရေနစ်မြုပ်

**ရွှေကျင် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ဩဂုတ် ၁၇ ရက်မှစတင်၍ စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာခဲ့ကာ နေအိမ်များသို့ ရေဝင်ရောက်လာသောကြောင့် ဩဂုတ် ၂၂ ရက်အထိ အိမ်ထောင်စုပေါင်း ၁၅၈ စုမှ လူဦးရေ ၈၃၀ ကျော်မှာ ရေဘေးကယ်ဆယ်ရေးစခန်း လေးခုသို့ ရွှေ့ပြောင်းနေထိုင်ကြရပြီး မြို့နယ်အတွင်းမှ အခြေခံပညာမူလတန်းလွန်ကျောင်း ငါးကျောင်းကိုလည်း ယာယီပိတ်ထားရကြောင်း သိရသည်။

ရွှေကျင်မြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းက ပထမအကြိမ် ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်က အိမ်ထောင်စုပေါင်း ၅၇၆၈ စုမှ လူဦးရေ ၂၇၂၆၆ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်း ၄၇ သို့ ယာယီရွှေ့ပြောင်းပေးခဲ့ရပြီးဖြစ်သည်။ ထို့နောက် စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းပြီးနောက် ရေဘေးကယ်ဆယ်ရေးစခန်းအသီးသီးတွင် ယာယီခိုလှုံနေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်နေထိုင်ကြရာ လက်ရှိအချိန်တွင် ကယ်ဆယ်ရေးစခန်းနှစ်ခု၌ အိမ်ထောင်စု ၁၁၃ စုမှ လူဦးရေ ၅၇၁ ဦးသာ ကျန်ရှိတော့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မှတ်တမ်းများအရသိရှိရသည်။ ရေဘေးသင့်အိမ်ထောင်စု အများအပြား မိမိတို့နေရာများသို့ ပြန်သွားခဲ့သော်လည်း စစ်တောင်းမြစ်ရေမှာ ရွှေကျင်မြို့နယ်၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနေဆဲ ဖြစ်သောကြောင့် ယခု ဒုတိယအကြိမ် ရေပြန်တက်လာချိန်တွင် အနိမ့်ပိုင်းရပ်ကွက်နေ ဒေသခံများအနေဖြင့် ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ထပ်မံပြောင်းရွှေ့နေထိုင်ကြရခြင်းဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးနေပြီး စစ်တောင်းမြစ်ရေနှင့် ရွှေကျင်ချောင်းရေကို ဩဂုတ် ၂၁ ရက် ညနေ ၆နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် ၁၁၄၇ စင်တီမီတာသို့ရောက်ရှိနေပြီး ရွှေကျင်ချောင်းရေမှာ ၆၆၁ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

# မြင်းမူမြို့ သမိုင်းဝင်ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**မြင်းမူ ဩဂုတ် ၂၃**

မြင်းမူမြို့ သမိုင်းဝင် ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်မှ ဝါခေါင်လပြည့်ကျော် ၅ ရက်အထိ ကျင်းပတော့မည်ဖြစ်ရာ ဝါခေါင်လဆန်း ၁၁ ရက်မှစ၍ ဈေးသည်များ ရောက်ရှိလာပြီး ဆိုင်ခင်းခြင်းနှင့် ရောင်းဝယ်ခြင်းများ ပြုလုပ်နေကြပြီဖြစ်သည်။

ယခုနှစ်တွင် ဆိုင်ခန်းတစ်ခန်းငှားခ ကျပ် ၃၀၀၀ နှုန်းတက်ကြောင်း၊ ကုန်ဈေးနှုန်းများလည်း အစစအရာရာတက်ကြောင်း၊ အလုပ်သမားခများလည်း တက်ပေးရကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့်နှစ်က ဆိုင်ခန်းတစ်ခန်း ဆောက်ပြီး ငှားခ ကျပ် ၁၅၀၀၀ အစား ယခုနှစ်တွင် တစ်ခန်း ကျပ် ၁၈၀၀၀ ယူကြောင်း ဆိုင်ခန်းဆောက်လုပ်ရေးကော်မတီထံမှ သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဆိုင်ခန်းပေါင်း ၅၀၀ ကျော် ပါဝင်မည်ဖြစ်ပြီး အထည်ဆိုင်၊ အလှကုန်ဆိုင်၊ အိမ်သုံးပစ္စည်းဆိုင်၊ လယ်ယာသုံးနှင့် တောင်သူသုံးပစ္စည်းဆိုင်နှင့် မြင်းမူမြို့နယ်၏ ဒေသထွက်ကုန်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း ပွဲဈေးတွင်ရောင်းချသော အစားအသောက်များ သန့်ရှင်းအန္တရာယ်ကင်းစေရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်က ဘုရားပွဲတော်စတင်ချိန်တွင် မြန်မာနိုင်ငံ ဒေသအချို့၌ H1N1ရောဂါဖြစ်ပွားမှု တွေ့ရှိသောကြောင့် ရောဂါပိုးပြန့်ပွားကူးစက်မှု မရှိစေရန်အတွက် ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဇာတ်ပွဲဝင်ပြီး စတင်စည်ကားသည့်နေ့မှစ၍ ဇာတ်ပွဲကပြခွင့်ကို ပိတ်ပင်၍ ဈေးဆိုင်များပိတ်သိမ်းရန် မြို့နယ်ဒေသန္တရအမိန့် ထုတ်ပြန်ခဲ့ကာ ဘုရားပွဲကျင်းပရေးကော်မတီက ဆိုင်ခန်းငှားထားသူများအား ကျသင့်ငွေ၏ တစ်ဝက်ကို ပြန်အမ်းပေးခဲ့ကြောင်း သိရသည်။

**၀၇၇**

# အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် လူခေါ်ပွဲစားများကြောင့် ခရီးသည်များနှင့် တက္ကစီမောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်နေရ

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၏ အဝေးပြေးခရီးသွား ကားဝင်းကြီးတစ်ခုဖြစ်သော အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် မိုးရာသီကာလ ခရီးသွားလာမှုမှာ ပွင့်လင်းရာသီထက် လျော့နည်းသော်လည်း ကားဝင်းအတွင်း ခရီးသွားများ မပြတ်သွားလာလျက်ရှိရာ ကားဝင်းအတွင်းမှ လူခေါ်ပွဲစားများကြောင့် ခရီးသွားများနှင့် တက္ကစီယာဉ်မောင်းများအနေဖြင့် စိတ်အနှောင့်အယှက် ဖြစ်ရမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

“တစ်လထက်တစ်လ ပိုဆိုးလာသလိုပဲ၊ သူတို့က အုပ်စုနဲ့ဆိုတော့ ခရီးသွားတွေက ကြောက်တာ ရက်ရွံ့တာလည်းပါတယ်၊ ကိုယ်သွားမယ့်ခရီးစဉ်ကို အတင်းမေးတယ်၊ သူတို့နဲ့တွေ့ရင် စိတ်ပေါ့ပါးမှုမရှိတော့ဘူး၊ ပြန်မဖြေရင်လည်း မကြားတကြားနဲ့ ပြောဆိုသွားတာ ခံရတယ်၊ မြို့ပြကြီးရဲ့ ယာဉ်ရပ်နားဝင်းကြီးမှာ ခရီးသွားတွေ စိတ်အနှောင့်အယှက်ဖြစ်ရမယ့်အရာတွေ မရှိသင့်တော့ဘူးလို့ထင်တယ်”ဟု နေပြည်တော်သို့ ပြန်မည့် ဝန်ထမ်းတစ်ဦးဖြစ်သော ကျောင်းဆရာမ တစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

ရန်ကုန်မြို့မှ မြန်မာနိုင်ငံအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးသို့ အဆင့်မြင့်ခရီးစဉ်များကို အဆိုပါ အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် အခြေပြု ပြေးဆွဲပေးလျက်ရှိရာ နိုင်ငံခြားသားခရီးသွားများ၊ ဝန်ထမ်းများနှင့် ပြည်သူများမှာ ခရီးသွားလာရန်အတွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းသို့ မဖြစ်မနေ ဝင်ရောက်ရသည်။ ကားဝင်းဝင်ပေါက်ဖြစ်သော ယာဉ်ဖြတ်သန်းခကောက်ခံရာ ဂိတ်နေရာတွင် တက္ကစီ တစ်စီးရပ်သည်နှင့် လူခေါ်ပွဲစားများမှာ အပြိုင်အဆိုင်




အလုအယက် ခရီးသည်ခေါ်ဆောင်ခြင်းနှင့် ခရီးသည်၏ဆန္ဒမပါဘဲ ကားဝင်းအတွင်း လိုက်လံပို့ဆောင်ကာ ငွေတောင်းခြင်းတို့ကို ခရီးသည်များ ကြုံတွေ့လာရသည်။

“မိုးရာသီဆိုရင် ခရီးသွားက နည်းနေကျအချိန်မှာ တက္ကစီတွေများလာတယ်၊ ဒီတော့ ကားဝင်းထဲမှာ တက္ကစီတွေအတွက် လူခေါ်ပေးတာရော၊ ကားလက်မှတ်အတွက် လူခေါ်ပေးတာတွေရော များလာတယ်။ အမျိုးသမီးတွေကိုပါ တွေ့လာရတာ၊ ပြဿနာမျိုးစုံလည်း ကြားရတယ်၊ အုပ်ချုပ်မှုမရှိသလိုပဲ၊ သူတို့ကို မွေးထားသလိုဖြစ်နေတယ်၊ သူတို့ကြောင့် ကျွန်တော်တို့လို ကိုယ်ပိုင်တက္ကစီတွေ နာမည်ပျက်လာသလို ကားဝင်းလည်း နာမည်ပျက်မှာပဲ၊ ပုံစံ၊ စရိုက် မျိုးစုံဆိုတော့ အဆင့်မြင့်ကားဝင်းကိုလာတဲ့ ခရီးသွားတွေကို တကယ်အားနာတယ်”ဟု အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်း ကိုယ်ပိုင်တက္ကစီမောင်းနေသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် လှိုင်သာယာမြို့နယ်ရှိ ဒဂုံ-ဧရာ အဝေးပြေးကားဝင်းနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာကားဝင်းဟု အဝေးပြေးကားဝင်းကြီး နှစ်ခုရှိပြီး မြစ်ဝကျွန်းပေါ်နှင့် မြန်မာပြည်တစ်ဝန်းခရီးစဉ်များကို ပြေးဆွဲလျက်ရှိရာ ကားဝင်းနှစ်ခုလုံးတွင် ဝင်ပေါက်မှစ၍ ကားဝင်းအတွင်းနေရာများ၌ လူခေါ်ပွဲစားများ ရှိနေကြပြီး ခရီးသွားပြည်သူများအပေါ် ရိုင်းပျစွာဆက်ဆံမှုများ၊ စိတ်အနှောင့်အယှက်ဖြစ်စေမှုများ ရှိနေကြောင်း သိရသည်။

**သတင်း - ၁၆၄၊ ဓာတ်ပုံ - သစ္စာ**


## မိဘအမည်မှန်

သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်အထက နဝမတန်း(A)မှ မောင်အာကာဟိန်း၏ မိဘအမည်မှန်မှာ ဦးမင်းကျော် ၉/သပက(နိုင်)၀၃၉၀၈၁နှင့် ဒေါ်ခိုင်မာမာ ၈/ရစက(နိုင်)၁၄၂၂၀၄ ဖြစ်ပါကြောင်း။

**ဦးမင်းကျော်-ဒေါ်ခိုင်မာမာ**

## မိခင်အမည်မှန်

သပိတ်ကျင်းမြို့နယ်၊ တွင်းငယ် အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ပြည့်ဖြိုး မောင်နှင့် အဋ္ဌမတန်း(A)မှ မောင်ငြိမ်းချမ်းအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ကြည် ၈/ရစက(နိုင်)၀၄၅၈၃၄ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်ကြည်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (ခ)မှ ကျောင်းဝင်အမှတ်(၁၇၀၉၆)မယမင်းသစ်၏ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသိန်း ၁၄/ဟသတ(နိုင်)၀၄၃၃၆၄ဖြစ်ပါသည်။

**ဦးမျိုးမင်းသိန်း**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ ဒူးယားအခြေခံပညာ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ်(၁၃၇၈၉) မောင်သန့်စင်ဦး၏ဖခင်အမည်မှန်မှာ ဦးဝင်းဇော်လွင် ၁၄/ဟသတ(နိုင်)၁၉၆၀၂၅ ဖြစ်ပါသည်။

**ဦးဝင်းဇော်လွင်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ်(၃၃၄၉၇)မယမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဝင်း ၁၄/ဟသတ(နိုင်)၀၀၀၈၄၂ဖြစ်ပါသည်။

**ဦးကျော်ဆန်းဝင်း**


## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀.၂၄ ပေခန့်မှ ၂၀.၃၄ ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသောလုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။


## GWH M & E Engineering Co.,Ltd.တွင် ခန့်ထားရန်အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

(1) Project Engineer(Electrical) 1 Post
(2) Site Engineering(M&E) 2 Post
(3) Mechanical Engineer 1 Post
(4) Site QS(M & E) 1 Post
(5) Design & Drafter (M & E) 2 Post
(6) Supervisor (Electrical) 1 Post
(7) M & E Labour 40 Post
(8) Store Keeper 3 Post

At Least 2 Year of Experience in M&E Field For All The Position.

Contact Number - 09-970412255, 09-790412255, 09-459117389
E-mail - hr@gwhengineering.com
Address - Block(C), Room(1106), 11 Floor, Pearl Condo,Bahan Toswnship.

## ဖခင်အမည်မှန်

ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ စလွန်ဖြူ(အထက) နဝမတန်း(ဂ)မှ မောင်ချစ်ဦးမောင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်မောင် ၉/မတရ(နိုင်)၀၃၁၉၀၂ ဖြစ်ပါကြောင်း။

**ဦးညွန့်မောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းသက်မိုး ၁၃/မမန(နိုင်)၀၂၅၇၈၂၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၈၂၈၀၃၈**

## ဖခင်အမည်မှန်

သာစည်မြို့၊ အထက(၁)၊ ပဉ္စမတန်းမှ မန္တဲ့ဒါလီမွန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၉/သစန(နိုင်)၀၉၅၁၄၂ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၃) နဝမတန်း (C) မှ မောင်ဇော်လင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ၉/မခန(နိုင်)၁၈၁၅၁၆ ဖြစ်ပါကြောင်း။

**ဦးဝင်းသိန်း**

## အမည်မှန်

ဝမ်းတွင်းမြို့နယ် အထက သဲတောတက္ကသိုလ်ဝင်တန်းမှ မောင်သိန်းကျော်၏ အမည်မှန်မှာ မောင်ဇင်မင်းထွန်း ဖြစ်ပါကြောင်း။

**မောင်ဇင်မင်းထွန်း**

## အမည်မှန်

မြင်းခြံမြို့၊ အထက (၁) ပဉ္စမတန်း ကံ့ကော်ခန်းမှ မောင်ဥက္ကာစိုး၏ အမည်မှန်မှာ မောင်ကျော်သီဟဖြစ်ပါကြောင်း။

**မောင်ကျော်သီဟ**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)၊ အထက တက္ကသိုလ်ဝင်တန်း(B) မှ မယဉ်ယဉ်ဌေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းထွန်းမင်း ၉/ကပတ(နိုင်)၁၇၉၈၇၈ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းမင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာ အုပ်စု၊ ရွာဟောင်းရပ်ကွက်နေ မခိုင်သဇင်နွယ်၏ ဖခင်ဦးမောင်ဌေးဝင်းနှင့် ဦးမောင်ထွန်းဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခမ်းမော် ၁၃/လလန(နိုင်)၀၄၇၇၀၈၏ Pass port No(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၈၂၈၀၃၈**

## မိခင်အမည်မှန်

မင်းပြား၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်ဝင်း၏ မိခင်အမည်မှန်မှာ စောမြနု ၁၁/မပန(နိုင်)၀၃၀၂၂၂ ဖြစ်ပါကြောင်း။


# ကသာမြို့နယ်မှ အင်းသူကြီးများထံသို့ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်

**ကသာ ဩဂုတ် ၂၃**

ကသာမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် ငါးဖမ်းရာသီအတွင်း အင်းများထဲသို့ ငါးသား ပေါက်များ ထည့်သွင်းနိုင်ရေးအတွက် အင်းသူကြီးများထံသို့ ကသာခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှ ငါးသားပေါက်များကို ဩဂုတ် ၂၂ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

ကသာမြို့ ရောဝတီမြစ်ကမ်းရှိ ရှုခင်းသာနေရာတွင် ကျင်းပသည့် ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ပွဲတွင် ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ အင်းကုန်ငါးသားပေါက်စခန်းမှ ငါးခုံးမကြီးနှင့် ငါးမြစ်ချင်းငါးမျိုး သားပေါက် အကောင်ရေ ၅၅၆၁၂၀ ကို စခန်းတာဝန်ခံ ဦးမောင်ဦးက ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ခရိုင်ဦးစီးမှူးက ကသာမြို့နယ်ရှိ အင်း ၅၃ အင်း လုပ်ကိုင်နေသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့အပြင် ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအနေဖြင့် ငါးသားပေါက်အချို့ကို မြစ်အတွင်းသို့လည်း လွှတ်ပေးခဲ့ကြသည်။

ယခုလို ငါးသားပေါက်များ လွှဲပြောင်းပေးခြင်းကြောင့် ငါးသယံဇာတ တိုးပွားလာပြီး ငါးရရှိမှု ပိုများလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုများလာခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ကျန်ရှိသေးသော အင်းများသို့လည်း ငါးမျိုးစိုက်ထည့်ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူးက ပြောကြားသည်။ ယခု လွှဲပြောင်းပေးအပ်လိုက်သော ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို အရွယ်အစား သုံးလက်မမှ ငါးလက်မအထိ ရှိလာအောင် ပြုစုမှု၊ အစာကျွေးမှု၊ ကြီးထွားမှုနှင့် ပြန်လည်ရရှိမှုများကို စစ်တမ်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

* ဘက်မတူသူနှစ်ဦး ဘာကြောင့်လက်တွဲနိုင်ခဲ့ကြသလဲ
* လွှတ်တော်ဥက္ကဋ္ဌ အတွေ့အကြုံများ
* အနာဂတ်ရည်မှန်းချက်များ
* အခြေခံဥပဒေခုံရုံးအဖွဲ့ ဘာကြောင့်နုတ်ထွက်ခဲ့ကြသလဲ
* စာဖတ်သူများရဲ့ အမြင်များ
* သတင်းမီဒီယာများရဲ့ မေးမြန်းချက်များကို

**တစ်စုတစ်စည်းထဲ ဖော်ပြထားသည့်**




**သူရေးသားခဲ့သည့်စာအုပ်အပေါ်မေးမြန်းလာမှုများကို**

**သူရဦးရွှေမန်း ၏ ပြန်လည်ဖြေကြားချက်များ**

တစ်နိုင်ငံလုံးဖြန့်ချိရေး- Myanmar Heritage Publications
ဖုန်း-၀၉-၉၆၄ ၂၄၃ ၈၉၃

**ထွက်ပါပြီ**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
# လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၅)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ် ရာထူး (၅)နေရာတွင် စီးပွားရေးတက္ကသိုလ် ဘွဲ့ရရှိသူများ၊ ဥပဒေဘွဲ့ရရှိသူများ၊ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)ရရှိသူများကို ရွေးချယ် ခန့်ထားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများဖြစ်ရပါမည်-
  - (၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
  - (၂) စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) B.Econ(Statistics)
  - (၃) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ(Economic)
  - (၄) စာရင်းကိုင်ပညာဘွဲ့ (B.Act)
  - (၅) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့ (B.B.A)
  - (၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
  - (၇) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A(English)
  - (၈) ဥပဒေဘွဲ့ (LL.B)
- (ဂ) ၂၁-၉-၂၀၁၈ ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
- (ဃ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ သတ်မှတ်ချက်ကိုက်ညီသူများသာ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့် ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းအား ထပ်မံ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲ အစီအစဉ်ကိုသတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀/-ပေးသွင်းရမည်ဖြစ်ပါသည်။ ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)ရှိငွေစာရင်းအမှတ် (MD-010123) သို့ ငွေစာရင်းခေါင်းစဉ် ၁၉။ ၁၆။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၂။ ဆောင်ရွက်ပေးမှုအတွက်ရငွေများဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေး ပေးသွင်းခြင်းဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် Fax-ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၅။ လျှောက်လွှာတွင်-
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကိုဖော်ပြရမည်။

၆။ လျှောက်လွှာနှင့်အတူ
- (က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ
- (စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၃၁-၈-၂၀၁၈ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၇။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ် (၂၁-၂၅)၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာပြုလုပ်၍သော်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၁-၉-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၈။ ဝန်ထမ်းများသည် ဌာနအကြီးအကဲ ခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှ တစ်ဆင့် ဤကော်မရှင်ရုံးသို့ ၂၈-၉-၂၀၁၈ ရက်နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၁-၉-၂၀၁၈ရက် နောက်ဆုံးထား၍ ဤကော်မရှင်ရုံးသို့ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

## မော်လမြိုင်တက္ကသိုလ်
## ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ် နယ်မြေအတွင်း ယာယီဈေးဆိုင်၊ စားသောက်ဆိုင်၊ ကွန်ပျူတာဆိုင်၊ မိတ္တူကူးဆိုင်၊ စတိုးဆိုင်နှင့်အလှပြင်ဆိုင်တို့အား ၁-၁၀-၂၀၁၈ရက်မှ ၃၀-၉-၂၀၁၉ ရက်အထိ (၁)နှစ်ဖွင့်လှစ်ရောင်းချရေးအတွက် မြေကွက်နှင့် အဆောက်အအုံများ၊ ငှားရမ်းခွင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များ ရောင်းချမည့်ရက်** - ၃-၉-၂၀၁၈ ရက်မှ ၁၄-၉-၂၀၁၈ ရက်အထိ
(ခ) **တင်ဒါပိတ်ရက်** - ၂၁-၉-၂၀၁၈ ရက် (သောကြာနေ့) ၁၆:၀၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - နယ်မြေအင်ဂျင်နီယာဌာန၊ မော်လမြိုင်တက္ကသိုလ်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ်ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ ဖုန်း-၀၅၇-၂၀၂၄၆၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**

# Invitation of request for proposal

1. The brick factory owned by Yangon City Development Committee,located at 34 mile post, Pyay road, Hmawbi Township, Yangon will be reconstructed as a new brick factory. The Yangon Region Government, Tender Committee now invites the request for proposals from local and foreign companies for the construction of new brick factory and operating Brick Manufacturing Business on Public Private Partnership basis.

2. Form of request for proposal and instructions to bidders may be purchased at a cost of 50000 kyat at the address below during office hour.

Production Department
No.399,Eleven Floor,12 ½ Office
Merchant Road
Botahtaung Township.

3. The proposal documents shall be delivered to the above office on or before 15.10.-2018(Monday), 15:00 hr (local time).

4. Interested bidders may obtain further information from U Myint Oo, Deputy Head of Department, Production Department,Ph:09-421028634 during office hour (09:30 to 16:30 hour)

**Tender Committee**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်း(၄)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)တွင် ၂၅-၈-၂၀၁၈ရက်မှ ၃၁-၈-၂၀၁၈ ရက်ထိ နေ့စဉ်နံနက် ၉:၃၀နာရီ မှ ၁၆:၃၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၁-၉-၂၀၁၈ရက် နံနက် ၁၁:၀၀နာရီတွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက် တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ စွန့်ပစ်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေများအား ကြည့်ရှုလိုပါက ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)သို့ လာရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**
**ဆည်မြောင်းလမ်း၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့**

## ဓမ္မရဝေတောရ
## (၂)ညအိပ် (၃)ရက် တရားစခန်း ဖွင့်မည်

**ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် -အင်းမ)** ပဓာန နာယက အဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ အောင်စည်းခုံ စေတီလမ်း၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်၊ သယ်န်းကျွန်းကြီးမှတ်တိုင်)၌ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၊ သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးတို့ ညွှန်ကြားပြသခဲ့သော နည်းစနစ်အတိုင်း...

**၁။ ၂၀၁၈-စက်တင်ဘာလ ၇-၈-၉ သောကြာ၊ စနေ၊ တနင်္ဂနွေ**
**၂။ ၂၀၁၈-စက်တင်ဘာလ ၁၄-၁၅-၁၆ သောကြာ၊ စနေ၊ တနင်္ဂနွေ**

နေ့များတွင် (၂)ညအိပ် (၃)ရက်တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အောက်ပါ ဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းနိုင်ပါသည်။

* (တရားစခန်း မဝင်ဖူးသေးသော ယောဂီအသစ်များသာ စာရင်းပေးသွင်းပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။)

၂၀၁၈-ဩဂုတ်လ (၂၆) ရက်၊ (တနင်္ဂနွေနေ့) နံနက် (၈:၀၀) နာရီမှ ညနေ (၄) နာရီအတွင်းသာ စာရင်းပေးသွင်းပါရန်။

ကိုအောင်သိန်း-၀၉၇၉၅၅၉ ၃၉၃၃
ကိုဖြိုးဖွေး-၀၉၄၂၀၀၆၂၄၂၆၊ မသက်မြတ်နိုင်-၀၉၇၇၃၃၅၆၁၅၅

(စာရင်းပေးသွင်းပြီး အကြောင်းကြောင်းကြောင့် တရားစခန်း မဝင်ဖြစ်ပါက မဝင်ဖြစ်ကြောင်း မဖြစ်မနေ အကြောင်းကြားပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ တရားစခန်းဝင်ရန် စောင့်ဆိုင်းနေကြသော အရန်ယောဂီများ နစ်နာမှု မရှိစေဘဲ တရားစခန်း ဝင်နိုင်ရန် အတွက် ဖြစ်ပါသည်။)

လမ်းညွှန်။ ၁။ အမှတ်(၃)လမ်းမကြီး၊ သယ်န်းကျွန်းကြီးမှတ်တိုင်၊ အောင်စည်းခုံစေတီလမ်းမှဝင်ပါ။(သို့မဟုတ်) ၂။ ကိုက် (၅၀) ခန့် ရှေ့ဆက်မောင်း၍ ပထမဆုံးတွေ့ရသော ဂိတ်(၁၂)လမ်းမှဝင်ပါ။

## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်
## ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

အထက်ဖော်ပြပါ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မြို့ပေါ်ရှိ လေးမျက်နှာမြို့နယ်ဖွား သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။ ၎င်းရက်တွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်ရရှိသူ မသဲသဲဇော်နှင့် ဂုဏ်ထူးရကျောင်းသူ/သားများအားဆုချီးမြှင့်ပါမည်။ သို့ဖြစ်ပါ၍ အသင်းသူ/သား ဇာတိနယ်ဖွားများ ကြွရောက်ကြည်ညိုသဒ္ဓါပွား လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **ကျင်းပမည့်နေ့ရက်** | - ၂-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်အချိန်** | - မွန်းလွဲ ၁:၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် စဉ့်ငူရပ်ကွက် အင်းစိန်မြို့နယ်။ |
| **မှတ်ချက်** | - Aung Gyi Group မိသားစုမှ နို့စိမ်းခေါက်ဆွဲနှင့် ဧည့်ခံပါမည်။ |

ဆက်သွယ်ရန် - ဥက္ကဋ္ဌ ဖုန်း-၀၉-၅၀၈၀၈၅၅၊ ဒုဥက္ကဋ္ဌ-၁ ဖုန်း ၀၉-၄၂၁၀၉၄၄၇၉၊ ဒုဥက္ကဋ္ဌ-၂ ဖုန်း- ၀၉-၂၆၁၀၀၉၈၅၅၊ ဒုဥက္ကဋ္ဌ-၃ ဖုန်း-၀၉-၅၄၀၁၀၉၆၊ အတွင်းရေးမှူး ဖုန်း-၀၉-၂၅၀၇၃၀၃၁၀

**အလုပ်အမှုဆောင်အဖွဲ့**

# အဆိုပြုလွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ ၃၄မိုင်တိုင်ရှိ **မှော်ဘီအုတ်စက်ရုံ**ကို အုတ်စက်ရုံအသစ်အဖြစ် တည်ဆောက်မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရတင်ဒါကော်မတီသည် အုတ်စက်ရုံအသစ် တည်ဆောက်ရေးနှင့် အုတ်ထုတ်လုပ်ငန်းအား Public Private Partnership (PPP) အခြေခံဖြင့် ဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပ၊ ကုမ္ပဏီများအား အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာ ပုံစံနှင့်စည်းကမ်းချက်များကို ကျပ် ၅၀၀၀၀/-ဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

ထုတ်လုပ်ရေးဌာန
အမှတ် (၃၉၉)၊ ၁၂ ထပ်ခွဲရုံး၊ ၁၁လွှာ၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်။

၃။ အဆိုပြုလွှာများကို အထက်ဖော်ပြပါဌာနသို့ ၁၅-၁၀-၂၀၁၈ ရက် (တနင်္လာနေ့) ၁၅:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးမြင့်ဦး ဒုတိယဌာနမှူး၊ ထုတ်လုပ်ရေးဌာန ဖုန်း-၀၉-၄၂၁၀၂၈၆၃၄ ထံတွင် ရုံးချိန်အတွင်း နံနက် ၉:၃၀နာရီမှ ၄:၃၀နာရီ စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မကွေးတက္ကသိုလ်၊ ဒုတိယနှစ်(သမိုင်း)အထူးပြုမှမောင်ဟိန်းထက်ဇော် ၈/မကန(နိုင်)၂၅၂၅၂၉၊ အထက(ကန်ပြား) တက္ကသိုလ်ဝင်တန်းမှ မနှင်းရွှေစင်ဌေး၊ မကွေးမြို့၊ အထက(၃) နဝမတန်းမှ မငြိမ်းရွှေစင်ဌေးတို့၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဌေး ၈/မကန(နိုင်)၀၈၈၉၅၇ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဌေး**

**ဖခင် အမည်မှန်**

မင်းဘူး(စကု)မြို့နယ်၊ နန်းတော်ကုန်း၊ အထက(ခွဲ)မှ မဝေဝေနှင်း၏ဖခင်အမည်မှန်မှာ ဦးသိန်း ၈/မဘန(နိုင်)၁၅၃၉၂၁ ဖြစ်ပါကြောင်း။

**ဦးသိန်း**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F-6780 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၇၃၃၁၉ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်ခိုင် ၁၃/သပန(နိုင်)၀၀၇၂၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/1337 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/5087 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကျော်ဦး ၉/ကပတ(နိုင်)၂၂၈၉၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၁၆၅၇ Yinxiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သိန်း ၉/မနမ(နိုင်)၀၀၈၄၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ငဝန်ကျွန်းသာ(၂)လမ်း၊ အကောက်ဆိပ်တောင်အကွက်၊ အကွက်အမှတ် (၅၀)၊ ဦးပိုင် (၆၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဂရန်မြေကိုဦးဇော်ဝင်း အမည်ဖြင့် မြေငှားဂရန်အမည်အသစ်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/နတ်ရှင်နောင်)၊ ဦးပိုင်အမှတ် (၆၃)၊ ဧရိယာ ၀ဒသမ၂၅၉ဧကရှိ ဦးအေးလွင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအေးလွင်(ဘ)ဦးကျော်မြ ၉/တကန (နိုင်)၀၁၁၃၁၇ မှ ဒေါ်နီ(ဘ) ဦးညီလေး ၉/တကန(နိုင်)၀၃၆၉၄၅ သို့ မှတ်ပုံတင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် ဦးအေးလွင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မူရင်းတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

# ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၉၃**

ဦးဟန်စိန်(ခ)ဦးသန်းဦး **နှင့်** ဦးထွန်းထွန်း
**တရားနိုင်** **တရားရှုံး**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ အထက်ဖော်ပြပါဇာရီမှုတွင် ဒီကရီကို အတည်ပြုနိုင်ရန် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၇ရက် (၁၃၈၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၃ ရက်) နံနက် ၁၀း၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်များဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အခန်း ၂-၆၊ တိုက်အမှတ်(၉)၊ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး**
**ကျပ်သိန်း ၃၀၀(ကျပ်သိန်းသုံးရာတိတိ)**

အရပ်ရပ်ကြော်ငြာပြန်သွင်းရမည့်ရက် ၂၆-၉-၂၀၁၈
ဘီလစ်အစီရင်ခံစာ ပြန်သွင်းရန်ရက် ၂၈-၉-၂၀၁၈

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူသည်ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင်အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(နွယ်နီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## မိဘအမည်မှန်

ရေနံချောင်းမြို့၊ အထက (၁) နဝမတန်း အခန်း(၁၃)မှ မအိအိသက်၊ အလက(ဝက်မစွတ်) ဆဋ္ဌမတန်းမှ မအိမျိုးသက်တို့၏ မိဘအမည်မှန်မှာ ဦးအောင်သက်-ဒေါ်လှလှဝေ ဖြစ်ပါကြောင်း။

**ဦးအောင်သက်-ဒေါ်လှလှဝေ**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက(ခွဲ) ခရမ်းကိုင်း တက္ကသိုလ်ဝင်တန်းမှ မပြည့်ပြည့်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ရှိန် ၉/လဝန(နိုင်)၀၇၃၇၄၇ ဖြစ်ပါကြောင်း။

**ဦးတင်ရှိန်**

## မိခင်အမည်မှန်

လယ်ဝေးမြို့၊ အလက(ခွဲ)မြို့မ သတ္တမတန်း(A) မှ မောင်ဟိန်းမင်းနိုင်၊ တတိယတန်း(C)မှ မောင်ရဲထက်နိုင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်သီတာခိုင် ဖြစ်ပါကြောင်း။

**ဒေါ်သီတာခိုင်**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက (ခွဲ) လယ်တာကြီး၊ တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်စုံအောင်၏ဖခင် အမည်မှန်မှာ ဦးသန်းလွင်ဦး ၉/လဝန(နိုင်) ၁၄၉၃၀၄ ဖြစ်ပါကြောင်း။

**ဦးသန်းလွင်ဦး**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ပခုက္ကူမြို့ အမှတ်(၇)ရပ်ကွက် မြို့မလမ်းနေ ဦးဇာနည်ဘုန်းမော် ၈/ပခက (နိုင်)၁၆၃၀၄၉ နှင့် ဒေါ်သင်းသင်းအောင် ၈/ပခက(နိုင်)၀၃၁၄၈၀ တို့သည် ၁၂-၂-၂၀၁၈ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်မှ ပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်ဘုန်းမော် ၈/ပခက(နိုင်)၁၆၃၁၄၉**

## ဦးသန်းမင်းစိုး(ခ)ဖိုးသား ၅/မရန(နိုင်)၁၅၄၅၃၀နှင့် အများသိစေရန် ကြေညာချက်

မုံရွာမြို့၊ အလုံ၊ စစ်ပင်အုပ်စု၊ လှည်းတန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးတင်ထွေး ၅/မရန(နိုင်)၀၈၂၃၂၇၊ ဒေါ်မြကြည် ၅/မရန(နိုင်)၀၈၁၄၉၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသန်းမင်းစိုး(ခ) ဖိုးသား ၅/မရန(နိုင်)၁၅၄၅၃၀နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မုံရွာမြို့ အလုံ၊ စစ်ပင်အုပ်စု၊ လှည်းတန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးတင်ထွေး-ဒေါ်မြကြည်တို့၏သား ဦးသန်းမင်းစိုး(ခ)ဖိုးသား ၅/မရန(နိုင်) ၁၅၄၅၃၀သည် မိဘနှစ်ပါးတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်ခြင်း၊ ပြောဆိုဆုံးမသည်ကို နာခံမှုမရှိသည့်အပြင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့ကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် လာရောက်မေးမြန်းခြင်း၊ စုံစမ်းခြင်းများမပြုလုပ်ရန်အတွက် ဦးသန်းမင်းစိုး(ခ)ဖိုးသားနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးတင်ထွေး** | **ဒေါ်မြတ်မြတ်ဆွေ** |
| **၅/မရန(နိုင်)၀၈၂၃၂၇၊** | **(LL.B, D.I.L) (Advocate)** |
| **ဒေါ်မြကြည်** | **တရားလွှတ်တော်ရှေ့နေ** |
| **၅/မရန(နိုင်)၀၈၁၄၉၃** | **(စဉ်-၇၇၄၃/၁၀)** |
| | **အေးသာယာလမ်း၊** |
| | **ထန်းတောအောင်ရတနာရပ်၊မုံရွာမြို့၊** |

## မိဘအမည်မှန်

မူဆယ်မြို့၊ တွဲဖက်အထက (နမ့်အွမ်)၊ ပဉ္စမတန်း (A)မှ မခမ်းဖောင်၏ မိဘအမည်မှန်မှာ ဦးကျမ်အေး ၁၃/မဆတ(နိုင်)၀၄၇၃၈၄ နှင့် ဒေါ်ကျိန်ခမ်း ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မင်းပြားအထက(၁) တက္ကသိုလ်ဝင်တန်း (E) မှ မောင်ချမ်းငြိမ်းအောင်၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းခင် ၁၁/မပတ(နိုင်) ၀၇၅၄၀၂ ဖြစ်ပါကြောင်း။

**ဒေါ်သိန်းခင်**

## ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ဇန်းမော်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (A)မှ မနွယ်နီမင်း၏ဖခင်အမည်မှန်မှာ ဦးအေးသိန်း ၇/သနပ(နိုင်)၀၃၈၇၉၇ ဖြစ်ပါကြောင်း။

**ဦးအေးသိန်း**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ)၊ ကမာမို၊ သတ္တမတန်းမှ မင်းကျော်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းဝင်းလှိုင် ၁၀/ခဆန(နိုင်)၀၆၇၇၀၄ ဖြစ်ပါကြောင်း။

**ဦးမင်းဝင်းလှိုင်**

## မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

လွယ်ဂျယ်မြို့၊ အထကကျောင်း နဝမတန်း (B) မှ မောင်အင်ခွမ်တန်မိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၁၉၉၈ ဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးအင်ခွမ်တူးလွမ် ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဝါလွင် ၁၀/ပမန(နိုင်)၁၃၃၂၃၄ ၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နိုင်ထွန်း(ဘ)ဦးကိုကို ၉/ပဗသ(နိုင်)၀၀၂၅၅၉၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၈၄၂၆၁၆**

## မိဘအမည်မှန်

အထကမင်းရွာ၊ နဝမတန်းမှ မောင်စည်သူဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမင်းခိုင် ၅/ဆလက(နိုင်)၀၅၇၈၁၂ ဖြစ်ကြောင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်စောစောသန်း ၁၁/မပတ(နိုင်)၀၄၁၉၅၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ တင်တင်ဦး(ဘ)ဦးတင်မြင့် ၉/ပမန(နိုင်)၀၄၆၉၃၃ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၃၀၂၁၇၃**

## အမည်မှန်

ဦးခင်သန်း၏သား ပေါင်မြို့နယ်၊ မြင်းတပ်ရပ်နေ အထကဆင်ဖြူရပ် တက္ကသိုလ်ဝင်တန်းမှ မောင်မင်းသက်ပိုင်ဦး၏ အမည်မှန်မှာ မောင်သက်ပိုင်ဦး ဖြစ်ပါကြောင်း။

**မောင်သက်ပိုင်ဦး**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ဝက်မစွတ်ရွာနေ မောင်ကျော်ဇင်ဦး၊ ရေနံချောင်းဒီဂရီကောလိပ်၊ တတိယနှစ်(သင်္ချာ)မေဂျာမှ မလွင်လွင်မာ၊ အထက(၁)တက္ကသိုလ်ဝင်တန်း အခန်း(၅) မှ မအိအိမာနှင့် အလက ဝက်မစွတ်၊ စတုတ္ထတန်းမှ မမေသူဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော် ၈/ရနခ(နိုင်)၀၃၃၆၉၂ ဖြစ်ပါကြောင်း။

**ဦးဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၄၈၀၁၄ Jian She 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ထွန်း ၁၄/ဒဒရ(နိုင်) ၀၀၀၃၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

# အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄မိုးရိပ်)၊ မြေကွက်အမှတ်(၃၇၃)၊ (၁၂၅၀)စတုရန်းပေ၊ (၂၅'×၅၀')အကျယ်အဝန်းရှိ ဦးလှရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကြည်ထွန်း (စဉ်-၆၁၇၃) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၀၇၅၁၇၁**
**အမှတ်-၃၁/၅၇၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပေလီမြို့၊ မြပြင်ရပ်ကွက်၊ ကွင်းအမှတ် ၂၀၇၊ မြပြင်ကွင်း၊ မြေကွက်အမှတ် ၇၁၉၊ မြေဧရိယာ ၀ဒသမ၀၉ဧကအား ပေလီမြို့ မြပြင်ရပ်ကွက်နေ ဦးသန်းလှိုင် ၁၁/သတန(နိုင်)၀၀၉၈၁၈၊ ဒေါ်ခင်ကေသီမျိုး ၁၁/သတန(နိုင်) ၀၀၀၁၃၂တို့သည် ပေလီမြို့၊ မြပြင်ရပ်ကွက်နေ ဒေါ်လှလှ ၁၁/သတန(နိုင်) ၀၁၀၉၅၀ ထံမှ (၂၁-၁-၂၀၀၃)ရက်တွင် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးသန်းလှိုင်၊ ဒေါ်ခင်ကေသီမျိုးတို့မှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သံတွဲမြို့**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၉/ဂ၊ မြေကွက်အမှတ် ၁ဃ၊ မြေကွက်တည်နေရာအမှတ် ၁/ဃ၊ အမှတ် (၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ဦးမြသောင်းအမည်ပေါက် 'ဝ'မြေ (R-5) ၃(က)ရပြီးမြေအား အမည်ပေါက် ဦးမြသောင်းထံမှအရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လာသူ ဦးရန်မျိုးနိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်သင်း)မှတရားလိုပြုလုပ်၍ ရွှေပြည်သာမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်-၁၁၁/၂၀၁၆ဖြင့် အိမ်ရာမြေ ၃/က လျှောက်ထားရန်နှင့်မြေကွက်တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုစီရင်ချက်ဖြင့် ဦးမြသောင်းအား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၃၇/၂၀၁၆ အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှခန့်အပ်ခြင်းခံရသူ ဘီလစ်ဒေါ်၄ဝါ ၁၂/လမန(နိုင်)၀၂၉၆၃၃ မှ တရားရုံးဒီကရီအထောက်အထားများ၊ တရားရုံးမှတာဝန်ပေးအပ်ခြင်းစာနှင့် နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၄၈၀၁၄ Jian She 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ထွန်း ၁၄/ဒဒရ(နိုင်)၀၀၀၃၁၆ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံ) ဖျာပုံမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကွမ်းလုံမြို့၊ ဉာဏသိပ္ပံရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၉/ဉာဏသိပ္ပံ)၊ ဦးပိုင်အမှတ် ၄၀၊ မြေဧရိယာ ၁ဒသမ၁၁၈ဧကရှိမြေအား ကိုးကန့်ဗုဒ္ဓဘာသာကွမ်ရင်မယ်တော်ကျောင်းအမည်ဖြင့် ဦးအောင်မြင့် ၁၃/ကလတ(နိုင်)၀၀၀၃၅၃မှ ပုံစံ ၁၀၅/၁၀၆ရေးဆွဲပြီး အခွန်လွတ်သာသနာ မြေဂရန်/လိုင်စင်အသစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကွမ်းလုံမြို့၊ ဉာဏသိပ္ပံရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅/ခိုလုံ)၊ ဦးပိုင်အမှတ် ၉၊ မြေဧရိယာ ၁ဒသမ၂၈၃ဧကရှိမြေအား ကိုးကန့်ဗုဒ္ဓဘာသာစာသင်ကျောင်းအမည်ဖြင့် ဦးရှောက်ဝမ်(ခ)အိုက်မောင်၁၃/ကလတ(နိုင်)၀၁၉၅၆၂မှ ပုံစံ ၁၀၅/၁၀၆ ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက် အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အမည်မှန်

ကွမ်းလုံမြို့၊ အထက(ကွမ်းလုံ) ဆဋ္ဌမတန်းမှ မနှင့်သက်ရွှေဇင်ထွန်း၏ အမည်မှန်မှာ မနှင်းသက်ရွှေဇင်ထွန်းဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဇင်မျိုးလင်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်

လွယ်ဂျယ်မြို့၊ အထကကျောင်း၊ စတုတ္ထတန်း(ဂ)မှ ရန်ချူးချန့်၏အမည်မှာ မရန်ချူးကိုင်၊ မွေးသက္ကရာဇ် (၁၆-၃-၂၀၀၃) မိဘအမည်မှန်မှာ ဦးရန်အိမ်းဖျင့်နှင့် ဒေါ်ဒမော်ထုဆန် ဖြစ်ပါသည်။

# အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၁၁/ဃ၊ မန်ဆူဘုရားကုန်းရပ်)၊ ဦးပိုင် (၉၇)၊ ဧရိယာ ၀ဒသမ၁၀၃ဧကရှိမြေအား အမှုတွဲအမှတ် ၆၅၃-၅/၁၉၉၈-၉၉(အေ)ဖြင့် ဦးဝွန်အောင်အမည်ပေါက်ပြီး ၎င်းသည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်မာတောမ်မှ ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ထွက်ဆို၍ ၂၄-၅-၂၀၁၈ရက်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၃၅I/၂၀၁၈)ဖြင့် ချုပ်ဆိုပိုင်ဆိုင်ထားပြီး ဖြစ်ပါသဖြင့် ဒေါ်မာတောမ် ၁၃/လရန(နိုင်)၀၃၀၄၅၂ မှ မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း (၂၀) အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းထပ်မံအသစ်လျှောက်မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

# အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၁၂/၇တိုးချဲ့)၊ ဦးပိုင် ၂၄၉၊ ဧရိယာ ၀ဒသမ၀၉၆ဧကရှိမြေအား အမှုတွဲအမှတ် ၅၀-၅/၂၀၀၉-၂၀၁၀(စီ)ဖြင့် ဦးဟုကုန်းချူ အမည်ပေါက်ပြီး ၃၀-၈-၂၀၁၇ရက်တွင် ၀ဒသမ၀၉၆ဧကအနက် မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ ၀ဒသမ ၀၆၉ဧကအား အိမ်မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ် (၁၂I/ ၂၀၁၈) ဖြင့် ဦးအိုက်ဟိန် ၁၃/လရန(နိုင်)၀၄၆၃၆၄ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၅၀)၊ ဦးပိုင်အမှတ်(ယခင် ၁၈၊ ယခု(၁၆) စိတ္တသုခလမ်း×သူရဲကျော်လမ်းကြား၊ စိန်ပန်းလမ်း×ဝါဆိုကျောင်းလမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးအုန်းဖေ၊ မထွေးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၉၇/၁၉၅၄)ဖြင့် ဦးရွှေ၊ ဒေါ်ရင်တို့မှ ဝယ်ယူခဲ့ပြီး အဘိုးဖြစ်သူ ဦးရွှေ၊ အဘွားဖြစ်သူ ဒေါ်ရင်၊ မိခင်ဖြစ်သူ ဒေါ်တင်၊ ဖခင်ဖြစ်သူ ဦးဘတင်၊ သမီးဖြစ်သူ ဒေါ်လှ(အပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (မြေး/သမီး)ဖြစ်သူ ဒေါ်ခင်မာဆွေ ၉/မနတ(နိုင်)၀၅၈၉၆၆ မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၇၅)၊ မြေကွက်တည်နေရာအမှတ် ၂၇၅၊ သိင်္ဂီ(၁)လမ်းတောင်၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းမောင် ၁၂/သကတ(နိုင်)၀၀၉၄၈၇ အမည်ပေါက် နှစ်(၆၀)ဂရန်အမည်ပေါက် ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင် ၁၂/သကတ(နိုင်)၀၀၉၄၈၇ ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်(၁၀၂/၂၀၁၀) ၁၂-၁-၂၀၁၀အရ ပိုင်ဆိုင်သူ ဒေါ်ခင်သန်းရီ ၁၂/သကတ(နိုင်)၀၀၃၄၈၀ ထံမှ ဧရိယာ ပေ(၄၀×၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြောက်ဘက်ခြမ်းဧရိယာ ပေ(၂၀×၆၀)အား အရောင်းအဝယ်စာချုပ်(၅၄၈/၂၀၁၀) ၁၇-၂-၂၀၁၀အရ ဝယ်ယူသူ ဦးကျော်ဝင်းနိုင် ၁၁/မအန(နိုင်)၀၂၆၅၇၈ မှ ဂရန်မူရင်း ပိုင်ဆိုင်စာချုပ် (၁၀၂/၂၀၁၀)၊ အရောင်းစာချုပ်(၅၄၈/၂၀၁၀)တင်ပြပြီး ပူးတွဲပိုင်ရှင်နှင့်အတူ ပူးတွဲလျှောက်ထားရန် ခေါ်ယူရန် အခက်အခဲများစွာရှိကြောင်း တင်ပြ၍ တစ်ဖက်သတ်တိုင်းခွဲလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အများသိစေရန်ကြေညာခြင်း

ပင်လည်ဘူးမြို့နယ်၊ မန္တကျေးရွာနေ ဒေါ်ဝင်းကြည် ၅/ပလဘ(နိုင်) ၀၈၅၃၅၃မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းကြည်နှင့် ဦးဝင်းခင် ၅/ပလဘ(နိုင်)၀၃၈၂၉၀တို့သည် ကောလင်းမြို့နယ်တရားရုံး၏(၁၅-၈-၂၀၁၈)ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် မှတ်ပုံတင်အမှတ် ၁၅/၂၀၁၈ အရ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ဦးဝင်းခင်နှင့် ဒေါ်ဝင်းကြည်တို့သည် စီးပွားရေး၊ ပုဂ္ဂိုလ်ရေး၊ လူမှုရေးကိစ္စအဝဝတို့နှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဝင်းကြည်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်ကိုသော်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပုဂ္ဂိုလ်ရေးကိစ္စရပ်များကိုသော်လည်းကောင်း၊ ဂုဏ်သိက္ခာကိုသော်လည်းကောင်း ထိခိုက်နစ်နာစေမည့်ပြုမူ၊ ပြောဆို၊ ဆောင်ရွက်ခြင်းများကို မပြုရန်တားမြစ်အပ်ပါသည်။ ပြုလုပ်ပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည် ၅/ပလဘ(နိုင်)၀၈၅၃၅၃**

## အမည်မှန်

ဦးမောင်တင်၏သမီး ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာအုပ်စု၊ တကူတာရပ်ကွက်နေ ဒေါ်စမ်းစမ်းဝေ ၁၀/ခဆန(နိုင်)၀၆၀၇၁၉ ၏ အမည်မှန်မှာ ဒေါ်စန်းစန်းဝေ ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းဝေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ အထက(ခွဲ) ညောင်အိုင်၊ တက္ကသိုလ်ဝင်တန်းမှ ကိုကိုမင်းခန့်၏ဖခင် ဦးအောင်မျိုးသန့်နှင့် ဦးအောင်မျိုးထွန်း ၅/ကဘလ(နိုင်) ၁၂၃၄၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မျိုးသန့် (ခ) ဦးအောင်မျိုးထွန်း**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်း(J) ခန်းမှ မခိုင်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းမှတ် ၅/ယမပ(နိုင်)၀၂၆၄၀၁ ဖြစ်ပါကြောင်း။

**ဦးထွန်းမှတ်**

## မွေးသက္ကရာဇ်အမှန်

အင်ပူမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ ဦးမင်းခိုင်၏သား မောင်ပြည့်ဖြိုးမင်း ၁၄/အဂပ(နိုင်)၂၁၃၆၇၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၁-၂၀၀၂ ဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးမင်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အထက(မြို့မ)၊ နဝမတန်း(င) မှ မငုဝါလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသက်စိုးထိုက် ၇/ကဝန(နိုင်)၁၆၉၉၆၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၇) သတ္တမတန်း (D)မှ မောင်သော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦး ၁၂/မဂဒ(နိုင်)၁၇၂၂၂၉ ဖြစ်ပါသည်။

**ဦးဝင်းဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဖြူမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်းမှ မနန္ဒာဝင်း၏ ဖခင်မှာ ဦးဇော်မြင့်ထွန်းနှင့် ဦးင/ချပ်ကေ ၁၁/ကဖန(နိုင်)၀၉၁၈၅၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မြင့်ထွန်း(ခ)ဦးင/ချပ်ကေ**

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက (ပေါင်) ကျောင်း၊ အဋ္ဌမတန်း(က)မှ မကြယ်စင်မြင့်မြတ်၏ဖခင်အမည်မှန်မှာ ဦးအောင်မြအေး ၁၂/တကန(နိုင်)၁၃၇၄၅၃ ဖြစ်ပါသည်။

**ဦးအောင်မြအေး**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (အလုပ်) ကျောင်း၊ နဝမတန်းမှ မအေးမိမိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးမြင့်စော ၁၀/ပမန(နိုင်)၁၇၇၉၄၂ ဖြစ်ပါသည်။

**ဦးမိုးမြင့်စော**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်း (L) ခန်းမှ မောင်အောင်ကိုဇင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဝင်း ၅/ယမပ(နိုင်)၁၂၈၅၈၆ ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်ပူမြို့၊ အထက တက္ကသိုလ်ဝင်တန်း(B) မှ မောင်ချမ်းမြေ့အောင်နှင့် အဋ္ဌမတန်း(B) မှ မောင်မင်းခန့်အောင်တို့၏ဖခင် ဦးအောင်(ခ)ဦးအောင်သိုက် ၁၂/အဝန(နိုင်)၁၆၀၅၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ မင်းရွာအခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မမေသီရိကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၁၂/မဘန(နိုင်)၀၉၀၈၈၂ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးမိုးကျော် ၁၄/အမတ(နိုင်) ၀၁၂၄၃၂၏သား မောင်လင်းလက်ဖြိုးအား မောင်ရှိန်းခန့်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှိန်းခန့်ကျော်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (D)မှ မစုစုထွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၇/လပတ(နိုင်)၁၄၉၈၅၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက(ခွဲ) သပြုချောင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်လင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးစောကြိုင် ၁၀/ပမန(နိုင်) ၀၃၅၄၅၇ ဖြစ်ပါသည်။

**ဦးစောကြိုင်**

## မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (အလုပ်) ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မမေစုမွန်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဝေ ၁၀/ပမန(နိုင်)၂၂၈၉၂၆ ဖြစ်ပါသည်။

**ဒေါ်သန်းသန်းဝေ**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်း (J) ခန်းမှ မသီရိဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ညို ၅/ယမပ(နိုင်)၀၅၂၂၉၇ ဖြစ်ပါကြောင်း။

**ဦးမောင်ညို**

## အမည်ပြောင်း

အင်ပူမြို့နယ်၊ မီးလောင်ကုန်းကျေးရွာအုပ်စု၊ ချင်းတွင်းကျေးရွာနေ ဦးမောင်စိုး(ခ)ဦးမောင်မောင်စိုး၏သား မောင်အောင်သီဟစိုးအား မောင်အောင်ဇေယျဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ဇေယျဖြိုး**

## အမည်ပြောင်း

ဦးမောင်လှ၏သား အမ်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အထက(၁) အဋ္ဌမတန်းမှ မောင်ဘွတ်စာအား မောင်ဆလိုင်းကျော်လင်းဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဆလိုင်းကျော်လင်းဦး**

## ဖခင်အမည်မှန်

တမူးခရိုင်၊ တမူးမြို့၊ စော်ဘွား(၄)ရပ်ကွက်မှ အထက(၂)မှ မောင်သူရဇော်၏ဖခင် ဦးကျော်ဌေး၏အမည်မှန်မှာ ဦးဇော်ဌေး ၁၃/တကန(နိုင်)၁၀၇၈၉၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့နယ်၊ အမက(၃) မူလွန် ဒုတိယတန်း(D)မှ မောင်ဟန်ဘုန်းလတ်၏ ဖခင်အမည်မှန်မှာ ဦးဟန်ရီမြင့် ၇/လပတ(နိုင်) ၁၀၃၄၉၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက (မုတ္တမ) ကျောင်း၊ နဝမတန်းမှ မိစုဌေးမွန်နှင့် အထက(ခွဲ) လက်ပံတောကျောင်း စတုတ္ထတန်းမှ မိအိကျဲစွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးကောက် ၁၀/ပမန(နိုင်)၂၀၅၆၉၂ ဖြစ်ပါသည်။

**ဦးစိုးကောက်**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထကခွဲ (ထန်းပင်ချောင်)ကျောင်း၊ ပဉ္စမတန်းမှ မနှင်းသီတာဦး၏ ဖခင်အမည်မှန်မှာ ဦးဘဦး ၁၀/ပမန(နိုင်)၁၆၁၇၆၅ ဖြစ်ပါသည်။

**ဦးဘဦး**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်း (G) ခန်းမှ မောင်ဟိန်းနိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၅/ယမပ(နိုင်) ၀၄၁၈၄၀ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်ပူမြို့နယ်၊ မီးလောင်ကုန်းကျေးရွာအုပ်စု၊ ချင်းတွင်းကျေးရွာနေ ဦးကြာလှ၏သား ဦးမောင်စိုး(ခ)ဦးမောင်မောင်စိုး ၉/လဝန(နိုင်)၂၀၅၁၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

သံတွဲမြို့နယ်၊ နန်းချောင်းကျေးရွာနေ ဦးဟောက်ခန့်မာန်၏သမီး မကျိန်ရှန်းဒိတ်ကိန် (တက္ကသိုလ်ဝင်တန်း)အောင် ၁၁/သတန(နိုင်)၁၀၀၈၄၂ ၏ အမည်မှန်မှာ မကျင်ရှန်းဒိတ်ကင် ဖြစ်ပါကြောင်း။

## အမည်ပြောင်း

အလုံမြို့နယ် ဦးအောင်တင် ၁၂/ခရန(နိုင်)၀၇၈၀၂၈ ၏သမီး အထက (၄) တတိယတန်း (E) မှ မသီဂီလှိုင်အား မကေကေဖြိုးဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကေကေဖြိုးဇင်**

## အမည်မှန်

ညောင်လေးပင်မြို့၊ ဇီးကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ ဦးသောင်းဝင်း၏သား အမည်မှန်မှာ မောင်အောင်ကိုမင်း ဖြစ်ပါကြောင်း။

**မောင်အောင်ကိုမင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၄၁၆၇၃ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၁၁၆၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာလှိုင် ၇/ညလပ(နိုင်)၁၁၄၈၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အများသိစေရန်

ကျွန်ုပ်တို့မိတ်ဆွေ၏သားဖြစ်သူ မောင်ဇော်နိုင်ထွန်းအသုံးပြုခဲ့သော Zaw Naing Tun Facebook Account Profile ဓာတ်ပုံအား ဖော်ပြလျက် ကျွန်ုပ်တို့မိတ်ဆွေ၏မိသားစုဂုဏ်သိက္ခာကျဆင်းစေရန် ထိပါးနှောင့်ယှက်သည့် မဟုတ်မမှန်သောအကြောင်းအရာများကို ဖော်ပြခြင်း၊ အခြားသူများအား ထိခိုက်စေသည့် အရေးအသားများကို အဆိုပါ Account ဖြင့် ရေးသားဖော်ပြထားသည့် Post တစ်ခုကို ၁၅-၈-၂၀၁၈ ရက်က လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမဟုတ်မမှန်ဖော်ပြထားသည့် Post ကို ဖော်ပြခဲ့သူမှ ချက်ချင်းပြန်လည်ဖျက်သိမ်းပေးရန်နှင့် နောက်နောင် ယခုကဲ့သို့ မဟုတ်မမှန်သောသတင်းများဖော်ပြ၍ ကျွန်ုပ်တို့မိတ်ဆွေ၏ မိသားစုဂုဏ်သိက္ခာကို ထိခိုက်ပုတ်ခတ်ခြင်းပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဦးအေးမောင် | ဒေါ်ဇာခြည်ဖြိုး LL.B | ဦးစန်းမြင့် LL.B |
| ၁၂/သကတ(နိုင်)၁၁၈၀၅၅ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၄၂၉၈၆ (၂၂-၁၀-၂၀၁၃) | စဉ်-၈၂၉၀ (၁၃-၉-၂၀၁၂) |
| | ၂၀၃၊ တိုက်(၂၇)၊ ၉-လမ်း(B)၊ | ၄၀၂၊ တိုက်(၂)၊ ၁၂လမ်း(A) |
| | ယုဇနဥယျာဉ်မြို့တော်၊ | ယုဇနဥယျာဉ်မြို့တော်၊ |
| | ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ | ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ |
| | ဖုန်း-၀၉-၄၂၀၇၈၀၂၆၂ | ဖုန်း-၀၉-၂၅၂၄၇၅၄၄၉ |

## ကန့်ကွက်နိုင်ပါကြောင်း

